# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ်(၀၃၈)


# ရရှိ ပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရ ဆုပ်ကိုင် ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယနေ့အချိန်အခါသည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကရင်ပြည်နယ်နေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်တွင် ကရင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် မိမိတို့၏ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းကပင် မြန်မာနိုင်ငံအတွင်း စည်းလုံးညီညွတ်စွာဖြင့် အေးအတူပူအမျှ စုပေါင်းနေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ်၊ တိုင်းများ ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင် ကရင်လူမျိုးများ နေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်း စဉ်းစားလာကြကာ ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်

*စာမျက်နှာ ၃ ကော်လံ ၁* ✿

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေး၏ ဖိတ်ကြားချက်အရ မနီလာမြို့တွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ မကြာမီ သွားရောက်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရမ် ဒိုင်ကွမ်၏ ဖိတ်ကြားချက်အရ ဒါနန်းမြို့တွင်ကျင်းပမည့် အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေးပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၃)ကြိမ်မြောက် အေဆမ်(အာရှ-ဥရောပ)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် သတင်းစဉ်

# (၁၃) ကြိမ်မြောက် အေဆမ်(အာရှ-ဥရောပ)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၆**

(၁၃)ကြိမ်မြောက် အေဆမ်(အာရှ-ဥရောပ)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီအစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၃)ကြိမ်မြောက် အေဆမ် (အာရှ-ဥရောပ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✡




မြန်မာ့အလင်း

# ညှိနှိုင်းရေးတံခါးတို့ ဖွင့်လှစ်ကြပါစို့

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး ရှုထောင့်တစ်ခုတည်းမှ သုံးသပ်၍ ပြစ်တင် ဝေဖန်ကြပါသည်။ နိုင်ငံတကာအမြင်ရှုထောင့်မှကြည့်သော် တိုင်းရင်းသား ၁၃၅ မျိုးရှိသည်ကို နားမလည်နိုင်(တစ်နည်း) တိုင်းရင်းသားနှင့် နိုင်ငံသားကြား အဓိပ္ပာယ်ကွဲပြားခြားနားမှုရှိသည်ကို နားမလည်နိုင်။ လူသားတို့၏ အခြေခံ အခွင့်အရေးတို့ ဆုံးရှုံးနစ်နာနေသည်သာ အရေးကြီးသောကိစ္စရပ်ဖြစ်သည်ဟု နိုင်ငံတကာက ဆိုကြပါသည်။

နိုင်ငံတကာအနေဖြင့် နိုင်ငံတော်က ဘင်္ဂါလီမျိုးနွယ်တို့အနက်မှ ဥပဒေနှင့် အညီ နိုင်ငံသားဖြစ်သင့်ဖြစ်ထိုက်သူတို့အား နိုင်ငံသားအခွင့်အရေးပေးရန် သဘောတူပြီးဖြစ်သည်ကို အလေးအနက်အသိအမှတ်ပြုရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့က ဘင်္ဂါလီမျိုးနွယ်တို့အား တိုင်းရင်းသားမျိုးနွယ်စုတစ်စုအဖြစ် အဓိပ္ပာယ်သက်ရောက်စေမည့် အသိအမှတ်ပြုမှုမျိုး မလုပ်နိုင်သည်ကိုလည်း အလေးအနက် အသိအမှတ်ပြုရန်လိုအပ်ပါသည်။ နိုင်ငံတကာအနေဖြင့် နိုင်ငံတော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားကြသော ဘင်္ဂါလီမျိုးနွယ်တို့အား ပြန်လည်စိစစ်လက်ခံရန် သဘောတူညီပြီးဖြစ်သည်ကိုလည်း အလေးအနက် အသိအမှတ်ပြုရန် လိုအပ်ပါသည်။

နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းမှုကို လိုလားပါက အခြေခံကျသော လူမှု-နိုင်ငံရေးဆိုင်ရာ အချက်တစ်ရပ်ကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ၎င်းသည်မှာ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အနေဖြင့် ကျန်သော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လိုပါက ထိုကဲ့သို့ နေထိုင်နိုင်မည့် နည်းလမ်းကို ရှာဖွေရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အနေဖြင့် ကျန်သော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ မိမိနှစ်သက်ရာအမည် မိမိမှည့်ခေါ်၍ မိမိနှစ်သက်သလို နေထိုင်မည်ဟုဆိုပါက ကျန်သော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ပမာမခန့်ပြုလိုက်ခြင်းသာဖြစ်ပါသည်။ ညှို့သည်ဖြစ်သော ဘင်္ဂါလီမျိုးနွယ်တို့က အိမ်ရှင်ဖြစ်သော တိုင်းရင်းသားပြည်သူတို့၏ သဘောထားဆန္ဒကို ဂရုမစိုက်ဟု ဆိုလိုက်ခြင်းသည် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်မည့် လူမှု-နိုင်ငံရေးဆိုင်ရာ အခြေခံ လိုအပ်ချက်ကို ပစ်ပယ်လိုက်ခြင်းဖြစ်ပါသည်။

နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အား နိုင်ငံသား အခွင့်အရေးပေးအပ်သည့်လုပ်ငန်းစဉ်တို့ကို အကြောင်းပြု၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတို့အား ထိပါးလာစေနိုင်သည့် မည်သည့်လုပ်ရပ်ကိုမဆို လက်ခံမည်မဟုတ်ကြောင်း ရှင်းလင်းစွာ ထုတ်ဖော် ပြောဆိုသင့်ပါသည်။ နိုင်ငံတကာအနေဖြင့် ဘင်္ဂါလီမျိုးနွယ်တို့အား ပြန်လည် စိစစ်လက်ခံခြင်းနှင့် နိုင်ငံသား အခွင့်အရေး စိစစ်ပေးအပ်ခြင်း လုပ်ငန်းစဉ်နှစ်ရပ် ဆောင်ရွက်နေစဉ်ကာလအတွင်း ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုအတွက် တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့တို့နှင့် မည်သို့မည်ပုံ ညှိနှိုင်း ကူညီလိုသည်ကို အကြံပြုသင့်ပါသည်။ သို့သော် နိုင်ငံတကာက ပြုလုပ်ဆောင်ရွက်နေသည်မှာ တပ်မတော်နှင့် လုံခြုံရေး တပ်ဖွဲ့တို့အပေါ် အရေးယူဒဏ်ခတ်ခြင်းဖြစ်နေ၍ နားမလည်နိုင်စရာ ကိစ္စရပ်ဖြစ်နေပါသည်။ နိုင်ငံနှင့် လူမျိုးတစ်ရပ်လုံး ဖရိုဖရဲပြိုကွဲလုနီးပါးဖြစ်၍ လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စရပ်များ သမိုင်း စံချိန်တင်ဖြစ်ပွားနေသည့် ဆီးရီးယားပြည်တွင်းစစ်၌ပင် နိုင်ငံတကာက ဆွေးနွေးရေးတံခါးကို ဖွင့်လှစ်နိုင်ပါက ရခိုင်ပြည်နယ်အရေးကိစ္စ၌ ဆွေးနွေးရေး တံခါးမဖွင့်လှစ်ဟုဆိုပါက အကြောင်းယုတ္တိ မရှိပါ။ ဒဏ်ခတ် ပိတ်ဆို့ခြင်းသည် ဆွေးနွေးရေးတံခါးတို့ကို ပိတ်လိုက်ခြင်းဖြစ်ကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

စာအုပ်စာပေ လူ့မိတ်ဆွေ

## တရားမ အထွေထွေ လျှောက်ထားမှု (စာချွန်တော်) ခြောက်မှု စီရင်ချက်ချ၊ ခုနစ်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုတို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်တွင် ပြိုင်ပွဲဝင်ကြမည့် ဒိုးယိမ်းအဖွဲ့များအား ထောက်ပံ့

**ဘားအံ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလျက်ရှိသော ကရင်တိုင်းရင်းသားတို့၏ ၆၂နှစ်မြောက် ပြည်နယ်နေ့ ပွဲတော်တွင် ကရင်ရိုးရာ ဒိုးအကပြိုင်ပွဲဝင်ကြမည့် ဒိုးအဖွဲ့ဝင်များအား ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲ ကို နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီးနောက် ပြိုင်ပွဲဝင်ကြမည့် ဒိုးအဖွဲ့ ၁၆ ဖွဲ့ ပြိုင်ပွဲမတိုင်ခင်နှင့် ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအဆင်ပြေစေရန် အတွက် ဒိုးအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် ငါးသိန်းစီကို ပေးအပ်ရာ ဒိုးအဖွဲ့အုပ်ချုပ်သူများ ကလက်ခံယူကြသည်။ကရင်ပြည်နယ်နေ့ ပွဲတော်ကို နိုဝင်ဘာ ၇ ရက်တွင် ဘားအံမြို့ သီရိကွင်း အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**



## ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ထောက်ခံစာ ထုတ်ပေးထားသည့် (အထောက်အထားမဲ့) မြန်မာ အလုပ်သမားများအတွက် နှိုးဆော်ချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၆**

ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ထောက်ခံစာထုတ်ပေးထားသည့် (အထောက်အထားမဲ့) မြန်မာ အလုပ်သမားများသည် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အချိန်မီ CI စာအုပ်ထုတ်ယူနိုင်ရေး CI ထုတ်ပေးရေးစခန်းများ၌ ဦးစားပေးဆောင်ရွက်ပေးလျက်ရှိရာ အလုပ်သမားများအနေဖြင့် နီးစပ်ရာ Counter Service Co., Ltd. မှ ဝန်ဆောင်မှုပေးလျက်ရှိသော စတိုးဆိုင်များသို့ သွားရောက်၍ ငွေပေးသွင်းပြီး စခန်းများ၌ အမြန်ဆုံး သွားရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ် ခေါ် TR – 38) ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများ၊ ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ထောက်ခံစာထုတ်ပေးထားသည့် (အထောက်အထားမဲ့) မြန်မာအလုပ်သမားများကို မဟာချိုင် ၁ နှင့် ၂၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ချင်းမိုင်၊ နခွန်စဝမ်နှင့် ဆောင်ခလာမြို့တို့တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity - CI) ထုတ်ပေးရေးစခန်းများဖွင့်လှစ်ပြီး CI ထုတ်ပေးလျက်ရှိပြီး သတ်မှတ်ကာလထက် ပိုမိုကျော်လွန်နေထိုင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံ၏ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေအသစ် “Management of Alien Workers" အရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သဖြင့် CI စာအုပ်ထုတ်ယူနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ် ခေါ် TR – 38) ကိုင်ဆောင်ထားသည့်မြန်မာအလုပ်သမားများနှင့် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများကိုလည်း သတ်မှတ်သက်တမ်းရှိသည့် ကာလအတွင်း အချိန်မီ CI စာအုပ်များထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity - CI) ထုတ်ယူနိုင်ခြင်းနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက CI ထုတ်ပေးရေးစခန်း မဟာချိုင် (၁) ဖုန်း-၀၆၃၂၈၇-၉၂၇၉၊ ၀၈၇၄၃၀၈၀၄၉၊ ၀၉၄၆၇၂၇-၆၃၆၊ CI ထုတ်ပေးရေးစခန်း မဟာချိုင် (၂) ၀၈၂၄၃၁၄၂၂၂၊ ၀၈၆၉၄၈၉၄၈၀၊ ၀၉၈၃၅၁၅၈၁၅၊ CI ထုတ်ပေးရေးစခန်းစမုပရာကန် ၀၈၁၅၅၄၃၂၁၆၊ ၀၈၅၉၁၉၉၂၀၊ ၀၈၇၅၉၀၄၂၉၂၊ CI ထုတ်ပေးရေးစခန်း မဲဆောက် ၀၈၁၄၉၀-၉၆၇၈၊ ၀၉၆၆၅၉၈၈၉၉၊ ၀၆၃၄၅၁၀-၄၀၀၊ CI ထုတ်ပေးရေးစခန်း မယ်ဆိုင် ဖုန်း-၀၈၇၃၀၀၄၅၇၅၊ ၀၅၃၁၆၀၅၇၃၊ ၀၈၂၄၈၁၄၅၄၅၊ CI ထုတ်ပေးရေးစခန်း ရနောင်း ၀၈၆၂၈၀၂၅၃၇၊ ၀၉၈၀၈၃၄-၀၀၆၊ ၀၈၁၁၁၀၉၄၃၇၊ CI ထုတ်ပေးရေးစခန်း ချင်းမိုင် ၀၈၉၀၀၅၃၂၄၃၀၊ CI ထုတ်ပေးရေးစခန်း ဆောင်ခလာ ဖုန်း-၀၈၈၂၀၀၉၇၀၀၊ CI ထုတ်ပေးရေးစခန်း နခွန်စဝမ် ၀၈၁၄၉၀၉၆၇၈၊ ဦးမိုးအောင်ခိုင် (အလုပ်သမားသံအရာရှိ)၀၆၃၃၁၄၁-၉၉၂၊ ဦးအောင်ကိုသန်း (အလုပ်သမားသံအရာရှိ) ဖုန်း-၀၆၃၄၄၂၆၂၀၄၊ ဦးမျိုးထက်သူ (အလုပ်သမားသံအရာရှိ) ဖုန်း-၀၆၅၂၂၀၆၉၅၁၊ ဦးနိုင်မင်းသူ (အလုပ်သမား သံအရာရှိ) ၀၆၅၂၂၀၆၉၅၂၊ ဦးအောင်ခင်မြင့် (အလုပ်သမားသံအရာရှိ) ဖုန်း-၀၆၅၂၂၀၆၉၅၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၈၅ | ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၀ | ·၃ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၁၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၅ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ·၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ | ·၅၁ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ရှေ့ဖုံးမှ

အက်ဥပဒေအရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် လည်းကောင်း၊ ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခြင်းဖြင့် လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ် မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် လည်းကောင်း အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ရန် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်မှ စတင်၍ ကရင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆိုလျှင် (၆၂)နှစ်မြောက် ရှိပြီဖြစ်ပါသည်။

**အသီးအပွင့်များခံစားနိုင်**

မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၌ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူ၊ ပြည်နယ်သားများ လိုလားနေသော ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို စတင်ရရှိခံစားနိုင်ပြီဖြစ်ပါသည်။

**သားစဉ်မြေးဆက်ခံစားနိုင်ရေးတည်ဆောက်**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့်ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ယုံကြည်မှုအားနည်းခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည် အသီးအပွင့်များ ရရှိခံစားနေရပြီး ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါသည်။ ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ကရင်ပြည်နယ်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားတို့က နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက်လည်း တည်ဆောက်သွားရမည် ဖြစ်ပါသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဆောင်ရွက်နိုင်မှုသည် အရေးကြီးလှပါသည်။ နိုင်ငံတော်မှ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး ၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး အစီအမံများကို နိုင်ငံတော်မှ ဘဏ္ဍာငွေ မြောက်မြားစွာ ကျခံ၍ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသော စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

> “ယခုအခါ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူ၊ ပြည်နယ်သားများ လိုလားနေသော ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို စတင်ရရှိခံစားနိုင်ပြီဖြစ်”

# နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး H.E. Mr. Robert Chua အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး H.E. Mr. Robert Chua အား လက်ခံတွေ့ဆုံစဉ် သတင်းစဉ်

# နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး H.E. Mr. Robert Chua အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး H.E. Mr. Robert Chua တို့ တွေ့ဆုံဆွေးနွေးစဉ်** သတင်းစဉ်

✡ရှေ့ဖုံးမှ

### ညှိနှိုင်းလမ်းညွှန်

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃) ကြိမ်မြောက် အေဆမ် (အာရှ-ဥရောပ) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားသော ဆပ်ကော်မတီ အသီးသီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန် ရှိသည်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းလမ်းညွှန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Mr.Robert Chua အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Mr.Robert Chua တို့ တွေ့ဆုံဆွေးနွေးစဉ်**

သတင်းစဉ်

# မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့သည် ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်၊ ပြည်သူ့အကျိုးအတွက် ဖွဲ့စည်းပေးထားသော အဖွဲ့ဖြစ်သည်ကို ပြည်သူများက သိရှိအောင် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့(၁/၂၀၁၇) အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။ **(ယာပုံ)**



ပြည်သူများ နေ့စဉ်အသုံးပြုနေရသည့် သောက်ရေမှ အစပြုကာ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန် မှန်ကန်မှုရှိစေရန် လမ်းညွှန်ထိန်းချုပ်ပေးသော အလွန်အရေးကြီးသည့် အာဏာပိုင်အဖွဲ့ ဖြစ်ပါကြောင်း။

အဖွဲ့၏လုပ်ငန်းများ ပီပြင်ထိရောက်မှုရှိစေရန် အဖွဲ့တွင် ပါဝင်သင့်သူများ အားလုံးပါရှိအောင် ဖွဲ့စည်းရမည် ဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သော်လည်း အဖွဲ့ဝင်များမှာ သက်ဆိုင်ရာဌာနများ၏ မူလတာဝန်များကိုလည်း ထမ်းဆောင်ရသည့်အတွက် အဖွဲ့၏ လုပ်ငန်းဆောင်တာအနေဖြင့် ဆောင်ရွက်ရာတွင် အားနည်းမှုအချို့ ရှိခဲ့ပါကြောင်း။

ပြည်သူ့အကျိုးကို ရှေးရှု၍ ပြောင်းလဲလာသော အခြေအနေ၊ အချိန်အခါနှင့်အညီ အဖွဲ့၏လုပ်ငန်းများ ယခုထက်ပို၍ ပိုမိုပီပြင်ထိရောက်စေရန်အတွက် အဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး တစ်နှစ်ခွဲ၊ နှစ်နှစ်အကြာတွင် အဖွဲ့၏ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ကြစေလိုပါကြောင်း၊ လိုအပ်ချက် များကို မိမိတို့ဝန်ကြီးဌာနမှ ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နီးနွှယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ အနေဖြင့် လက်တွေ့ကျသော အကြံဉာဏ်များပေးကာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အစားအသောက်နှင့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများ အရည်အသွေးစစ်မှန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက မိမိတို့ဌာနများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး အာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသော နီးနွှယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မိမိတို့ဌာနများ၊ အဖွဲ့အစည်းများအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်


**နေပြည်တော် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၆ ရက်ည ၇ နာရီ မိုးလေဝသခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ထူးခြားသည့် အခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက် များအရ ထိုင်းပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားလျက်ရှိပြီး နောက် ၂၄ နာရီအတွင်း ထိုင်းနိုင်ငံကမ်းခြေကို စူရတ်သနီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ကာ ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။




**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ကျန်မြန်မာ့ပင်လယ်ပြင်တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**ထူးခြားသည့် ညအပူချိန်များ**

ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ ဟားခါးမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် သီပေါမြို့၊ နမ့်စန်မြို့နှင့် တီးတိန်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး ခန့်မှန်းချက်**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။


မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## ကလောမြို့ တန်ဆောင်တိုင် မီးရှော်တိုင်နှင့် မီးကြာဆန်အလှ ပဒေသာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကလော နိုဝင်ဘာ ၆**

ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင်ပွဲတော် (၁၅)ကြိမ်မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာဆန်အလှပဒေသာ ထွန်းညှိပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် ည ၇နာရီက ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ မောမြေဦး ပန်းခြံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကလောမြို့နယ်ရှိ တိုင်းရင်းသား၊ တိုင်းရင်းသူများက တိုင်းရင်းသားရိုးရာအကများ ကပြဖျော်ဖြေပြီး မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါပွဲတွင် မီးရှော်တိုင် ၂၈ တိုင်ပြိုင်ပွဲဝင် ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ IMPACT exhibition Center ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံပေါင်း ၄၀ ကျော်မှ တပ်မတော်အကြီးအကဲများ တက်ရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Gen. Prawit Wongsuwon က အဖွင့်မိန့်ခွန်းပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်လာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Gen.Prawit Wongsuwon က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အင်ဒိုနီးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Gatot Nurmantyo နှင့် ယနေ့ နံနက်ပိုင်းတွင် IMPACT exhibition Center ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးစခန်းများအား အင်အားသုံးအကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့် ဒေသခံတိုင်းရင်းသားများအား ရက်စက်စွာသတ်ဖြတ်ခဲ့မှု၊ အဆိုပါအခြေအနေများအား မီဒီယာများမှ



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Gatot Nurmantyo တို့ တွေ့ဆုံ ဆွေးနွေးစဉ်**

မိမိတို့အား စွပ်စွဲပြောကြား၍ သတင်းမှားများ ထုတ်လွှင့်နေမှု၊ မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိပြည်သူများအား အကြမ်းဖက်တိုက်ခိုက်မှုရန်မှ ကာကွယ်ရေးသည် ကမ္ဘာပေါ်တွင်ရှိသည့် တပ်မတော်သားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ လူမျိုးရေးမခွဲခြားဘဲ တပ်မတော်မှကူညီစောင့်ရှောက်ပေးနေမှုများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုသို့ဆောင်ရွက်နေမှုများအား ကမ္ဘာကသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်း ဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် G en. Haspong Yuvarnavandhana က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင် ရှင်းလင်းတင်ပြစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်**



**ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ရှင်းလင်းတင်ပြစဉ်**

❄ *ကျောဖုံးမှ*

ယခင်အစည်းအဝေးတွင် သောက်သုံးရေ အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်းအား ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး၊ ရေဥပဒေမူကြမ်းတွင် ပြင်ဆင်ဖြည့်စွက်ချက်များ၊ အခြားဥပဒေများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည့် အချက်များနှင့် ပတ်သက်၍ အကြံပြုရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝရေထွက်များ၏ စာရင်းများကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အား ဆွေးနွေးခဲ့ကြပါကြောင်း။

**ဦးစားပေး**

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့် လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်း၍ စိစစ်ပြီး မိမိတို့နိုင်ငံအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများအား ဦးစားပေးညှိနှိုင်း ဆောင်ရွက်ကြစေလိုပါကြောင်း။

စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်နွှယ်သည့် အခြားဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရေရှည်ပြန်လည်အသုံးချနိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မိမိတို့ကော်မတီအနေဖြင့် ရေဆိုင်ရာကဏ္ဍတွင် တိုင်းရင်းသားပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေး၊ ရေနှင့်ဆက်နွှယ်သည့် သဘာဝ ဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး၊ ရေရှည်တည်တံ့သော ရေအသုံးချမှုဖြစ်ပေါ်စေရေး၊ နယ်စပ်ဖြတ်ကျော်မြစ်များတွင် အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရေနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ နည်းပညာများ ရယူ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ရေဆိုင်ရာ အချက်အလက်များစုစည်းပြုစု၍ သတင်းအချက်အလက်များဖြန့်ဝေရေး၊ ရေဆိုင်ရာအသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ နိုင်ငံတော်မှ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပံ့ပိုးပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ကျင်းပသွားမည်**

မိမိတို့ကော်မတီအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်သော တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် အတွင်းရေးမှူးရုံးလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ရေညီလာခံသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ဖိတ်ကြားထားပြီး နိုင်ငံတော်အဆင့် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတွင် Thematic Session ၁၀ ခုဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး Session Chair, Session Organizer, Panelist/Presentor တို့အတွက် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ အာရှ ပစိဖိတ်ရေဖိုရမ်နှင့် ညှိနှိုင်း၍ မြန်မာဘက်မှ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ဝိုင်းဝန်း ပံ့ပိုးဆောင်ရွက်ရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့မှ ပညာရှင်များအားလုံး ပူးပေါင်းပါဝင်၍ ပံ့ပိုးကူညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ထိရောက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ တတိယအကြိမ် ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလားတူ ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးကလည်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ဝင်များက အမျိုးသားရေဥပဒေ(မူကြမ်း) ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် အကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးအကြံပြုချက်များအပေါ် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ငါးပြတိုက်ကြီး ဧပြီလတွင် ဖွင့်လှစ်သွားရန် ကြိုးပမ်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ၌ ငါး၊ပုစွန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမွေးငါးလုပ်ငန်း ကျယ်ပြန့်စွာ လုပ်ဆောင်သွားနိုင်ရန်အတွက် ရန်ကုန်မြို့ ငါးပြတိုက်ကြီးကို လာမည့်ဧပြီလတွင် ဖွင့်လှစ်သွားရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

“မကြာခင် ငါးနဲ့ပတ်သက်တဲ့ပြတိုက်ကြီးတစ်ခုကို ရန်ကုန်မြို့ကန်တော်ကြီးမှာ ဧပြီလအတွင်း ဖွင့်လှစ်သွားနိုင်ဖို့ဆောင်ရွက်နေပြီဖြစ်ပါတယ်၊ ဒီလိုဖွင့်လှစ်ဆောင်ရွက်တဲ့နေရာမှာ ငါးပြတိုက်ကြီးနဲ့အတူ ငါး၊ ပုစွန်ကဏ္ဍနဲ့အလှမွေးငါးတွေ မွေးမြူတဲ့ အတတ်ပညာတွေ၊ နည်းပညာတွေပေးနိုင်မယ့် အသက်မွေးသင်တန်းကျောင်းတစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်ဖို့လည်း ကြိုးပမ်းလျက်ရှိပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သော အသုံးချ ငါး၊ ပုစွန်မွေးမြူရေးသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံ၌ ငါး၊ ပုစွန်ကဏ္ဍသည် ဂျီဒီပီ တိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်နေ၍ အလွန်ပင်အရေးကြီးကြောင်း၊ မဖြစ်မနေ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရသာမက ပြည်ထောင်စုအစိုးရကပါလိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းညှိနှိုင်းရေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယင်းကော်မတီမှတစ်ဆင့် ငါး၊ ပုစွန်ကဏ္ဍတိုးတက်ရေးအတွက် အပေါ်အောက်ညှိနှိုင်းမှုများကို ချက်ချင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါး၊ ပုစွန်ကဏ္ဍတွင် ပုစွန်မွေးမြူထုတ်လုပ်ရေးနည်းပညာသည် အရေးကြီးကြောင်း ပုစွန်ကိုအရည်အသွေးပြည့်မီစွာ ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံတင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်လမ်းပိုင်းတို့ကို ဦးစားပေးပြုပြင်လျက်ရှိ




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **သရက်-မင်းဘူး မီးရထားလမ်းပိုင်းအား ယခုထက် ပိုမိုတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်** စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-သရက် လမ်းပိုင်းတွင် မင်းဘူး(၁/၂)အဆန်၊ အစုန် ရထား နှစ်စင်းအား ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှ စတင်၍ ယနေ့အချိန်အထိ (မင်းဘူးဘူတာမှ သရက်ဘူတာအထိ) ၂၆ ဘူတာ ပြေးဆွဲလျက်ရှိပါကြောင်း၊ အဆိုပါ ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့စဉ်က ကားလမ်းများ မဖွံ့ဖြိုးသေးခြင်းကြောင့် ရထားကို အဓိက စီးနင်းခဲ့ကြသော်လည်း ၂၀၁၁ ခုနှစ် နောက်ပိုင်းမှစ၍ နိုင်ငံတော်၏ စီမံကိန်းများကြောင့် ကားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်းကြောင့် လည်းကောင်း၊ မော်တော်ယာဉ် မူဝါဒပြောင်းလဲခဲ့မှုကြောင့် လည်းကောင်း၊ ပြည်သူအများစုမှာ ကိုယ်ပိုင်ယာဉ်များ ဝယ်ယူသုံးစွဲမှု များပြားလာခြင်းကြောင့် လည်းကောင်း၊ ရထားစီးခရီးသည်များ လျော့နည်းကာ ဝင်ငွေများ ကျဆင်းလာခဲ့ပါကြောင်း၊ မင်းဘူး-သရက်လမ်းပိုင်း လျာထားချက်ကိန်းဂဏန်းများသည် နှစ် ၃၀ စီမံကိန်း ရည်မှန်းချက်အပေါ် ကြိုတင်လျာထား ရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် အမှန်တကယ် စွမ်းဆောင်ချက်ဝင်ငွေသည် လျာထားချက်ဝင်ငွေထက် လျော့နည်းခဲ့ရခြင်းဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သရက်-မင်းဘူးလမ်းပိုင်း တော့င်တင်းခိုင်မာရေးအတွက် နိမ့်ကျွံပြီး မျက်နှာပြင်ကျဉ်းသော ရထားလမ်းတာပေါင်များအား မြေပြန်ဖို့ခြင်း၊ တောင်ပြိုမြေများ ဖယ်ရှားခြင်းနှင့် ရထားလမ်းဘေး ရေမြောင်းများ တူးခြင်း၊ ရေစား တာပေါင်များအား ရေကာတန်းများ ရိုက်ခြင်း၊ တံတားလေးစင်း ရေထွက်ဘက်တွင် Stone Gabian ပြုလုပ်ခြင်း၊ တံတားတစ်စင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းပေးခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ ကွန်ကရစ်ဇလီဖားလဲလှယ်ခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပြီး ခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရထားကွန်ရက်တစ်ခုလုံးအတွက် အရေးပါသော ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းတို့ကို ဦးစားပေး ပြုပြင်မွမ်းမံလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက် ဦးစားပေးအစီစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ရာ သရက်-မင်းဘူးလမ်းပိုင်းကို ရထားများ ဘေးအန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ရေးအတွက်သာ ထိန်းသိမ်းဆောင်ရွက်နေပါကြောင်းနှင့် အဆင့်မြင့်ပြုပြင်နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

> “သစ်တောမြေနှင့် မြေလွတ် မြေရိုင်းများပေါ်တွင် လုပ်ပိုင်ခွင့် ဂရန် ရရှိထားသူများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မူဝါဒ၊ ညွှန်ကြားချက်များဖြင့် ဆောင်ရွက်နေမှုများသည် ၎င်းမြေပေါ်ရှိ သိမ်းဆည်းခံ မူလ တောင်သူများကို နစ်နာမှုများရှိနိုင်သည့်အပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထိခိုက်နိုင်”

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ် နောင်လုံအင်း တိမ်ကောရေခန်းခြောက်မှုအား တူးဖော်ပြုပြင်ထိန်းသိမ်းပေးနိုင်ရန်နှင့် ၎င်းအင်းအတွင်း စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်လာခြင်းအတွက် နောင်လုံအင်း ရေဝေရေလဲ ဧရိယာအား ယခင်အတိုင်း တိကျစွာ သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့၏ တောင်ဘက်တွင် တည်ရှိသော နောင်လုံအင်းမှာ ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခုဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့်အတူ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိမ်ကောလာကာ ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလာလျက်ရှိသဖြင့် ပြန်လည်ပြုပြင်တူးဖော်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ နောင်လုံအင်းအား တူးဖော်ပြုပြင်ပေးရန်နှင့် ရေဝေရေလဲဧရိယာအား ယခင်အတိုင်း တိကျစွာ သတ်မှတ်တိုင်းတာပေးရန် ကိစ္စနှင့်ပတ်သက်၍ နောင်လုံအင်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု အောက်တွင် မရှိသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်တွင် နောင်လုံအင်းမြေနေရာသည် ကွင်းပြင်ပအင်းအိုင်မြေဖြစ်ပြီး ၎င်းအင်းအား ပြန်လည်တိုင်းတာရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီရယူ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နယ်နိမိတ်တိုင်းတာ သတ်မှတ်စေမည်ဖြစ်ပါကြောင်းနှင့် ပြီးစီးပါက နောင်လုံအင်း တူးဖော်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မူလ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာဦးလှဦး၊ ပေါက်တော မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံနှင့် ဗန်းမောက် မဲဆန္ဒနယ်မှ ဦးကျော်စိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်က **သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့် ခွင့်ပြုချက် အမျိုးမျိုးဖြင့် မြေ လက်ဝါးကြီးအုပ် ရယူထားမှုများ၌ ကာလအတန်ကြာ လုပ်ကိုင်ခဲ့ကြသော မူလ တောင်သူများနှင့် လုပ်ပိုင်ခွင့်ရထားသူများအကြား မြေယာ အငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများဖြင့် ပြန်လည်စိစစ် ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် သစ်တောနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေများကို နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ရည်မှန်းချက် ထားဆောင်ရွက်နေသည်ဟု သိရပါကြောင်း၊ သဘာဝသစ်တောကြီးများ အမြန်ပျောက်ကွယ်ခဲ့ရမှုကို တောင်သူများ၏ ခုတ်ထွင်ရှင်းလင်းမှုကြောင့် ဆိုသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့် မှန်သော်လည်း နိုင်ငံတော်၏ သစ်တောကြီးများ အလျင်အမြန်ပျောက်ကွယ်ခဲ့ရခြင်း၏ အဓိကအကြောင်းမှာ တရားဝင်၊ တရားမဝင် သစ်ထုတ်ယူခွင့်ပေးခဲ့ကြခြင်းကြောင့် ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် မူလ လုပ်ကိုင်ခဲ့ကြသော တောင်သူများ၏ မြေများကို လုပ်ပိုင်ခွင့် ခွင့်ပြုချက် ဂရန်အမျိုးမျိုးဖြင့် သိမ်းဆည်းထားကြသည့်သူများသည် ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဥပဒေစည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ မြေလက်ဝါးကြီးအုပ်၍ သစ်တောသယံဇာတ၊ သဘာဝသယံဇာတများကို စည်းကမ်းမဲ့ ထုတ်ယူမှုများ ရှိနေခြင်းကြောင့် လည်းကောင်း၊ အချိန်ကာလကြာရှည်စွာ နစ်နာနေကြသော တောင်သူများအတွက် နစ်နာမှုမရှိစေရေး ဖြေရှင်းပေးနိုင်ရန်အတွက်လည်းကောင်း၊ အမျိုးသားမြေ အသုံးချမှု မူဝါဒ အခန်း ၃ အခြေခံမူများ၏ အပိုဒ် ၈ တွင် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများပြည်သူ၏အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏ အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာပါက အများပြည်သူအကျိုးစီးပွားကို ဦးစားပေးရန်ဟု ဖော်ပြချက်များအရ လည်းကောင်း၊ သစ်တောမြေနှင့် မြေလွတ် မြေရိုင်းများပေါ်တွင် လုပ်ပိုင်ခွင့်ဂရန် ရရှိထားသူများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ မူဝါဒ၊ ညွှန်ကြားချက်များဖြင့် ဆောင်ရွက်နေမှုများသည် ၎င်းမြေပေါ်ရှိ သိမ်းဆည်းခံ မူလတောင်သူများကို နစ်နာမှုများ ရှိနိုင်သည့်အပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထိခိုက်နိုင်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် မေတ္တာလမ်း တတိယထပ် အမှတ် ၈၈၈ တွင် ပါတီရုံးချုပ်တည်ရှိသော အမျိုးသားတိုးတက်ရေးပါတီသည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တစ်ရက် တရားစခန်းရိပ်သာဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်အနီး ကျိုက်ဒေးစတိုး စေတီတော်မြတ်ကြီး၌ နိုဝင်ဘာ ၈ ရက်တွင် ဆရာဦးမြင့်အောင် (ကမ္မဋ္ဌာန်းနည်းပြ)က တစ်ရက်တရားစခန်းကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ယောဂီများအား တရားဟော၊ တရားထိုင်စေပြီး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းကမ္မဋ္ဌာန်းနည်းပြသည် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရား သုံးထပ်ဆောင်၌ ကြာသပတေးနေ့တိုင်းတွင် လည်းကောင်း၊ ကမာရွတ်မြို့နယ် မြကန်သာအိမ်ရာအနီး မြကန်သာဓမ္မာရုံ (ဆင်ရေတွင်းမှတ်တိုင်)၌ စနေနေ့တိုင်းတွင် လည်းကောင်း၊ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း ဇောတိကာရုံကျောင်းတိုက်၌ တနင်္ဂနွေနေ့တိုင်းတွင် လည်းကောင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ၊ မန္တလေးတိုင်းဒေသကြီးတွင် လေးလတစ်ကြိမ်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင်လည်း တစ်ရက် တရားစခန်းများဖွင့်လှစ်ထားပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏နည်းဖြင့် လွန်ခဲ့သည့် ငါးနှစ်မှစတင်ပြီး သာသနာပြုနေကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

# ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်အခြေချနေထိုင်သူများအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၆

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါက်တာ ကျော်ငွေ၏ **သနပ်ခါးပင်နှင့် သနပ်ခါးတုံးများကို အသေးစား သစ်တောထွက်ပစ္စည်း အဖြစ် သတ်မှတ်ထားပြီး ဒေသပေါက်စျေး၏ ၂၅ ရာခိုင်နှုန်းကို သစ်တောအခွန်တော်အဖြစ် ပေးဆောင်စေရမည်ဆိုသော ညွှန်ကြားချက်ကို လက်ရှိအခြေအနေနှင့် လျော်ညီအောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉၃၁/၂၀၁၇) ဖြင့် သစ်တောနယ်မြေပြင်ပ (ပုဂ္ဂလိက ပိုင်မြေနှင့် ကိုယ်ပိုင်ဥယျာဉ်ခြံမြေများ) တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် သနပ်ခါး၊ ဖာလာ၊ ဝဥ စသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအား သစ်တောဦးစီးဌာန၌ မှတ်ပုံတင်ခြင်းနှင့် ကူးသန်းရောင်းဝယ်ရန် အလို့ငှာ သယ်ယူပို့ဆောင်ခြင်းအတွက် မျှောစာနှင့် ထောက်ခံချက်ရယူခြင်းတို့အား ကင်းလွတ်ခွင့်ပြုကြောင်းနှင့် သစ်တောခွန်ကောက်ခံခြင်းအပေါ် ကင်းလွတ်ခွင့်ပြုခြင်းကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၄၊ ဇယား (က)၊ ၁၂ (ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ စီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်ရန် ထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၏ **ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာ အထက်ပိုင်း၊ လူနေအိမ်ခြေများ၊ မူလတန်းကျောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး စသည့် ကျေးရွာလူထုနေထိုင်ရာ မြေနေရာတို့ကို သစ်တောနယ်မြေမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း က ၂၀၁၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောများအတွင်း နှစ်ကာလရှည်စွာ ကျူးကျော်ဝင်ရောက်၍ အခြေချနေထိုင်မှုများအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးပါကြောင်း၊ မိုးမောက်မြို့နယ် မိုးမောက်ကြိုးဝိုင်းအတွင်းရှိ ကျောက်စခန်းကျေးရွာသည် နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ဝင်ရောက် စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ကြိုးဝိုင်းကျူးကျော်စာရင်း ကောက်ယူနိုင်ခဲ့ခြင်း မပြုနိုင်ဘဲ ကျောက်စခန်းကျေးရွာအား ကြိုးဝိုင်းရေိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

- **မိုးမောက်မြို့နယ် မိုးမောက်ကြိုးဝိုင်းအတွင်းရှိ ကျောက်စခန်းကျေးရွာသည် နယ်မြေဒေသ လုံခြုံရေး အခြေအနေအရ ဝင်ရောက် စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့**
- **ကြိုးဝိုင်း ကျူးကျော်စာရင်း ကောက်ယူနိုင်ခဲ့ခြင်း မပြုနိုင်ဘဲ ကျောက်စခန်းကျေးရွာအား ကြိုးဝိုင်းရေိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရ**

သို့သော် ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့၏ ဖန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေးကြည့်ရှုခဲ့သည့် ခရီးစဉ်အတွင်း ပြည်သူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ကျောက်စခန်းကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ခြင်း၊ ၂၀၁၃ ခုနှစ်အတွင်း ကြိုးဝိုင်းကျူးကျော်စာရင်းများ ကောက်ယူခဲ့ရာ၌ နယ်မြေအခြေအနေအရ စာရင်းကောက်ယူနိုင်မှု မရှိခဲ့ခြင်းများကြောင့် ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နေပြည်တော်ထံ မိုးမောက်ကြိုးဝိုင်းအတွင်းရှိသည့် ကျောက်စခန်းကျေးရွာအား ကွင်းဆင်းတိုင်းတာ စာရင်းကောက်ယူခွင့်ပြုရေး တင်ပြခဲ့ခြင်းအပေါ် ဦးစီးရုံးချုပ်၏ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၄ ရက်စွဲပါစာဖြင့် ကျောက်စခန်းကျေးရွာမြေနေရာ ပယ်ဖျက်ရေးနှင့် မိုးမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောများအတွင်း ကျူးကျော်နေထိုင်သည့် စာရင်းများကို ကွင်းဆင်းတိုင်းတာ စာရင်းကောက်ယူရေးအတွက် ကချင်ပြည်နယ်အစိုးရမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြရန် အကြောင်းကြားထားရှိပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မူလတန်းကျောင်းမြေနေရာအတွက် မြေအသုံးချလိုအပ်သည့် ပညာရေးဝန်ကြီးဌာနမှ စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ လျှောက်ထားတင်ပြရန် ဖြစ်ပါကြောင်း၊ လူနေအိမ်ခြေများ၊ ရပ်ကွက်များ၊ ကျေးရွာရုံးများ၊ ဆေးရုံ အစရှိသည်တို့ကို ကချင်ပြည်နယ် အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ညွှန်ကြားလာပါက ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ် လိုအပ်ချက်အပေါ် မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန်က အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်မှု ယန္တရား လည်ပတ်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်





**ရန်ကုန် နိုဝင်ဘာ ၆**

အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် ၃ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကျင်းပသည်။

### ဆွေးနွေး ပို့ချပေးသွားမည်

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက ယခုသင်တန်းကို နိုင်ငံ့တာဝန် စတင်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများနှင့် နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိက ကုမ္ပဏီ၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ စွမ်းဆောင်ရည် ပိုမိုမြှင့်တင်ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရေး၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အရာထမ်းလောင်းများနှင့် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများကို စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ ဥပဒေပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ နိုင်ငံရေး သိပ္ပံပညာဌာန၊ အင်္ဂလိပ်ဘာသာ ပညာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဌာန စသည့်ပညာဌာနခုနစ်ခုမှ သင်တန်း ဆရာ ဆရာမများနှင့် ပြည်တွင်း၊ ပြည်ပပညာရှင်များက နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိ ပြုစုထားသည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ဆွေးနွေးပို့ချပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

### ပြင်ဆင်ရေးဆွဲ

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan)၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေး သတ်မှတ်ချက်မူဘောင် (Civil Service Competency Framework)၊ ခေါင်းဆောင်မှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် (Leadership Development Scheme)၊ နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှု စစ်တမ်း (Public Perception Survey) များကို ဆောင်ရွက်လျက်ရှိပြီး EU GOPA နှင့်လည်း ပူးပေါင်းကာ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီ ဖက်ဒရယ်စနစ်ထွန်းကားရေး၊ စျေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏ စွမ်းအား (Ability) နှင့် စွမ်းဆောင်ရည် (Capability) တို့သည် အလွန်အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရေး ဆက်လက်ရှာဖွေ စုဆောင်း လေ့လာသွားရန် အနာဂတ် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို မောင်းနှင်ကြမည့် ယနေ့ သင်တန်းတက်ရောက်သည့် နိုင်ငံ့ဝန်ထမ်း အရာရှိလောင်းများ၊ ပုဂ္ဂလိကဝန်ထမ်း လူငယ်များအနေနှင့် မိမိတို့သိရှိထားပြီးဖြစ်သော ကျွမ်းကျင်မှုအလိုက် ရရှိထားသည့် အသိပညာ၊ အတတ်ပညာများကို အခြေခံပြီး ယခုသင်တန်းတွင် သင်ယူလေ့လာရရှိမှုများနှင့် ပေါင်းစပ်ကာ မိမိ၏ အတွေးအခေါ်၊ အသိဉာဏ်ပညာ၊ အရည်အချင်းများနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောကြားသည်။

### အကောင်းဆုံး ဝန်ဆောင်မှုပေး

ထို့ပြင် နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သင်တန်းသား၊ သင်တန်းသူ အရာရှိလောင်းများက တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ဦးကောင်း တစ်ယောက်ကောင်းမှတစ်ဆင့် အစုအဖွဲ့၊ ထိုမှတစ်ဆင့် ဝန်ထမ်းအဖွဲ့အစည်းအပေါ် သစ္စာရှိပြီး လိုလား တက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်လာကာ ယင်းစွမ်းဆောင်မှုတို့ဖြင့် ဝန်ထမ်းအဖွဲ့အစည်း၏ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပေးကြရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ၎င်းက ပြောကြားသည်။

### ဖွင့်လှစ်မည်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ တက္ကသိုလ်အကြံပေး အဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနကြီးမှူးများ၊ ပါမောက္ခ/ပညာဌာနမှူးများ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၁၁၄ ဦး စုစုပေါင်း ၁၇၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကျွန်တော်တို့ရဲ့ ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်၊ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးမှုဆက်စပ်နေတယ်၊ ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက် ငြိမ်းချမ်းမှုလည်း လိုက်ပါလာမှာ ဖြစ်ပါတယ်

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အနေဖြင့်လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေးအတွက် ပြီးခဲ့သည့်ရက်ပိုင်းက ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် မောင်တောဒေသသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။**

**အဆိုပါ UEHRD စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ပြည်သူများ ပိုမိုသိရှိနိုင်စေရန် UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ ထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကို ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းခဲ့တယ်ဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်ဖို့အတွက် ပြည်ထောင်စု စီမံကိန်းဆိုပြီး Union Enterprise for Humanitarian Assistance,Resettlement and Development ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီစီမံကိန်းဖွဲ့စည်းဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာ ၁၅ရက်မှာ ပြည်သူလူထုကို ရှင်းလင်းတင်ပြခဲ့တယ်။ အောက်တိုဘာ ၁၇ ရက်မှာ ဖွဲ့စည်းခဲ့တယ်။

ပြည်ထောင်စုစီမံကိန်းဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူ အားလုံးပါဝင်ပြီး ပြည်သူအားလုံးရဲ့အင်အားနဲ့ ဆောင်ရွက်မယ့် စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပထမအချက် အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဆိုပြီး အရှိန်မြှင့်ဆောင်ရွက်တာဖြစ်ပါတယ်။

ဒုတိယအချက်က စနစ်တကျ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေး ဖြစ်ပါတယ်။ လူကြောင့်ဖြစ်တဲ့ ပဋိပက္ခကြောင့်ပဲဖြစ်ဖြစ်၊ သဘာဝဘေးကြောင့်ပဲဖြစ်ဖြစ် ဖြစ်ပြီးရင် ပြန်လည်ထူထောင်တဲ့ လုပ်ငန်းဆိုတာလုပ်ရပါတယ်။ အခု ရခိုင်ပြည်နယ်မှာ ဖြစ်တာကတော့ လူကြောင့်ဖြစ်တဲ့ ပဋိပက္ခ ကြောင့်ဖြစ်တဲ့ ဘေးဖြစ်ပါတယ်။ ဒီဘေးနဲ့ ပတ်သက်လို့ ပြန်လည် ထူထောင်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့၊ ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားတဲ့၊ နိုင်ငံအတွင်းမှာ နေထိုင်ခဲ့တဲ့ သူတွေကို စနစ်တကျနဲ့ ပြန်လည်လက်ခံဖို့ဖြစ်ပါတယ်။

တတိယအချက်ကတော့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည် ပဋိပက္ခကင်းဝေးရေး ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို

> **"ဩဂုတ် ၂၅ ရက်ကတည်းက လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ ပြည်သူတွေ အားလုံး ပူးပေါင်းပြီး အဓိက ဆောင်ရွက်ခဲ့ပါတယ်၊ အစိုးရအနေနဲ့ တကယ်ကို အင်တိုက်အားတိုက် ချက်ချင်းရတဲ့နည်းနဲ့ ဆောင်ရွက်ခဲ့တာ ရှိပါတယ်၊ အခု ထောက်ပံ့တဲ့ အစီအစဉ်က ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ အားလုံးကို လွှမ်းခြုံနိုင်အောင်ဆိုပြီး အရှိန်မြှင့် ဆောင်ရွက်တာဖြစ်ပါတယ်"**

အလုပ်လုပ်နေတဲ့နေရာမှာ အဆင်မပြေတာတွေ၊ စားဝတ်နေရေး အဆင်မပြေတာ တွေရှိတဲ့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီကို ပိုပြီးထိထိရောက်ရောက် ကူညီဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဩဂုတ် ၂၅ ရက်ကတည်းက လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ ပြည်သူတွေ အားလုံးပူးပေါင်းပြီး အဓိက ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရအနေနဲ့ တကယ်ကို အင်တိုက်အားတိုက် ချက်ချင်းရတဲ့ နည်းနဲ့ ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ အခုထောက်ပံ့တဲ့ အစီအစဉ်က ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ အားလုံးကို လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ခြင်းအားဖြင့် နောက်ထပ် ပဋိပက္ခဖြစ်ပွားမှုကို လျှော့နည်းစေတဲ့ သဘောရှိပါတယ်။ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးရေး တစ်ဆက်တည်းမှာပဲ ရေရှည်ပဋိပက္ခ ကင်းဝေးရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေနဲ့ ပြည်ထောင်စုစီမံကိန်းကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**မေး။ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၅ ရက်နေ့က ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်ကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်းက ပြည်သူတွေ အိုးပစ်အိမ်ပစ်ပြီး ဘယ်လောက်ထွက်ပြေးခဲ့ရသလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ဩဂုတ်လ ၂၅ ရက်နေ့က ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်ကြောင့်ကြကြတယ်။ ဒေသခံတိုင်းရင်းသားတွေ အလွန်ကြောက်ရွံ့ပြီး နေရပ်ကို စွန့်ခွာကြတယ်။ မနေရဲကြတော့ဘူး။ စွန့်ခွာမှု တကယ်အဖြစ်များခဲ့တဲ့ နေရာတွေကတော့ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် ဖြစ်ပါတယ်။ မောင်တောကနေ ၂၇၂ ရွာ၊ ဘူးသီးတောင်ကနေ ၂၉ ရွာ၊ ရသေ့တောင်ကနေ ၁၈ ရွာ။ အဲဒီရွာတွေက နေအိမ်တွေ မီးလောင်ပျက်စီးဆုံးရှုံးခဲ့တယ်။ အဲဒီရွာတွေက လူတွေ အကုန်လုံးနီးပါး ပိုပြီးလုံခြုံစိတ်ချရမယ်ဆိုတဲ့ နေရာတွေကို ထွက်ပြေးလာကြတယ်။ အများစုကတော့ စစ်တွေ ရောက်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

**မေး။ UEHRD လည်း ဖွဲ့စည်းပြီးပြီဆိုတော့ နေရပ်စွန့်ခွာသူတွေအနေနဲ့ နေရပ်ကို ပြန်လည်နေထိုင်ဖို့ ဘယ်လို ဆောင်ရွက်နေလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ အဲဒီဒေသအတွက် လက်ရှိအခြေအနေမှာ လုံခြုံစိတ်ချရဖို့က အရေးကြီးပါတယ်။ လုံခြုံစိတ်ချမှုရှိပြီဆိုရင် သူတို့ရဲ့ မူလနေရာတွေကို ပြန်ရောက်ဖို့ရှိပါတယ်။ မူလနေရာကကျေးရွာမှာ ဒီအတိုင်းပဲ အိမ်တွေ၊ ယာတွေရှိနေမယ်ဆိုရင် တက်နေရုံပါပဲ။ ဒါပေမယ့် တချို့ မြို၊ ဒိုင်းနက်အစရှိတဲ့ တိုင်းရင်းသားလူနည်းစုရွာတွေကျတော့ လုံးဝ မီးလောင်သွားတာ တွေ့ရှိရပါတယ်။ ပြန်လည်နေရာချထားရေးဆိုတာ အလွန်အရေးကြီးလာပါတယ်။

သူတို့ မီးမလောင်တဲ့ရွာတွေက ဆွေမျိုးသားချင်းတွေ၊ အသိတွေဆီမှာ ပူးပေါင်းနေထိုင်နေရတာတွေ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ အရေးပေါ်ဆောင်ရွက်ပေးရပါမယ်။ ပြန်လည်နေရာချထားတဲ့အခါမှာ ပိုစိတ်ချရတဲ့ပုံစံနဲ့ တိုင်းရင်းသားလူနည်းစုတွေကို စုစုစည်းစည်းဖြစ်အောင် သူတို့နေရာတွေကို ပြန်လည်ဆောက်လုပ်ပေးပါမယ်။

**မေး။ အားလုံးပါဝင်ဆောင်ရွက်ရေးဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ဒါနဲ့ပတ်သက်ပြီး ပြည်ထောင်စုစီမံကိန်းကြီးဆိုတာ ပေါ်ပေါက်လာပါတယ်။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ပြည်သူလူထုနဲ့ သက်ဆိုင်ရာတာဝန်ရှိတဲ့ အကြီးအကဲတွေ အားလုံး ဦးဆောင်ပြီးတော့ ပါဝင်ဆောင်ရွက်လာတာ တွေ့ရပါတယ်။ အခုစီမံကိန်းမှာ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ရှိပါတယ်။ ညှိနှိုင်းရေးမှူးချုပ်က ပြည်သူထဲကနေ လှူဒါန်းချင်တဲ့ ဆန္ဒရှိတဲ့ လူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဖောင်ဒေးရှင်းတွေ၊ ပါဝင်ဆောင်ရွက်မယ့်သူတွေ၊ ပြည်သူပြည်သားတွေ၊ ပြည်တွင်းလုပ်ငန်းရှင်တွေ၊ ပြည်တွင်းမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေ၊ ဆောင်ရွက်ချင်တဲ့လူတွေကို စုစည်းညှိနှိုင်းပေးပါတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေလုပ်တာ၊ နေရာချဖို့အတွက် စီစဉ်တဲ့နေရာမှာ အားလုံးက ဝိုင်းဝန်းပြီး ဒီကိစ္စကို စတင်ဆောင်ရွက်နေပါတယ်။ စတင်တဲ့အခါမှာ အဖွဲ့တွေ ဖွဲ့ပါတယ်။ ဆွေးနွေးတိုင်ပင်တာတွေလုပ်ပါတယ်။ လိုအပ်ချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ကျွန်တော်တို့ စီမံကိန်းမှာ တာဝန်ရှိတဲ့သူတွေ ညှိနှိုင်းပါတယ်။ ပြည်သူတွေကလည်း အရေးကြီးပါတယ်။ ဒေသခံပြည်သူတွေနဲ့လည်း ညှိနှိုင်းဖို့လိုပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၈ ရက်နဲ့ ၂၉ ရက်မှာ ဒေါက်တာအောင်ထွန်းသက်နဲ့ ကျွန်တော် ရခိုင်ဒေသကို ရောက်တယ်။ လူမှုအဖွဲ့အစည်းတွေနဲ့တွေ့ပါတယ်။ ကျွန်တော်တို့ရဲ့လုပ်ငန်းမှာ အဓိကပါဝင်မယ့်သူတွေက လူငယ်ထုတွေဖြစ်တယ်။ မြန်မာနိုင်ငံမှာက အင်မတန်မှကောင်းတဲ့ တက်ကြွတဲ့ လူငယ်ထုအင်အားတွေ ရှိပါတယ်။ လူငယ်တွေ ပါဝင်ဆောင်ရွက်လို့ရအောင် လူမှုအဖွဲ့အစည်းတွေလည်း ဒီကိစ္စကို သိအောင်ဆိုပြီး လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့တာရှိပါတယ်။ ဒီလိုတွေ့ဆုံတဲ့အခါမှာ ဘယ်လိုဖြစ်ချင်တယ်ဆိုတဲ့ သူတို့ရဲ့ဆန္ဒတွေ၊ ခံစားချက်တွေ၊ ယုံကြည်မှုတွေကို သိရတဲ့အခါ အင်မတန်မှ ကောင်းပါတယ်။ ကျွန်တော်တို့ ဒါတွေအကုန်လုံးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဖြစ်ချင်တဲ့ဆန္ဒတွေ၊ လိုလားချက်တွေနဲ့ တကယ်လက်တွေ့မြေပြင်မှာဖြစ်နေတဲ့ အဖြစ်အပျက်တွေကို စဉ်းစားဆောင်ရွက်ရမယ်။ ပြောမယ်ဆိုရင် ရခိုင်ဒေသရဲ့ကိစ္စဟာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်ရုံသာမက တစ်ကမ္ဘာလုံးနဲ့ ပတ်သက်လာတယ်။ ဒါကြောင့်မို့ ဆက်စပ်ပြီး စဉ်းစားဆောင်ရွက်ရမယ့် ကိစ္စတွေ အများကြီးရှိလာတယ်။ ဒါတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

*ဆက်လက်ဖော်ပြပါမည်*



## စစ်တွေ၌ ပိဋကပါတ်ဆွမ်းလောင်းလှူပွဲ ပြည်သူများ သဒ္ဓါတရား ထက်သန်စွာ လောင်းလှူ

**စစ်တွေ နိုဝင်ဘာ ၆**

စစ်တွေမြို့၌ အစဉ်လာမပျက်ပြုလုပ်လာကြသော ပိဋကပါတ်ဆွမ်းလောင်းလှူပွဲတွင် ပြည်သူများအနေဖြင့် သဒ္ဓါတရား ထက်သန်စွာဖြင့် တက်တက်ကြွကြွ လောင်းလှူနေကြသည်ကို တွေ့ရသည်။

တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက် အရုဏ်တက်အချိန်မှ စတင်ကာ ရဲနွယ်စုရပ်ကွက်က ကြီးမှူးပြီး မကျည်းမြိုင်ရပ်ကွက်က ပူးပေါင်းပါဝင်သည့် (၁၇) ကြိမ်မြောက် ပိဋကပါတ် ဆွမ်းလောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၇၀ ကျော်မှ သံဃာတော်နှင့် သီလရှင်များ ကြွရောက်ကြသည်။

လမ်းစဉ်တစ်လျှောက်ရှိ ရဲနွယ်စုရပ်ကွက်၊ ကသည်းရပ်ကွက်၊ မကျည်းမြိုင်ရပ်ကွက်၊ ညေဝတီရပ်ကွက်နှင့် ပြည်နယ် အကူရဲတပ်ဖွဲ့နှင့် စေတနာရှင်ပြည်သူများက ဆွမ်း၊ ဟင်းများအပြင် လှူဖွယ်ဝတ္ထုများနှင့် နဝကမ္မငွေများကို လောင်းလှူကြသည်။ ယခုနှစ် ဆွမ်းလောင်းလှူပွဲသည် ယခင်နှစ်ကထက် စည်ကားကြောင်း ပြည်သူများ၏ ပြောပြ ချက်များအရ သိရသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ- ညေစော**

## မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ စိုးဝင်း ဦးဆောင်သော အဖွဲ့သည် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးခရိုင် မြေပုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနသို့ရောက်ရှိ၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျွဲနွားမွေးမြူရေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာများ၊ မျိုးမြှင့်တင်ခြင်း ဆိုင်ရာများနှင့် ဌာန၏ ဆောင်ရွက်လျက် ရှိသော လုပ်ငန်းစဉ်များကို ဆွေးနွေး ပြောကြားသည်။

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်၊ ဆိတ်ခြောက်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်သုံး ကောင်နှင့် ငါးခူရ ပတ်ဝန်းကျင်ကျေးရွာ တို့ရှိ နွားသုံးကောင်၊ ဆိတ်နှစ်ကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင် ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ဆေးကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း သုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၅၈ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၀၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# UEHRD ပြည်ထောင်စု စီမံကိန်းလုပ်ငန်းစဉ်တွင် ပြည်သူမှ ပြည်သူသို့ အကူအညီပေးရေး လူငယ်ထု တစ်ရပ်လုံး ပါဝင် ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စု စီမံကိန်း (UEHRD) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း လူငယ်များအတွက် လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပရာ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက် အမှာစကားပြောကြားသည်။




**လူငယ်ထု၏ အင်အားဖြင့် ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက UEHRD စီမံကိန်းသည် ပြည်သူ့အားဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုတစ်ခုလုံး ပါဝင်သော စီမံကိန်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဘေးဒဏ်ခံစားရသည့် ရခိုင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်း အပါအဝင် ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခကင်းဝေးရေး စသည့်လုပ်ငန်းစဉ် ၃ ရပ် ပါဝင်ပါကြောင်း၊ ပြည်သူ့အင်အားဖြင့် ဆောင်ရွက်ရာတွင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီကို လူငယ်ထု၏ အင်အားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လူငယ်များသည် အလားအလာကောင်းများကိုပိုင်ဆိုင်ပြီး နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ဆင့်ကမ်း တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များ၏ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မဟာဗျူဟာ လမ်းညွှန်ချက်များကို ချမှတ်ပေးနိုင်ရေး တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်**

ရခိုင်ပြည်နယ်တွင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို နည်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးအပ်လျက်ရှိကြောင်း၊ ပိုမိုထိရောက်စေရန် UEHRD ပြည်ထောင်စု စီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များကို လုပ်ငန်းခွင် အကြိုသင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်သကဲ့သို့ လူငယ်များ၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စု ချစ်စိတ်ကို ဖော်ပြရာလည်း ရောက်ပါကြောင်း၊

အစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီကျကျ ရေးဆွဲခဲ့သော လူငယ်မူဝါဒကို အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများဖော်ဆောင်ရန် အားထုတ်ကြိုးပမ်းမည့် အစီအစဉ်များအတွက် အထောက်အကူဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုဆောင်ရွက်နေသော လုပ်ငန်းသည် နိုင်ငံရေးအတွက် လူငယ်များကို အသုံးချခြင်းမဟုတ်သည်ကို ပွင့်ပွင့်လင်းလင်း ပြောထားလိုကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ဆောင်ရွက်နေချိန်တွင် လူငယ်များ၏ ပါဝင်မှု၊ ရပ်တည်မှုနှင့် စွမ်းပကားမြင့်မားရေး၊ အရည်အချင်း တိုးတက်ကောင်းမွန်ရေးများသည် နိုင်ငံတော်၏အနာဂတ် အကောင်းအဆိုးကို ဖော်ညွှန်းမည်ဖြစ်ပါကြောင်း၊ လူမျိုး ဘာသာ ခလေ့ထုံးတမ်းစဉ်လာ မတူညီသော်လည်း နိုင်ငံတော်အတွင်းမှီတင်း နေထိုင်ကြသူ အားလုံးကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိသော၊ သာတူညီမျှဖြစ်သော၊ လိုအပ်ချက်အမှန်ကို ဖြည့်ဆည်းပေးနိုင်သော၊ ကူညီထောက်ပံ့မှုမျိုးဖြစ်စေရန် ကြိုးစားဆောင်ရွက်စေမည် ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ အရည်အသွေးကို ပိုမိုမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောသည်။

**ပြည်သူတစ်ရပ်လုံး ပါဝင်မည့်စီမံကိန်း**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ဖြစ်ပေါ်နေသော ရခိုင်ပြည်သူများ၏အရေးသည် အမျိုးသားရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ထိပါးရေးအထိ ရောက်ရှိခဲ့သော အခြေအနေဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုစီမံကိန်း UEHRD သည် ပြည်သူတစ်ရပ်လုံးပါဝင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဟူသော ရည်ရွယ်ချက် ၃ ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း ဘေးဒဏ်ခံ ပြည်သူများကို အကူအညီပေး ရေးတွင် လူငယ်များ၏ ထက်သန်သော ရည်မှန်းချက်ဖြင့် မိမိတို့၏ စွမ်းရည်များကို ပြသခွင့်ရသည့် အခြေအနေတစ်ရပ်ပင် ဖြစ်ကြောင်း၊ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းသည် ဒီမိုကရေစီ ကူးပြောင်းရေးကာလအတွက် ထူးခြားမှုရှိကြောင်း၊ အစိုးရဦးဆောင်သည့် ပြည်ထောင်စုစီမံကိန်းသည် ပြည်သူမှ ပြည်သူသို့ ထောက်ပံ့ကူညီမှုပြုခြင်း ဖြစ်ကြောင်း၊ ဘေးဒုက္ခကြုံတွေ့ရသော ပြည်သူများကို ငြိမ်းချမ်းစွာ နေထိုင်နေရသော ပြည်သူများက ကူညီဆောင်ရွက်မှုတွင် လူငယ်များ၏ ပါဝင်မှုအတွက် အစိုးရသည် ဆက်ထုံးအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ သတင်းနှင့် ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြင့်၊ ရခိုင်ဒေသခံ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းသို့ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား စုစုပေါင်း ၈၃ ဦး တက်ရောက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားရသူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို မိသားစုလက်ဝယ်အရောက် အဖွဲ့တစ်ဖွဲ့လျှင် ၂၀ စီပါဝင်သော လူငယ်အဖွဲ့များဖွဲ့စည်း၍ တစ်ကြိမ်လျှင် ရက် ၂၀ ကြာ အလှည့်ကျ သွားရောက် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရိတ်သိမ်းလိုက်တဲ့ စပါးတွေ ဘယ်လောက် ရတယ်ဆိုတာ စနစ်တကျ ကိန်းဂဏန်းနဲ့ နိုင်ငံတော်က စီမံခန့်ခွဲနိုင်အောင် တင်ပြမှာပါ

စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် တွေ့ဆုံခြင်း

## တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ-သတင်းအဖွဲ့

**စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ဘူးသီးတောင်၊ မောင်တောဒေသရှိ ရင့်မှည့်နေသောမိုးစပါးများကို နိုဝင်ဘာလဆန်းမှ စတင်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီအထိ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းသွားမည်ဖြစ်သည်။ ထို့ကြောင့် စက်မှုလယ်ယာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးစိုးလှိုင်အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



ဦးစိုးလှိုင် (ညွှန်ကြားရေးမှူးချုပ်) စက်မှုလယ်ယာ ဦးစီးဌာန

**မေး။ ။စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ မောင်တောဒေသမှာ ဘာတွေ အကောင်အထည်ဖော် ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။အခု ဘူးသီးတောင်၊ မောင်တောဒေသမှာ စပါးတွေက ရင့်မှည့်နေပြီဖြစ်ကာ စပါးတွေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ကျွန်တော်တို့မှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သရွေ့ ဆောင်ရွက်နေတာပါ။ အခုဆိုရင် နိုင်ငံတော်ပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ဝယ်ထားတဲ့ ရိတ်သိမ်းခြွေလှေ့စက် ၁၈ စီး စုစုပေါင်း ၃၂ စီးနဲ့ ရင့်မှည့်နေတဲ့ စပါးတွေ အလေအလွင့်မရှိအောင် အတတ်နိုင်ဆုံး ရိတ်သိမ်းနေပါတယ်။ စပါးတွေ ရိတ်သိမ်းတဲ့ အခါမှာလည်း ရိတ်သိမ်းတဲ့ ကွင်းအလိုက်၊ ကွင်းနံပါတ်နဲ့ အကွက်လိုက်၊ အကွက်လိုက် ပိုင်ဆိုင်မှုပေါ်မှာ မူတည်ပြီးတော့ ထွက်လာတဲ့ စပါးရဲ့ ပမာဏကို မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ပိုင်ဆိုင်မှု၊ ထွက်လာတဲ့စပါးပမာဏကို တွဲပြီးတော့ စာရင်းဇယားတွေ လုပ်ထားပါတယ်။ ရိတ်သိမ်းပြီး စပါးတွေကို ပြည်နယ်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ရိတ်သိမ်းပြီးစပါးများ ထိန်းသိမ်းလက်ခံရေး ကော်မတီကို ကျွန်တော်တို့ စာရင်းဇယားနဲ့ စနစ်တကျ အပ်နှံနေပါတယ်။

**မေး။ ။ရင့်မှည့်နေတဲ့စပါးတွေကို ဘယ်ကာလအထိ လူအင်အား၊ စက်အင်အား ဘယ်လောက်အသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့ပေးသွားမလဲ၊ ရိတ်သိမ်းနိုင်တဲ့ စပါးအရေအတွက် ဘယ်လောက်ရှိနိုင်မလဲဆိုတာ ဖြေပေးပါခင်ဗျာ။**

ဖြေ။ ။ရိတ်သိမ်းတဲ့ကာလကို သတ်မှတ်ထားတာကတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကိန်းဂဏန်းတွေအရဆိုရင် ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ လယ်ဧက ခုနစ်သောင်းကျော်အနက်မှာ အောင်မြင်ဖြစ်ထွန်းနေပြီး မဖြစ်မနေ ရိတ်သိမ်းပေးရမယ်လို့ ယူဆရတဲ့ လယ်ဧကလေးသောင်း ဝန်းကျင်လောက် ရှိတာပေ့ါ။ အဲ့ဒီလေးသောင်းကျော်မှာ ကျွန်တော်တို့ ကွင်းဆင်းကြည့်တဲ့ အခါမှာတော့ ကျွဲ၊ နွားတွေ စားသွားတဲ့ စပါးခင်းတွေ ရှိတယ်။ အချို့စပါးခင်းတွေကျတော့ ချောင်းကူးမြောင်းကူးနဲ့ ကျွန်တော်တို့ စက်ကြီးတွေဘယ်လိုမှ မဝင်နိုင်တဲ့ စပါးခင်းတွေ ရှိတယ်။ ကျွန်တော် မျှော်မှန်းတာကတော့ ရိတ်သိမ်းခြွေလှေ့စက် ၃၂ စီးနဲ့ အခု နိုဝင်ဘာကနေ ဇန်နဝါရီအထိ သုံးလအတွင်း ဧကနှစ်သောင်းကိုတော့ ရိတ်သိမ်းပြီး အပ်နှံသွားမယ်လို့ စီစဉ်ထားပါတယ်။ ဝန်ထမ်းကတော့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဝန်ထမ်းအရေအတွက်နဲ့ မလုံလောက်လို့ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးတွေကနေ ထပ်မံခေါ်ယူပြီး စက်မောင်း၊ စက်ပြင် စက်မှုလယ်ယာဝန်ထမ်း ၁၀၀ နီးပါးလောက်နဲ့ အလှည့်ကျမောင်းနှင်နိုင်အောင် ခေါ်ယူရိတ်သိမ်းပေးနေပါတယ်။

**မေး။ ။အခုရိတ်သိမ်းပြီး စပါးတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ကျွန်တော်တို့က ရိတ်သိမ်းလိုက်တဲ့ အကွက်လိုက် အကွက်လိုက်ကို စပါးဘယ်လောက်ရတယ်ဆိုတာ စနစ်တကျ ကိန်းဂဏန်းနဲ့ နိုင်ငံတော်က စီမံခန့်ခွဲနိုင်အောင် တင်ပြမှာပါ။ စပါးတွေက ဒီအတိုင်းထားရင် အမှည့်လွန် ကြွေကျမှာပါ။ ကျွန်တော်တို့ စက်မှုလယ်ယာ ဦးစီးဌာနအနေနဲ့ ဒီအချိန်မှာ အတတ်နိုင်ဆုံးလာရောက် ဖြည့်ဆည်းပေးတာပါ။

**မေး။ ။ဒီဒေသမှာ လာရောက်ပြီး တာဝန်ထမ်းဆောင်နေထိုင်တဲ့ ဝန်ထမ်းတွေအတွက် ဘယ်လိုများ စီစဉ်ဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ။ဝန်ထမ်းတွေအတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကလည်း မှာပါတယ်။ အဓိကကတော့ အန္တရာယ်မဖြစ်စေဖို့ မောင်တောမှာ စခန်းတစ်ခန်း ဖွင့်ပါတယ်။ ကွင်းထဲမှာဆိုရင်တော့ ဦးစီးအရာရှိ ခေါင်းဆောင်တဲ့

*စာမျက်နှာ ၁၀ သို့*



# World Vision မှ လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ကျပ် သိန်း ၅၀၀ တန်ဖိုးရှိ ရေသန့်ဆေးထုပ် ၁ သန်းအား UEHRD သို့ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

World Vision မှ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် မြန်မာငွေ သိန်း ၅၀၀ တန်ဖိုးရှိ ရေသန့်ဆေးထုပ် ၁ သန်း အား UEHRD သို့ ယနေ့ မွန်းလွဲပိုင်းတွင် လာရောက် လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ခံသည်။

**ချေးငွေ ကိစ္စရပ်များ ဆွေးနွေး**

ထို့နောက် World Vision အနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် မြို့နယ်နှင့် ကျေးရွာများတွင် အကောင်အထည်ဖော်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အသေးစားချေးငွေ စီမံကိန်း ကိစ္စရပ်များအား ဆွေးနွေးသည်။

**ပူးပေါင်းပါဝင်**

ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခုလို ရေသန့်ဆေးပြားများ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး ဝန်ကြီးဌာနနှင့် ရှေ့ဆက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စရပ်များ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေသော လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးရေးလုပ်ငန်းများတွင် World Vision အနေဖြင့် ပူးပေါင်းပါဝင်နိုင်မည့် ကဏ္ဍများအား အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# စစ်တွေမြို့၌ ပြည်သူ့ဝန်ဆောင်မှုသင်တန်း Civil Service Training ဖွင့်လှစ်

စစ်တွေ နိုဝင်ဘာ ၆

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျာမန်ဖောင်ဒေးရှင်း(Konrad- Adenauer- Stiftung)နှင့် ပညာအသင်း( Panna Institute) တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဝန်ဆောင်မှုသင်တန်း (Civil Service Training) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ Hotel Memory ခန်းမ၌ ကျင်းပသည်။**




သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးကျော်အေးသိန်းက ပြည်သူ့ရေးရာ စီမံခန့်ခွဲခြင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲခြင်းများတွင် လိုက်နာရမည့် ကျင့်ဝတ်များ၊ ပြည်သူ့ရေးရာ၊ မူဝါဒရေးရာ၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သင်ခန်းစာများနှင့် ပြည်သူ့စီမံကိန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာများကို ပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိလာသည့် အတွေ့အကြုံများကို မိမိတို့၏ လုပ်ငန်းများတွင် ပြန်လည် အသုံးချနိုင်ရန် လေ့လာမှတ်သားကြစေလိုကြောင်း ပြောသည်။ ထို့နောက် ISEAS မှ ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းပို့ချမည့် အစီအစဉ်များအား လည်းကောင်း၊ Konrad- Adenauer- Stiftung မှ ဒေါ်ခင်သူဇာထွန်းက သင်တန်း ဖွင့်လှစ်ရခြင်းအား လည်းကောင်း ရှင်းလင်းပြောကြားသည်။

"ဒီသင်တန်းမှာ သင်တန်းတက်ရောက်ကြတဲ့ အရာရှိတွေက ပြည်သူ့ရေးရာ မူဝါဒတို့၊ ပြည်သူ့ဆက်ဆံရေးတို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို လက်တွေ့ကျင့်သုံးနေတဲ့သူတွေ ဖြစ်ပါတယ်၊ ကျွန်မတို့အနေနဲ့ ဖြည့်ဆည်းပေးနိုင်တာကတော့ သီအိုရီအနေနဲ့ ကြည့်မယ်ဆိုရင် သူတို့တွေ လုပ်နေတဲ့ လုပ်ငန်းတွေဟာ ဘယ်လို သီအိုရီနဲ့ ကိုက်ညီမလဲ၊ လက်တွေ့ ဒီထက် ပိုပြီး ကောင်းအောင်လုပ်ဖို့အတွက် နောက်အဆင့်တွေအနေနဲ့ ဘယ်လိုဆက်လက်ကောင်းအောင် လုပ်ဆောင်နိုင်မယ်ဆိုတာကို အထောက်အပံ့ဖြစ်နိုင်ပါတယ်၊ ဒီသင်တန်းမှာ တက်ရောက်နေသူတွေအနေနဲ့ သူတို့ဖော်ဆောင်မယ့် ပြည်သူ့အကျိုးအတွက် လုပ်ငန်းတွေလုပ်တဲ့ အခါမှာပိုပြီးတော့ ထိထိရောက်ရောက် လုပ်နိုင်မယ် ဆိုလို့ရှိရင် ပြည်သူလူထုအတွက် များစွာ အကျိုးရှိနိုင်မယ်"ဟု သင်တန်းဆရာမ ဒေါ်စိန့်ရီထက်က ပြောသည်။

ပြည်သူ့ဝန်ဆောင်မှုသင်တန်းကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်တွင် ၁၀ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငါးကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ၁၄ ကြိမ် စုစုပေါင်း ၂၉ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကာ ယနေ့တွင် ရခိုင်ပြည်နယ်၌ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်အဆင့် အရာထမ်း ၃၀ တက်ရောက်ကြပြီးသင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

ကွင်းအဖွဲ့တွေနဲ့ ကျွန်တော်တို့က စခန်းတွေဖွင့်ပြီး ဆောင်ရွက်ပါတယ်။ ဝန်ထမ်းတစ်ယောက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆောင်ရွက် ပေးနေတဲ့အပြင် နိုင်ငံတော်ကိုလည်း တင်ပြဖို့ လုပ်နေပါတယ်။ ဝန်ထမ်းတွေ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ ဌာနအနေနဲ့ အတတ်နိုင်ဆုံး လုပ်ဆောင်နေပါတယ်။

**မေး။ ။အခု ရိတ်သိမ်းနေတဲ့ စက်တွေကို ဘယ်လိုဆက်လက်ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ။အခုရိတ်သိမ်းနေတဲ့ စက်တွေက ထားခဲ့မှာပါ။ နောက်ပိုင်း ရခိုင်ပြည်နယ်မှာ အခက်အခဲတစ်ခုခု ဖြစ်ရင် ဆောင်ရွက်နိုင်အောင် ဖြည့်ဆည်းထားတဲ့ စက်တွေ ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မှာ ရိတ်သိမ်းစက် ၁၄ စီးလုံး ထားခဲ့မှာပါ။

**မေး။ ။ရှေ့ဆက်ပြီး စက်မှုလယ်ယာကဏ္ဍကို ဆက်လက်အကောင်အထည်ဖော်သွားမယ့်အကြောင်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ဟိုးအရင်တုန်းကတော့ ကျွန်တော်တို့ စက်မှုလယ်ယာက ထွန်စက်တို့၊ ရိတ်သိမ်းခြွေလှေ့စက်တို့ကို တောင်သူက ငှားရမ်းရင် ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းကို လုပ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ပုဂ္ဂလိကပိုင် ထွန်စက်ကြီးတွေနဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေကို ကိုယ်ပိုင်ဝယ်ယူပြီး အငှားလိုက်တဲ့လုပ်ငန်းတွေက တော်တော်များများ ဖြစ်ထွန်းလာပါတယ်။ ကိုယ်ပိုင်စက် ဝယ်ယူသုံးတဲ့ တောင်သူတွေရှိသလို အငှားဝန်ဆောင်မှုလုပ်တဲ့သူတွေလည်း ရှိလာပါပြီ။ ဒါကြောင့် ကျွန်တော်တို့ စက်မှုလယ်ယာက ဒါတွေကို ဦးစားပေးမလုပ်တော့ဘဲ တောင်သူလိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်အောင်လုပ်ပါမယ်။ ဒါပေမယ့် ပုဂ္ဂလိကကဏ္ဍပိုင်းမှာ ကျွန်တော်တို့ စိတ်ပူတာက လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူသုံးစွဲပေမယ့် ပြင်ဆင်မှုလုပ်ငန်းအပိုင်းက သိပ်မရှိပါဘူး။ စက်အသစ်မှာ ပြဿနာမရှိပေမယ့် နှစ်ကြာလာတာနဲ့အမျှ တာဝန်ယူ ဆောင်ရွက်ပေးမယ့်သူတွေ လိုလာပါပြီ။ အဲ့ဒီအတွက် စက်မှုလယ်ယာလုပ်ငန်းတွေအနေနဲ့ နဂိုမူလက လုပ်ဆောင်တဲ့ အရာတွေကို တဖြည်းဖြည်း လွှဲပြောင်းပြီး တောင်သူတွေ မျှော်လင့်တဲ့ စက်ပြင်ဆင်ရေး အပိုင်းကို အဓိကထားလုပ်ဆောင်ဖို့ မျှော်မှန်းပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်မှုလယ်ယာ နည်းပညာရပ်တွေက အခြားဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့ စက်ကိရိယာ အသုံးပြုမှုထက်စာရင် တော်တော်များများ လိုအပ်ပါတယ်။ ဒါကြောင့် လယ်ယာသုံး စက်ကိရိယာ ဝယ်ယူထားတဲ့ တောင်သူတွေနဲ့ အခြားပုဂ္ဂလိကပိုင်းက သူတွေကို နည်းပညာဖြန့်ဖြူးပေးဖို့ ဆောင်ရွက်ပါမယ်။ နောက်တစ်ချက် လိုအပ်တာက ကျွန်တော်တို့ ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ စက်မှုလယ်ယာ သုတေသနနဲ့ သုတေသန လုပ်ငန်းရပ်ပိုင်းကို ဆောင်ရွက် သွားပါမယ်။ နောက်ကျွန်တော်တို့ စက်မှုလယ်ယာမှာ ဗဟိုသင်တန်းကျောင်းတွေ ရှိပါတယ်။ မိတ္ထီလာနဲ့ ပဲခူးဘုရားကြီးမှာ ရှိပါတယ်။ အဲဒီသင်တန်းကျောင်းတွေက ယခင်က ဝန်ထမ်းအတွက်ပဲ ဖွင့်ပေးမယ့် အခု တောင်သူတွေအားလုံးအတွက် သူတို့တက်ချင်တဲ့ စက်မောင်း၊ စက်ပြင် ပညာရပ်တွေကို အဓိကထားပြီး တောင်သူတွေကို Training လေ့ကျင့်မှုအပိုင်းတွေ တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့ ကျွန်တော့်အနေနဲ့ ရည်မှန်းထားပါတယ်။

ကျေးဇူးတင်ပါတယ်။ ။




# ကျောက်ဖြူမြို့၌ မီးလောင်မှု ဖြစ်ပွားခဲ့သော အိမ်ထောင်စုများအား မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**စစ်တွေ နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက်၌ နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲတွင် လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာတွင် ပါဝင်သွားသည့် အိမ်ထောင်စုများအတွက် မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ယနေ့နံနက် ၈ နာရီခွဲတွင် တပ်ဖွဲ့မှူး ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်သည်။

ကျောက်ဖြူမြို့၌ မီးလောင်ရာတွင်ပါဝင်သွားသည့် ငါး၊ ပုစွန် အဝယ်ဒိုင် ၁၁ ဒိုင်၊ လူနေ အိမ် ၁၆ လုံး ၊ လူဦးရေ ၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်အတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းပုံး ၊ အမျိုးသား ၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ အိပ်ရာခင်း၊ အရေးပေါ်အိမ်ဆောက်ပစ္စည်းများ၊ ကျောင်းသား ၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် အဝတ်အထည်များကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စက်မှုလယ်ယာမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်း ခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့ စက်ကိရိယာများအား အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူ၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်ကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ စုစုပေါင်း ၄၆၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေးကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ စုစုပေါင်း ၄၄ ဒသမ ၅ ဧကကို ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရဲတပ်ဖွဲ့ဝင် လေးဦးအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်သို့ ကန့်ကွက်စာပေးပို့


**နေပြည်တော် နိုဝင်ဘာ ၆**

မောင်တောမြို့နယ် နယ်စပ်မှတ်တိုင် (၄၅) နှင့် (၄၆) အကြား၌ ယမန်နေ့ ညနေပိုင်းတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေပြီး နယ်စပ်ခြံစည်းရိုးများအား လိုက်လံစစ်ဆေးနေသည့် ရဲတပ်ဖွဲ့ဝင်လေးဦး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲရေးမှူးက ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့အရှေ့တောင်ပိုင်းတိုင်းဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် ဒေသကွပ်ကဲရေးမှူးထံ ကန့်ကွက်ကြောင်း အကြောင်းကြားစာကို ယနေ့ ရက်စွဲဖြင့် ပေးပို့ထားကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် နယ်စပ်မှတ်တိုင် (၄၅) ကင်းစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက နယ်စပ်ခြံစည်းရိုးများအား လိုက်လံစစ်ဆေးနေစဉ် မှတ်တိုင် (၄၅) နှင့် (၄၆) အကြားအရောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း ကိုက် ၁၀၀ ခန့်အကွာရှိ တောင်ကုန်းတစ်ခုပေါ်မှ လက်နက်ငယ်များဖြင့် အချက် ၂၀၊ ၃၀ ခန့် ပစ်ခတ်ခံခဲ့ရသည်။

ထိုသို့ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် မိမိတို့ တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ လက်နက်ကိုင်အဖွဲ့အစည်းများက ယခုကဲ့သို့ သေနတ်ဖြင့် ပစ်ခတ်ခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးသား နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချင်းချင်း ရေရှည်ဆက်ဆံရေး ထိခိုက်စေနိုင်သည့်အပြင် နိုင်ငံတကာ၏ ပြယုဂ်အတွက်လည်း မကောင်းနိုင်ကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ လည်းကောင်း၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်အချင်းချင်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍ လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မိမိတို့ တပ်ဖွဲ့ဝင်များအား သေနတ်ဖြင့်ပစ်ခတ်ခဲ့သော လက်နက်ကိုင်များကို စိစစ်ဖော်ထုတ်ပေးနိုင်ပါရန်နှင့် နှစ်နိုင်ငံ အပြန်အလှန် သတင်းဖလှယ်၍ အခြေအနေပြန်ကြားပေးနိုင်ပါရန် အကြောင်းကြားစာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် (၄၅)နှင့် (၄၆)ကြား ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ

❖ ကျော့ဖုံးမှ

အဆိုပါကျေးရွာများသို့ သွားရောက်ရှာဖွေရာ ကျောက်ပန္နကျေးရွာအလယ်ရှိ တောင်ကုန်းငယ်၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ငါးပေရှိ သစ်လုံးများမိုးထားပြီး ပျဉ်ခင်းထားသော လူလုပ်လိုဏ်ဂူတစ်ခုကို တွေ့ရှိခဲ့ကာ စစ်ဆေးတွေ့ရှိချက်များအရ ယခင်က အကြမ်းဖက်သမားများ ရိက္ခာနှင့်ဆေးဝါးများ သိုလှောင်ခဲ့သည့် ခြေရာလက်ရာများကို ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

ဆက်လက်၍ သဘော်ကွေ့ကျေးရွာသို့ သွားရောက်ရှာဖွေရာ ကျေးရွာ၏ အရှေ့ဘက်တောင်ကုန်း၌ အမြင့် လေးပေ၊ အနံ သုံးပေရှိပြီး ကျောက်သားအား ထွင်းထားသော လိုဏ်ဂူတစ်ခုအား ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါလိုဏ်ဂူသည် အပေါက်ဝမှ ပေ ၃၀ ခန့်ဝင်ရောက်သွားပါက လမ်းခွဲ နှစ်ခုရှိကာ ယာဘက်လမ်းခွဲ၏ အရှည်သည် ပေ ၄၀ ခန့်ရှိပြီး ဘေးဝဲယာနံရံများ၌ နှစ်ပေခန့်ရှိ လူနေထိုင် အိပ်စက်နိုင်ရန် နေရာများနှင့် အဆုံး၌ ငါးပေ ပတ်လည်အကျယ်ရှိ မြေလွတ်နေရာတစ်ခုရှိကြောင်း၊ ဝဲဘက်လမ်းခွဲ၏ အရှည်သည်လည်း ပေ ၄၀ ခန့် ရှည်လျားပြီး ဘေးဝဲယာနံရံများ၌ နှစ်ပေခန့်ရှိ လူနေထိုင် အိပ်စက်ရန်နေရာများနှင့် လမ်းအဆုံး၌ ထွက်ပေါက်တစ်ခုတို့ကို ပြုလုပ်ထားကြောင်းနှင့် ၎င်းလိုဏ်ဂူသည် ယခင်က အကြမ်းဖက်သမားအင်အား ၂၀ မှ ၂၅ ဦးခန့်နေထိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး လိုဏ်ဂူအတွင်းမှ ဆန်အိတ်ပိုင်း ငါးပိုင်း၊ ဆီပုံးခွံ တစ်ခု၊ သဘော်ကွေ့ကျေးရွာနေ မာမတ်တူဆောင်း(ဘ)မိုဟာမတ်ကာလာမျာနှင့် ကျောက်ပန္နကျေးရွာနေ အဒူဟာလိပ်(ဘ)အာဘူဟာရှိန်းတို့၏ အမည်များပါရှိသည့် ကျောင်းသားကတ် နှစ်ခု၊ ကိုရမ်ကျမ်းစာအုပ် သုံးအုပ်နှင့် ဟောင်းနွမ်းနေသည့် အင်္ကျီ သုံးထည်တို့အား ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ လိုဏ်ဂူများတွေ့ရှိခဲ့သည့် ကျေးရွာများနှင့် အနီးတစ်ဝိုက်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေး ရှာဖွေလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**




## မောင်တောမြို့နယ်၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရခိုင် အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပချီးယားတန်းကျေးရွာတွင် နိုဝင်ဘာ ၂ ရက်က ဓား၊ ရဲတင်း၊ သံတုတ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုတွင် ပါဝင်သူ ARSA အစွန်းရောက်အကြမ်းဖက်သမား သုံးဦးအား နိုဝင်ဘာ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ ပချီးယားတန်းကျေးရွာ (လူမနေ) ပုစွန်ကန်အနီး တောစပ်၌ နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီက သရေကုန်းကျေးရွာနေသူ ဦးလှသန်းမောင် (၅၃ နှစ်)ပါ ခုနစ်ဦးသည် လူစုခွဲပြီး ငါးရှာရန် သွားရောက်စဉ် ဘင်္ဂါလီ သုံးဦးက ဓား၊ ရဲတင်း၊ သံတုတ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဦးလှသန်းမောင်၏ ကျောကုန်း၊ ဝဲနံ၊ ခြေသလုံး ဝဲ၊ ယာပေါင်၊ ထိုးသွင်းဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ယင်းအမှုနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၃ ရက်တွင် တရားခံများ ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အခင်းဖြစ်ရာ နေရာတစ်ဝိုက်တွင် လိုက်လံရှင်းလင်းစဉ် မိုဝင်ချောင်းဝကင်းစခန်းနှင့် ဂေါ်ဒူသာရချောင်းဝကြား ပင်လယ်ကမ်းခြေတွင် ရောက်ရှိသော နေရပ်စွန့်ခွာသူများထဲမှ ဘူးသီးတောင်မြို့နယ် ပြင်းတောင်ရွာနေ မာမွတ်ရှုကူ (၂၇ နှစ်)၊ မာမွတ်ရော်ဖိ (၂၂နှစ်)နှင့် ဇူဘိုင်(၁၅နှစ်)တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ARSA အစွန်းရောက် အကြမ်းဖက်သမားတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်လှေခါးကျေးရွာတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားတစ်ဦး နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

မောင်တောမြို့နယ် ကျောက်လှေခါးကျေးရွာအတွင်း မသင်္ကာဖွယ်ရာ လူတစ်ဦး ရောက်ရှိနေကြောင်း နိုဝင်ဘာ ၁ ရက်နေ့ ညနေ ၄ နာရီခွဲတွင် သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းရာ မိကျောင်းတက်ကျေးရွာနေသူ အလ်နာ (၂၃ နှစ်)အား ဖုန်းတစ်လုံးနှင့် တစ်ဖက်နိုင်ငံသုံး Robi တံဆိပ်ပါ ဆင်းကတ်တစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် အလ်နာ (၂၃ နှစ်)သည် ဇွန် ၃၀ ရက်က မောင်တောမြို့နယ် ပြင်ဖြူကျေးရွာ ဈေးတန်းရှိ ပုဇွန်ဒိုင်၌ ထိုင်နေသော ပေါင်းဇာရွာနေ ရာအိမ်မှူး မာမွတ်တာမောက်မာမတ်အာရပ်ဖ်ပါ ငါးဦးအား လဘော်ဇားကျေးရွာဘက်မှ ဓားများဖြင့် လာရောက်တိုက်ခိုက်ခဲ့ကြသည့် ၁၅ ဦးထဲမှ လွတ်မြောက်သွားသည့် တရားခံဖြစ်ကြောင်း သိရသည့်အတွက် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့ ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် National Verification Card များ ပြုလုပ်ပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၆**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေအရ National Verification Card (NVC) မရရှိသေးသူ ကျား၊ မ ၁၁၅ ယောက်အား မောင်တောမြို့ ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ယနေ့မွန်းလွဲမှ စတင်၍ NV ကတ်ပြားများကို မောင်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မင်းက "မောင်တောမြို့နယ် ရွှေဇားအနောက်ရွာက ဘင်္ဂါလီတွေ အများစုနေထိုင်တဲ့ ရွာပါ။ ဒီမှာ ရွှေဇားရွာအုပ်စု သုံးစုရှိပါတယ်၊ အလယ်ရွာ၊ အနောက်ရွာ၊ မြောက်ရွာပါ။ ဒီနေ့က ကျား၊ မ ၁၁၅ ယောက် လာလုပ်တယ်၊ ကျွန်တော်တို့ အခု လုပ်ပေးနေတာက National Verification Card (NVC) ရဲ့ ပထမခြေလှမ်းပါ"ဟု ပြောသည်။

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စုတွင် အောက်တိုဘာ ၁၂ ရက်က စတင်၍ National Verification Card (NVC) များကို စတင်လုပ်ဆောင်ပေးခဲ့ပြီး ယနေ့အထိ ကတ်လုပ်ပြီးသူ ၅၂၄ ယောက် ရှိကြောင်း သိရသည်။

"၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေအရ သူတို့သည် ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်ရမယ်၊ သူတို့ရဲ့ အချက်အလက်ကို ကျွန်တော်တို့က တောင်းဆိုရမယ်၊ တောင်းဆိုတဲ့အခါ မငြင်းဘဲနဲ့ ဒီဥပဒေတွေကို လိုက်နာပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ဥပဒေအရ ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ရမယ်၊ အထောက်အထား တစ်မျိုးမျိုး မရှိဘဲ နေလို့ရတဲ့ နိုင်ငံဆိုတာ ကမ္ဘာမှာ ဘယ်နိုင်ငံမှ မရှိပါဘူး၊ သူတို့ကို ဒါတွေနဲ့ ပတ်သက်ပြီး ပညာပေး စည်းရုံး လှုံ့ဆော်ဟောပြောနေပါတယ်၊ မီဒီယာကနေတစ်ဆင့်လည်း ပြောပြနေပါတယ်"ဟု ဦးအောင်မင်းက National Verification Card လုပ်ဆောင်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြသည်။

National Verification Card လာရောက်လုပ်ဆောင်သူ ဟိန္ဒူဘာသာဝင် ဂေါရာဇ်ကုမာရ် (အသက် ၁၈ နှစ်)က "သွားလာလို့ရအောင် ကတ်လာလုပ်တာပါ၊ ကတ်မရှိရင် ဘယ်မှ သွားလို့မရဘူး၊ အိမ်မှာရှိတဲ့ မိသားစုဝင် ငါးယောက်စလုံး NV ကတ် လာလုပ်ကြတယ်၊ NV ကတ် လာလုပ်တဲ့အတွက် အခကြေးငွေ ပေးစရာမလိုဘဲ နေ့ချင်းပြီး လုပ်ဆောင်ပေးပါတယ်"ဟုပြောသည်။

National Verification Card ရရှိထားသူများသည် နိုင်ငံခြားသားအဖြစ် ထုတ်ပေးခြင်းမဟုတ်ဘဲ NVC ကတ် ကိုင်ဆောင်ထားသူများအား သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်နှင့် ဝန်ကြီးဌာနဆင့်ဆင့် စိစစ်အတည်ပြုပြီးပါက နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားအသိအမှတ်ပြုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**

# ဘိုကလေး၌ ဆီဖြည့်နေစဉ် မီးလောင်၍ နေအိမ် ၁၀ လုံး ဆုံးရှုံး

**ဘိုကလေး နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ ၁ ရပ်ကွက် ဒုတိယလမ်း ရွှေငါးကြီးဆိပ်အနီး နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီ မိနစ်၂၀ ခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘိုကလေးမြို့ပိုလ်တေဇလမ်း ရွှေငါးကြီးဆိပ်အနီးရှိ ဦးသံချောင်းလေးဆီဆိုင်မှ အလုပ်သမားဖြစ်သူ အောင်ဖြိုးဦးက ပလတ်စတစ်ပုံးများအတွင်းသို့ ဆီဖြည့်နေစဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ကနဦး သိရသည်။

ဖြစ်စဉ်ကြောင့် နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၃ စု မီးဘေးသင့်ခဲ့ကြောင်း သိရသည်။ မီးဘေးသင့်ပြည်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီချို၊ ဌာနဆိုင်ရာများနှင့် ဒေသခံများပူးပေါင်း၍ ဘိုကလေးမြို့ညောင်ပင်လေးကျောင်းတိုက်၌ နေရာချထားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ရွှေနိုင်(ဘိုကလေး)**



မီးလောင်မှုဖြစ်ပွားသည့်နေရာအား မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်

# တနသ်ာရီမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ သုံးဦး သေဆုံး

**မြိတ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ချောင်းလမုကျေးရွာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၇၁/၂ဖာလုံ၌ နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ကျောက်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိမှု ဖြစ်ပွားခဲ့ရာမှ သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း နေမင်းနိုင် (၃၂)နှစ် သုခ ၆ လမ်း တိုးချဲ့ ရပ်ကွက် မြိတ်မြို့နေသူသည် ယာဉ်အမှတ် TNI 3I /---- ခြောက်ဘီး ကျောက်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ အောင်မျိုးသူ (ခ) သားကြီး (၃၂)နှစ် ချောင်းလမုကျေးရွာနေသူ မောင်းနှင်ပြီး အနောက်တွင် သမီးဖြစ်သူ မဝိုင်းစံပယ်ဖူး (၉နှစ်)နှင့် သားဖြစ်သူ မောင်ကြည်သူစိုး (၆နှစ်)တို့အား တင်ဆောင်ပြီး စာသင်ကျောင်းသို့ မောင်းနှင်လာစဉ် ချောင်းလမုကျေးရွာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၇၁/၂ဖာလုံ အရောက်တွင် တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်မျိုးသူ၊ မဝိုင်းစံပယ်ဖူးနှင့် မောင်ကြည်သူစိုးတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း နေမင်းနိုင်နှင့်အောင်မျိုးသူတို့အား တနင်္သာရီမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် အရက်သေစာ သောက်စားမူးယစ်သူများကို ဖမ်းဆီး အရေးယူ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် လူမှုကိစ္စများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးအတွက် အများပြည်သူနှင့်သက်ဆိုင်သည့် လူစည်ကားရာ ပန်းခြံများ၊ လမ်းဆုံ လမ်းခွများ၊ တံတားများနှင့် လူသွား စင်္ကြံများပေါ်တွင် ဝိုင်းဖွဲ့၍ အရက်သေစာ သောက်စား မူးယစ်သူများကို နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ အသိပညာပေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင်ကာ ပညာပေးကာလ တစ်လ သတ်မှတ်၍ လိုက်လံဟောပြော ပညာပေးခဲ့ပြီးနောက် ပညာပေးကာလ တစ်လပြည့်မြောက်သည့် အောက်တိုဘာ ၃၀ ရက်မှစ၍ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် အရက်



သေစာသောက်စား မူးယစ်သူများကို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် သက်ဆိုင်ရာ မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် အရက်သေစာသောက်စားသူများအား ဖမ်းဆီးခဲ့ရာ အရှေ့ပိုင်းခရိုင် မြို့နယ်များအတွင်းရှိ လမ်းဆုံ၊ လမ်းခွ၊ လမ်းတံတားများပေါ်မှ ၄၅ ဦး၊ အနောက်ပိုင်းခရိုင် မြို့နယ်များအတွင်းရှိ အင်းလျားကန်ပေါင်မှ ၆၆ ဦး၊ လူကူးခုံးကျော်တံတားပေါ်မှခုနစ်ဦး ၊ ကမ်းနားမြစ်ဆိပ်ဇောတံတားပေါ်မှ ၁၂ ဦး၊ တောင်ပိုင်းခရိုင် မြို့နယ်များအတွင်းရှိ လမ်းဆုံ၊ လမ်းခွမှ သုံးဦး စုစုပေါင်း ၁၃၃ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမှုစုစုပေါင်း ၆၀ မှု ဖွင့်လှစ်ကာ သက်ဆိုင်ရာ ရဲစခန်းများတွင် ရန်ကုန်ရဲအက်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**

# နိုင်ငံခြားသား ခြောက်ဦး တင်ဆောင်လာသည့် သုံးဘီးယာဉ် တိမ်းမှောက်၍ သုံးဦး ဒဏ်ရာရ

**ဘားအံ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်တံတားအနီး ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ်( ၃/၃)နှင့် (၃/၄)အကြားတွင် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က နိုင်ငံခြား ခရီးသွားလေ့လာသူများ တင်ဆောင်လာသည့် သုံးဘီးဆိုင်ကယ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

သတင်းအရ ဘားကပ်ရဲကင်း စခန်းမှူး ရဲအုပ်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဟန်မင်း(၅၇နှစ်)(၄/၁၇၆) သုဝဏ္ဏလမ်း ဘားအံမြို့နေသူ မောင်းနှင်သည့် သုံးဘီးဆိုင်ကယ် အမှတ် ၁ ဟ/----ဖြင့် ဘားအံမြို့ ၃ ရပ်ကွက် ဒေါနလမ်းရှိ တော်ဝင်ရတနာဟိုတယ်၌ တည်းခိုနေသည့် ဘယ်လ်ဂျီယံနိုင်ငံသားများဖြစ်သည့် Mrs.Hage Maa ပါ ခြောက်ဦးအား တည်းခိုရာ ဟိုတယ်မှ ဘုရင့်ညီ ဂူသို့ အလည်အပတ် သွားရောက်ရန် တင်ဆောင်လာစဉ် သံလွင်တံတား(ဘားကပ်ဘက်ခြမ်း)၊ ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ်( ၃/၃)နှင့် (၃/၄)အကြား အရောက် လမ်းဘေးသို့ အရှိန်လွန်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံသူများ ဖြစ်သည့် Mrs.Have Maa၊ Mrs. Ait Braham Ezoui ၊ Mrs. Benkara Khadidja နှင့် ခရိုအေးရှားနိုင်ငံသူ Mrs. Skarica Farida တို့ ဒဏ်ရာများရရှိ၍ ဘားအံပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးဘီးဆိုင်ကယ်ယာဉ်မောင်း ဟန်မင်းအား ဘားအံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# လူသတ်၍ နေအိမ်ကိုပါ မီးရှို့ထွက်ပြေးသူအား ဖမ်းဆီးရမိ

**ပဲခူး နိုဝင်ဘာ ၆**

ပဲခူးမြို့ ဘုရားကြီးနယ်မြေရဲစခန်းအပိုင်တွင် နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီခန့်က လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သေဆုံးသူ ဦးမြင့်နိုင်(၄၅နှစ်) တောင်ဆပ်အင်းကျေးရွာ ပဲခူးမြို့နယ်နေသူသည် တစ်ရွာတည်းနေသူ ဝင်းပိုင် (၃၆နှစ်)က ဇနီးဖြစ်သူ မအေးခိုင်နှင့် ရွာလယ်လမ်းမပေါ်တွင် စကားများရန်ဖြစ်နေမှုအား ဝင်ရောက်ဖျန်ဖြေပေးစဉ် မကျေနပ်၍ ဝင်းပိုင်က ဓားဖြင့်ခုတ်လိုက်ရာ ဦးမြင့်နိုင်မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဝင်းပိုင်သည် နေအိမ်သို့ပြန်ကာ ၎င်း၏ နေအိမ်အား မီးရှို့ပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်၍ လိုက်လံဖမ်းဆီးခဲ့ရာ ယနေ့ည ၇ နာရီတွင် ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



# ထီးချိုင့်မြို့နယ်အတွင်း တရားမဝင် နွားများ သယ်ဆောင်သူကိုးဦး ဖမ်းမိ

**ထီးချိုင့် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပေါက်နက်ကုန်းကျေးရွာအနီး မန္တလေး - ဗန်းမော်သွား ကားလမ်းပေါ်တွင် တရားမဝင်နွားများ တင်ဆောင်လာသော သုံးဘီးဆိုင်ကယ်သုံးစီးကို နွားပိုင်ရှင်များနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီခန့်က ထီးချိုင့်မြို့နယ် မြတောင်ရဲကင်းစခန်းမှူး ရဲအုပ် သူရိန်မင်းထက်နှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရစောင့်ဆိုင်းနေစဉ် နိုင်အောင်နှင့်ကျော်ဟိန်းတို့နှစ်ဦး မောင်းနှင်ပြီး နွားပိုင်ရှင် မျိုးလွင်လိုက်ပါလာသော သုံးဘီးဆိုင်ကယ်ပေါ်မှ တရားမဝင် နွားထီးနှစ်ကောင်၊ ရန်ပိုင်စိုးနှင့် မောင်မောင်တို့ မောင်းနှင်ပြီး နွားပိုင်ရှင် ကိုအေးလိုက်ပါလာသော သုံးဘီးဆိုင်ကယ်ပေါ်မှ တရားမဝင် နွားထီးနှစ်ကောင်နှင့် ညီထွေးနှင့် ဇော်မင်းမောင်တို့မောင်းနှင်ပြီး နွားပိုင်ရှင် စံဖြိုးလိုက်ပါလာသော သုံးဘီးဆိုင်ကယ်ပေါ်မှ တရားမဝင် နွားထီးနှစ်ကောင် စုစုပေါင်း တရားမဝင် နွားခြောက်ကောင်(ကာလတန်ဖိုးငွေကျပ် ၅,၁၀၀,၀၀၀) ခန့်အား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးရာ အဆိုပါ နွားများကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ်မှ ဝယ်ယူခဲ့ပြီး ကချင်ပြည်နယ် ရွှေကူမြို့သို့ ပို့ဆောင်မည်ဖြစ်ကာ နယ်ကျော် သယ်ယူခွင့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် တရားမဝင် နွားများ သယ်ဆောင်လာသူ မျိုးလွင်ပါ ကိုးဦးအား ထီးချိုင့်မြို့နယ် မြတောင်ရဲကင်းစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဘုရားဆင်းတုတော် ခိုးယူသူ ညီအစ်ကိုနှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆** -မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ နိုဝင်ဘာ ၅ ရက် နံနက် ၆ နာရီခွဲက ကုန်းသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်စိုးသည် ရွာအနောက်ပိုင်းတွင် နေထိုင်သည့် ဆန်းဦး(၄၅နှစ်)နှင့် ဆန်းထူး(၄၃ နှစ်)တို့သည် ဘုရားဆင်းတုတော်များအား ၎င်းတို့နေအိမ်သို့ ခိုးယူသယ်ဆောင်သွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးစဉ် နေအိမ် နွားစာတဲ အတွင်းမှ ဉာဏ်တော် တစ်ပေ နှစ်လက်မရှိ စကျင်ကျောက် ဆင်းတုတော် တစ်ဆူနှင့် ဉာဏ်တော် တစ်ပေ တစ်လက်မရှိ ဆင်းတုတော် တစ်ဆူတို့အား တွေ့ရှိသဖြင့် မေးမြန်းရာ ရွာအရှေ့ဘက်ရှိ ကိုးတောင်ပြည့် အရိုးအိုး ငါးမျက်နှာစေတီတော်မှ ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဆန်းဦးနှင့် ဆန်းထူးတို့အား မြို့သာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၃ စီး၊ သွင်းကုန် ၇၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၂ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၅ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် တွဲယာဉ်တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Energy Drink M-150 2000L ၊ Chili Sauce 910 g စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၃၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကဆက်ရှိ ဘုရားရှိခိုးကျောင်းတစ်ခု၌ သေနတ်သမားတစ်ဦး ဝင်ရောက် ပစ်ခတ်မှုကြောင့် ၂၆ ဦး သေဆုံး

**တက္ကဆက် နိုဝင်ဘာ ၆**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အတွင်းရှိ ကျေးလက်ဘုရားရှိခိုးကျောင်းတစ်ခု၌ တနင်္ဂနွေနေ့က ဝတ်ပြုဆုတောင်းမှု ပြုလုပ်နေချိန်အတွင်း ရိုင်ဖယ်သေနတ် ကိုင်ဆောင်ထားသည့် သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဘုရားရှိခိုးကျောင်းအတွင်းရှိ လူ ၂၆ ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။



သေနတ်ဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို လေတပ်မှထုတ်ပယ်ခံခဲ့ရသည့် အမျိုးသားတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ဇနီးနှင့်ကလေးအား ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့မှုကြောင့် ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်သည်ဟု မီဒီယာက ဖော်ပြခဲ့သည်။

တစ်ကိုယ်တည်း လာရောက်တိုက်ခိုက်ခဲ့သည့် သေနတ်သမားသည် ဆပ်သာလန်စပရင်းစ်ရှိ First Baptist ဘုရားရှိခိုးကျောင်းအတွင်းသို့ ကားမောင်းဝင်လာခဲ့ပြီး သေနတ်ဖြင့် စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘုရားရှိခိုးကျောင်းအတွင်းသို့ စဝင်ကတည်းက သေနတ်ဖြင့် ပစ်ခတ်လာခဲ့ပြီး အသက် ၅ နှစ်မှ ၇၂ နှစ်အထိ အသက်အရွယ်ရှိသည့် ဘုရားရှိခိုးကျောင်းထဲမှ လူများကို လိုက်လံပစ်ခတ်ကာ ထိခိုက်ဒဏ်ရာများရရှိစေခဲ့သည်ဟု ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယင်းသေနတ်ပစ်ခတ်မှုသည် စိတ်ကျန်းမာရေးချို့ယွင်းမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး သေနတ်ဖြင့် အကြမ်းဖက်ပစ်ခတ်မှု အခြေအနေမျိုး မဟုတ်ကြောင်း သတင်းထောက်များသို့ ဖြေကြားခဲ့သည်။

ဂျပန်သို့တရားဝင် အလည်အပတ်ခရီးစဉ်သွားရောက်နေစဉ်အတွင်း ထရန့်က သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ မှတ်ချက်ပေးခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများထဲတွင် ပက်စတာဖရန့် ပိုမာရှိုင်မိသားစုမှ အသက် ၁၄ နှစ်အရွယ် သမီးငယ်တစ်ဦးလည်း ပါဝင်ကြောင်း ၎င်းမိသားစုက ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

နောက်ပိုင်းတွင် သေနတ်သမားကို သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရကြောင်း သိရသည်။ လူအများအပြားကို သေဆုံးစေခဲ့သည့် သေနတ်ပစ်ခတ်မှုကြီးနှင့် ရင်ဆိုင်နေရကြောင်း တက္ကဆက်အုပ်ချုပ်ရေးမှူး ဂရက်အာဘော့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဆပ်သာလန်စပရင်းစ်၌ ဒေသခံ ၄၀၀ ခန့် နေထိုင်သည်။ **ရိုက်တာ**

## မြောက်ကိုရီးယားကို အကြီးအကျယ်ဖိအားပေးရန် အာဘေးနှင့်ထရန့် သဘောတူညီမှု ရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို စွန့်လွှတ်ရန်အတွက် ဖိနှိပ်မှုများပိုမိုပြုလုပ်သွားကြရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အာဘေးက ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံကလည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်သင့်ကြောင်း အာဘေးက အကြံပြုပြောကြားခဲ့သည်။ ဒေသတွင်း၌ တင်းမာမှုများ ပိုမိုကြီးထွားလာနေချိန်တွင် သမ္မတထရန့်၏ အာရှခရီးစဉ်က သမိုင်းဝင် အလည်အပတ် ခရီးစဉ်တစ်ခုပင်ဖြစ်ကြောင်း အာဘေးက မှတ်ချက်ပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဆော်ဒီအစိုးရက ဟူသီ သူပုန်ခေါင်းဆောင် ၄၀ အား ဆုကြေးငွေထုတ်ပြန်ကြေညာ

**ရီယာ့ဒ် နိုဝင်ဘာ ၆**

ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွသူပုန်အဖွဲ့၏ ခေါင်းဆောင် ၄၀ ၏ သတင်းအချက်အလက်များအား ပေးပို့နိုင်ပါက အမေရိကန်ဒေါ်လာ သန်း၄၀၀ ခန့်ကို ဆုကြေးငွေအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံအစိုးရက ယမန်နေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသတွင်း သတင်းအေဂျင်စီက ပြောသည်။

အဆိုပါ သူပုန်ခေါင်းဆောင်များအား ဖမ်းဆီးမှုပြုလုပ်နိုင်ရန် ၎င်းခေါင်းဆောင်များတည်ရှိရာနေရာကို သတင်းပေးနိုင်သူများအား ဆုကြေးငွေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ပိုင်နက်နယ်မြေများကို ဟူသီ၊ အီရန်နှင့် ဟစ်ဇ်ဘိုလာတို့က ပဲ့ထိန်းဒုံးကျည်များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း ဖော်ပြထားသည်။

ဟူသီသူပုန်အုပ်စုသည် ဆော်ဒီအာရေဗျနိုင်ငံ၏လုံခြုံရေးကို အဆက်မပြတ်ထိခိုက်လာခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာခြင်းတို့ကြောင့် ဆော်ဒီအာရေဗျနိုင်ငံအစိုးရက ယခုကဲ့သို့ ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ယီမင်နိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ ချိန်ရွယ်ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်းကို ဆော်ဒီအာရေဗျလေတပ်က ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးမျှ မရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော အဖွဲ့ဝင် ၁၀နိုင်ငံပါဝင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် ယီမင်ပြည်တွင်းစစ်အတွင်း ၂၀၁၅ခုနှစ် မတ်လမှ စတင်ဝင်ရောက်စွက်ဖက်လာခြင်းဖြစ်သည်။

ယီမင်သမ္မတ အက်ဘ်မန်ဆော ဟာဒီအား ဆန့်ကျင်တိုက်ခိုက်နေသည့် အီရန်နိုင်ငံ ကျောထောက်နောက်ခံပြု ရှီးယိုက် ဟူသီ သူပုန်များကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါ ဟူသီသူပုန်များသည် ယီမင်နိုင်ငံ၏မြို့တော် ဆာနားနှင့် ယီမင်နိုင်ငံမြောက်ပိုင်းရှိ မြို့ပေါင်းများစွာကို သိမ်းပိုက်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# အစ္စရေးနိုင်ငံ၌ ကမ္ဘာ့နိုင်ငံပေါင်း ကိုးနိုင်ငံမှ လေယာဉ်များ ပူးတွဲ စစ်ဆင်ရေး လေ့ကျင့်မှု ပြုလုပ်



**ဂျေရုစလင် နိုဝင်ဘာ ၆**

အစ္စရေးနိုင်ငံတောင်ပိုင်းတွင် ကမ္ဘာ့နိုင်ငံပေါင်း ကိုးနိုင်ငံမှ လေယာဉ်များသည် နိုင်ငံအတွင်း အကြီးမားဆုံး ပူးတွဲစစ်ဆင်ရေးလေ့ကျင့်မှုတစ်ရပ်ကို ယမန်နေ့က စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အပြာရောင်အလံတော် စစ်ဆင်ရေးလေ့ကျင့်မှုကို အပန်းဖြေစခန်း ဖလက်မြို့မြောက်ပိုင်း နီဂဗ်ကန္တာရအတွင်းရှိ ဩဘာဒလေတပ်အခြေစိုက်စခန်း၌ ၁၁ ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပူးတွဲစစ်ဆင်ရေးလေ့ကျင့်မှုတွင် လေတပ်သား ၁၀၀၀ ကျော်နှင့် နည်းပညာရှင်များအပြင် အစ္စရေး၊ အိန္ဒိယ၊ အမေရိကန်၊ ဂရိ၊ ပိုလန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီနှင့် အမည်မဖော်လိုသည့် နိုင်ငံတစ်နိုင်ငံမှ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းဝန်ထမ်းများလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း တပ်ဖွဲ့ဝင်များသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများလေ့ကျင့်ခြင်း၊ တိုက်ခိုက်မှုနည်းစနစ်ပညာရပ်များသင်ကြားခြင်းနှင့် နိုင်ငံများအကြား သံတမန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ခြင်းစသည့် ကဏ္ဍများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းအပြာရောင် အလံတော်ပူးတွဲစစ်ဆင်ရေးသည် ၂၀၁၃ခုနှစ်တွင် စတင်လေ့ကျင့်ခဲ့သည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယခုပူးတွဲလေ့ကျင့်မှုသည် တတိယအကြိမ်မြောက် ပူးတွဲလေ့ကျင့်မှုဖြစ်ပြီး အစ္စရေးလေတပ်၏ လေ့ကျင့်မှုအစီအစဉ်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းပူးတွဲလေ့ကျင့်မှုသည် အစ္စရေးနိုင်ငံ၊ အစ္စရေးစစ်တပ်နှင့် အစ္စရေးလေတပ်အတွက် အလွန်မဟာဗျူဟာမြောက်သော အရေးကြီးသည့် လေ့ကျင့်မှုအစီအစဉ်တစ်ရပ်ဖြစ်သည်ဟု ဟီဘရူးဘာသာဖြင့် တင်ဆက်သည့် ချန်နယ်တစ်ခုတွင် စစ်တပ်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားအပေါ် ပိုမိုဖိအားပေးကြရန် ထရန့်တောင်းဆိုမည်

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ဖိအားပေးမှုများ လုပ်ဆောင်ရာတွင် တရုတ်နှင့် အခြားနိုင်ငံများက ဝိုင်းဝန်းပူးပေါင်းကြရေးအတွက် တောင်းဆိုသွားရန် စီစဉ်နေကြောင်း ပြောကြားသည်။

သမ္မတထရန့် အာရှခရီးစဉ် မထွက်ခွာမီ Fox News သတင်းဌာနနှင့် အင်တာဗျူးပြုလုပ်ခဲ့စဉ်အတွင်း ထရန့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများအတွက် လတ်တလောတွင် အကြီးမားဆုံးပြဿနာမှာ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်ကြောင်း ထရန့်က မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ ၎င်း၏ သဘောထားကို ထုတ်ဖော်ခဲ့သည်။

အကယ်၍ တရုတ်နှင့် အခြားနိုင်ငံများသည် မြောက်ကိုရီးယားကလက်ရှိဆောင်ရွက်နေသည်များကို ဆက်လက်ခွင့်ပြုနေဦးမည်ဆိုပါက မကြာခင်အတွင်း ဂျပန်နှင့် ပြဿနာအကြီးအကျယ် ပေါ်ပေါက်လာနိုင်ကြောင်းကို ၎င်းက သက်ဆိုင်ရာနိုင်ငံများကို ပြောပြမည်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### မူးယစ်တိုက်ဖျက်ရေး စီမံချက်လေးခုကို တရုတ်နှင့်အမေရိကန် ပူးပေါင်းဆောင်ရွက်မည်

**ပေကျင်း နိုဝင်ဘာ ၆**

တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီတို့သည် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှုကြီးလေးခုကို စီမံချက်ဖြင့် ပူးပေါင်းတိုက်ဖျက်နိုင်ခဲ့ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လအတွင်းက တရုတ်ရဲတပ်ဖွဲ့နှင့် မူးယစ်တိုက်ဖျက်ရေး အေဂျင်စီသည် အမေရိကန်ပြည်ထောင်စုတွင် မူးယစ်မှောင်ခိုရောင်းဝယ်မှုဖြင့်သံသယရှိသူ ၁၃ ဦးနှင့် တရုတ်နိုင်ငံ၌ သံသယရှိသူလေးဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး မူးယစ်မှောင်ခိုရောင်းဝယ်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို မျှဝေခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးအမျိုးမျိုး ကီလိုဂရမ် ၂၈၀ နှင့် အမေရိကန် ဒေါ်လာတစ်သန်းနီးပါးကို သိမ်းဆည်းရမိခဲ့သည်။ ပြီးခဲ့သည့် မေလမှစတင်ကာ DEA မှ သတင်းရရှိမှုဖြင့် တရုတ်ရဲတပ်ဖွဲ့သည် နယ်လှည့်ကူးသန်းကာ မူးယစ်မှောင်ခိုကူးနေကြသူများကို ဖမ်းဆီးနှိမ်နင်းမှုများလုပ်ဆောင်နိုင်ခဲ့သည်။ ဩစတြေးလျသို့ ပို့ဆောင်မည့်ကို ကိန်း ကီလိုဂရမ် ၉၀ ကိုလည်း သိမ်းဆည်းနိုင်ခဲ့ပြီး သံသယရှိသူကိုးဦးကိုဖမ်းဆီးနိုင်ခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်ဖို့ ပါရီ သဘောတူညီချက်ဖော်ဆောင်စို့

**တင်လင်းအောင်**




ကမ္ဘာ့ရာသီဥတုဟာ လွန်ခဲ့သောနှစ်နှစ် ပညာရှင်တွေ ခန့်မှန်းထားတာထက် ပိုမိုမြန်ဆန်စွာ ဆိုးရွားတဲ့အခြေအနေ ရောက်ရှိနေပါပြီ။ ကမ္ဘာ့ရာသီဥတုပြဿနာကို ဖြေရှင်းဖို့ ရည်မှန်းချက်ကြီးမားတဲ့ နိုင်ငံတကာ ခြေလှမ်းတွေဟာလည်း လုံလောက်မယ်မထင်တော့ပါဘူး။

လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ကမ္ဘာကြီးမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံအများစုဟာ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချဖို့နဲ့ ယင်းကဲ့သို့သော ပြဿနာတွေကို ဖြေရှင်းဖို့ ပါရီသဘောတူညီချက်ကို အကောင်အထည် ဖော်ခဲ့ကြပါတယ်။

ထို့အတူပဲ ကမ္ဘာ့အပူချိန်ပြောင်းလဲမှုကို ၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ မမြင့်တက်စေဖို့ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့ကြပါတယ်။

သို့သော်လည်း သိပ္ပံပညာရှင်များက အဲဒီလို စံသတ်မှတ်ချက်ဟာ အလွန်ကိုပဲ မြင့်လွန်းနေတယ်လို့ အခုတလော ပြောနေကြပါတယ်။ တကယ်တော့ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကို ကာကွယ်ဖို့အတွက် ၁ ဒသမ ၅ လောက်ပဲရှိသင့်တယ်လို့ သူတို့က ပြောပါတယ်။

ပါရီရာသီဥတု ပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံများစွာမှ ကိုယ်စားလှယ်တော်ကြီးများဟာ ရာသီဥတုပြောင်းလဲရေးကဏ္ဍမှာ ကမ္ဘာကြီးဘယ်အခြေအနေအထိ ရောက်ပြီလဲဆိုတာအမှန်ကို သိရှိနိုင်ဖို့အရေးနဲ့ နိုင်ငံတစ်ခုချင်းစီဟာ ဘယ်လောက်အတိုင်းအတာအထိ လျှော့ချခဲ့သလဲဆိုတာကိုသိဖို့ ယခုရက်သတ္တပတ်မှာ ဘွန်းမှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အစည်းအဝေးကို တက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။

ဒေါ်နယ်ထရန့်ဟာ ပါရီသဘောတူညီချက်မှ ထွက်ခွာဖို့အရေး ဆောင်ရွက်ခဲ့တယ်ဆိုသော်လည်း အဲဒီဆွေးနွေးပွဲကို အစိုးရရဲ့ သံတမန်တစ်ဦးကို စေလွှတ်ခဲ့ပါတယ်။

ထို့အတူ ဖန်လုံအိမ် သဘာဝဓာတ်ငွေ့လျှော့ချဖို့ ပြည်နယ်ခွဲလေးတွေရဲ့ ပူးပေါင်းလုပ်ဆောင်မှုကို စည်းရုံးရာတွင် အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ မြို့တော်ဝန် ဂျယ်ရီဘရောင်းလည်း တက်ရောက်ခဲ့ပါတယ်။

အမေရိကန်အစိုးရရဲ့ မူဝါဒဟာ နောက်ပြန်ဆုတ်ဖို့ ဖြစ်ပေမယ့်လည်း ထရန့်ဟာ ရုပ်ကြွင်းလောင်စာတွေကို ပိုမိုလောင်ကျွမ်းစေချင်တဲ့ သဘောရှိလား မရှိလားမသိပါ။ သို့သော်လည်း ပြည်နယ်အစိုးရတွေ၊ ကမ္ဘာ့နိုင်ငံတွေနဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေအားလုံးဟာ ပါရီသဘောတူညီချက်အတိုင်း ကမ္ဘာကြီးကို ကုစားဖို့ ရှေ့ဆက်သွားနေကြပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုတွေကို စားပွဲဝိုင်းမှာ အစီအစဉ်တွေ ဆွဲနေရုံနဲ့ အလုပ်မဖြစ်ပါဘူး။ အောက်တိုဘာ ၃၁ ရက်က ထုတ်ပြန်လိုက်တဲ့ ကုလသမဂ္ဂရဲ့ Emissions Gap လို့ခေါ်တဲ့ အစီရင်ခံစာမှာ တွေ့ရှိခဲ့တဲ့ အကြောင်းအရာကတော့ လိုအပ်နေတဲ့ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့လျှော့ချဖို့ ကွာဟချက်တွေနဲ့ ပါရီသဘောတူညီချက်မှာ ကတိကဝတ်ပြုခဲ့တဲ့ နိုင်ငံတွေရဲ့ လိုအပ်ချက်တွေဟာ မြင့်တက်လို့လာခဲ့ပါတယ်။

ဒါကြောင့် ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို လျှော့ချဖို့ လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာလည်း သစ်ပင်စိုက်တဲ့ အစီအစဉ်တွေ လုပ်ဆောင်ရမှာ ပါဝင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ထို့အပြင် ကာဗွန်သိုလှောင်နည်းပညာများဖွံ့ဖြိုးရေး၊ ပိုမိုသင့်တော်တဲ့ လယ်ယာစိုက်ပျိုးရေးတွေ လုပ်ဖို့အရေး၊ စိမ့်မြေစီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ဖို့အရေးစတဲ့ ကိစ္စရပ်တွေလည်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ နောက်ဆုံးတွေ့ရှိချက်ကတော့ ဘွန်းညီလာခံကို တက်ရောက်လာတဲ့ နိုင်ငံတွေဟာ ဖန်လုံအိမ် သဘာဝဓာတ်ငွေ့လျှော့ချဖို့ ကမ္ဘာလုံးဆိုင်ရာ ကြိုးစားမှုတွေ လုပ်နေပြီဆိုတာပဲ ဖြစ်ပါတယ်။ လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာကြီးဟာ ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုလုံးဝမရှိတဲ့ အနေအထားကို ရောက်ရှိလာအောင် ဆောင်ရွက်နိုင်တော့မယ်ဆိုတာပဲဖြစ်ပါတယ်။ အကယ်၍ ရာသီဥတုပြောင်းလဲခြင်း ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မလုပ်ဆောင်ခဲ့ဘူးဆိုရင်တော့ အဲဒါကို ကွန်ဂရက်က လုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။

ကမ္ဘာ့မိုးလေဝသ အဖွဲ့ကြီးက ဘာပြောခဲ့လဲဆိုရင် လွန်ခဲ့တဲ့နှစ်က ကမ္ဘာ့လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ မှတ်တမ်းတင်ရလောက်တဲ့အထိ များပြားလာခဲ့တယ်လို့ ဆိုပါတယ်။

အဆိုပါ ပမာဏဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း သုံးသန်းလောက်ထက် ပိုမိုများပြားတယ်လို့ ဆိုထားပါတယ်။ အဲ့ဒီအချိန်တုန်းက ပျမ်းမျှလေထု အပူချိန်ဟာ ယနေ့ထက် ၃ ဒီဂရီဆဲလ်စီးယပ်စ်ထက် ပိုနွေးပါတယ်။

ပြီးတော့လည်း ဂရင်းလန်းဒ်နဲ့ အန္တာတိတ်ဒေသတွေမှာရှိတဲ့ ရေခဲမြစ်တွေ အရည်ပျော်ခဲ့ပြီး ပင်လယ်ရေမျက်နှာပြင်ဟာ ပေ ၃၀ လောက်အထိ မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်မှာတော့ သိပ္ပံပညာရှင်တွေဟာ ပင်လယ်ရေမျက်နှာပြင် အမြင့်ကို တိုင်းတာတဲ့အခါမှာ လက်မနဲ့မဟုတ်ဘဲ ပေနဲ့တိုင်းတာမှုတွေ လုပ်ဆောင်လာကြပါတယ်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတဲ့အတွက် ပင်လယ်ကမ်းရိုးတန်းနဲ့ နီးတဲ့ဒေသတွေမှာ ရေကြီးမှု၊ အခြေခံအဆောက်အအုံတွေ ပျက်စီးမှုနဲ့ လူသန်းပေါင်းများစွာ ရွှေ့ပြောင်းမှုတွေ လုပ်ခဲ့ကြပါတယ်။

ထို့အတူ ကမ္ဘာကြီး ပူနွေးလာပြီး ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် မုန်တိုင်းဖြစ်မှုတွေ ပိုမိုများပြားလာခြင်း၊ ရေကြီးမှုတွေ မကြာခဏဖြစ်လာခြင်း၊ ဆိုးရွားတဲ့ မိုးခေါင်ရေရှားမှုတွေ ဖြစ်လာခြင်းကို ရင်ဆိုင်ကြရပါတယ်။ ကမ္ဘာလုံးအတိုင်းအတာအရ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းမှုနည်းသော်လည်း လွန်ခဲ့တဲ့နှစ်က သဘာဝဘေးဒုက္ခတွေ ပိုမိုခံစားခဲ့ကြရပါတယ်။ တချို့ သိပ္ပံပညာရှင်တွေက feedback loop ဖြစ်စဉ်ဖြစ်လာမှာကို စိုးရိမ်လာကြပါတယ်။

အဲဒီဖြစ်စဉ်ဟာ လေထုအတွင်းရှိ အပူချိန်ကို ပြောင်းလဲစေပြီး ရာသီဥတုကို ဆိုးကျိုးတွေ သက်ရောက်လာစေနိုင်ပါတယ်။ ယခင် ဖြစ်ခဲ့တဲ့ သမိုင်းဝင်ရာသီဥတုပြောင်းလဲမှုတွေဟာ အောက်မြေလွှာအမြဲအေးခဲနေသော ဟင်းလင်းပြင် တန်ဒြာကို အကျိုးသက်ရောက်မှု ဘယ်လိုမှ မဖြစ်စေနိုင်ပါဘူး။

သို့သော်လည်းပဲ ကမ္ဘာ့အပူပိုင်းဒေသမှာတော့ မိုးရွာမှုတွေ ပိုမိုများပြားလာခဲ့ပါတယ်။ အဲဒီလိုဖြစ်စဉ်တွေဟာ မီသိန်းဓာတ်ငွေ့တွေ ပိုမိုထုတ်လွှတ်ပေးပါတယ်။ ကမ္ဘာ့လူသားတွေကြောင့်လည်း ရာသီဥတုဆိုင်ရာ ဖောက်ပြန်မှုတွေ ဖြစ်ပွားပါတယ်။

လူဦးရေ ၇ ဒသမ ၄ ဘီလီယံလောက်ရှိတဲ့ ကမ္ဘာ့လူဦးရေဟာ ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ကို ကစဉ့်ကလျားဖြစ်စေပါတယ်။ တရုတ်နိုင်ငံပြီးလျှင် အမေရိကန်နိုင်ငံဟာ အဓိက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

ဒါကြောင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ဖို့ အမေရိကန်အများစုက စဉ်းစားနေကြပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ လွန်ခဲ့တဲ့ အမေရိကန်ရွေးကောက်ပွဲ ကာလတွေမှာ အရေးပါတဲ့ ကိစ္စတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီကိစ္စကို အမေရိကန်သမ္မတ ထရန့်က ဦးမဆောင်ရင် ကွန်ဂရက်က မရမက လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ကမ္ဘာကြီးဟာ ပြောင်းလဲနေပါတယ်။ လူသားတွေအနေနဲ့လည်း ရာသီဥတုဖောက်ပြန်မယ့် ကောင်းကျိုးမဖြစ်စေတဲ့ ကိစ္စတွေကို မပြုလုပ်ဘဲ ရှောင်ရှားသင့်ပါတယ်။

ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်းမှသည် မုန်တိုင်းမှအဆုံး အဖန်ဖန် အလီလီ မိုးခေါင်ရေရှားခြင်းတွေမဖြစ်အောင် လူသားတွေအနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီညီလာခံကိုလည်း ကြိုဆိုထောက်ခံရမှာ ဖြစ်ပါတယ်။

မကြာသေးမီကမှ တရုတ်နိုင်ငံက အမေရိကန်ကို ညီလာခံမှာ ပြန်လည်ပါဝင်လာဖို့အရေး မျှော်လင့်ကြောင်း ပြောဆိုတာကို ကြားသိရပါတယ်။ ဒီအချက်ဟာ ကောင်းမွန်တဲ့အချက်တစ်ချက်လည်း ဖြစ်ပါတယ်။

အဲဒီလို အမေရိကန် ပြန်လည်ပါဝင်လာခြင်းအားဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကို အကောင်းဆုံး ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်ပါတယ်။ နိဂုံးချုပ်ပြောရမယ်ဆိုရင် ကမ္ဘာကြီးမှာ မှီတင်းနေထိုင်တဲ့ လူသားတွေပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မအောင်မြင်တဲ့ ကိစ္စမရှိကြောင်း ရေးသားလိုက်ရပါတယ်။

> **"လွန်ခဲ့တဲ့နှစ်က ကမ္ဘာ့လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ မှတ်တမ်းတင်ရလောက်တဲ့အထိ များပြားလာခဲ့တယ်လို့ ဆိုပါတယ်၊ အဆိုပါ ပမာဏဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၃ သန်းလောက်ထက် ပိုမိုများပြားတယ်လို့ ဆိုထားပါတယ်"**

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

"၃၉-က။ မည်သည့်အလုပ်သမားမျှ အငြင်းပွားမှုဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်းမပြုရ။"

၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၃ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၃။ မည်သူမျှအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့်သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။"

၃၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၅-က။ မည်သူမျှဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်း မပြုရ။"

၃၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၆။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၉၊ ပုဒ်မ ၃၉-က၊ နှင့်ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၃၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၆-က။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၉၊ပုဒ်မ ၃၉-က နှင့် ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက်ကို ထပ်မံကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုပျက်ကွက်သည့်ရက်တိုင်းအတွက် တစ်ရက်လျှင် ဒဏ်ငွေကျပ်တစ်သိန်း ချမှတ်ရမည်။"

၃၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၇။ မည်သူမဆို ပုဒ်မ ၄၁ နှင့် ၄၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်လထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။"

၃၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၄ ၊ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။"

၄၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၈ ၏နောက်တွင် ပုဒ်မ ၄၈-က ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၄၈-က။ ပုဒ်မ ၃၇ ပါလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သူ မည်သူမဆိုပုဒ်မ ၄၃နှင့် ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ရာဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်များကို အလုပ်သမားအား ပေးချေရန်အမိန့်ချမှတ်ရမည်။"

၄၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၉-က။ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးသည်သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းခံရမည်။ ရာဇသတ်ကြီးဆိုင်ရာ ကျူးလွန်မှုသုံးသပ်တွေ့ရှိပါကအရေးယူဆောင်ရွက်ရန် ဦးစီးဌာနမှ အရာရှိတစ်ဦးအား တာဝန်ပေးခန့်အပ်၍ တရားစွဲဆိုရမည်။"

၄၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅၀။ ညှိနှိုင်းရေးကော်မတီ သို့မဟုတ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့သို့မဟုတ် ခုံသမာဓိကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသော အဖွဲ့များကို တာဝန်လွှဲပြောင်း ပေးအပ်ရမည်။"

၄၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀၏နောက်တွင် ပုဒ်မ ၅၀-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၀-က။ ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သော စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၄၄။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၅၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅၁။ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကိုဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ကဆုံးဖြတ်သည့် ငွေကြေးခံစားခွင့်ကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှအရာရှိက မြေခွန်မပြေကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။"

၄၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၁ ၏နောက်တွင် ပုဒ်မ ၅၁-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၁-က။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်နှင့် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငွေကြေးခံစားခွင့်ပေးရန် ပျက်ကွက်သောကာလ ရက်ပေါင်းသုံးဆယ်ကျော်လွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးသော အရာရှိက တရားစွဲဆိုရမည်။"

၄၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၄-က ကို ပယ်ဖျက်ရမည်။

---

## သမိုင်းဝင်ကွေ့ချောင်းခံတပ်သို့လာရောက်လေ့လာသူ ယခင်နှစ်ကထက်ပိုများလာ

**မကွေး နိုဝင်ဘာ ၆**

ဧရာဝတီမြစ်ကြောင်းအကွေ့တွင် ခံတပ်တည်၍ နယ်ချဲ့ကျူးကျော်စစ်ကိုခုခံခဲ့သည့် သူရဲကောင်းစစ်သည်တို့၏ သမိုင်းသက်သေများတည်ရှိရာ ကွေ့ချောင်းခံတပ်သို့ လာရောက်လေ့လာကြသူများ ယခင်နှစ်ကထက်ပိုများလာကြောင်း မကွေးမြို့နယ် ကွေ့ချောင်း(တောင်)ရွာ ဒေသခံများထံမှ သိရသည်။

"အရင်နှစ်တွေက လာကြတယ် ဆိုပေမယ့် ဒီနှစ်လောက်မများဘူး၊ ဒီနှစ်ထဲမှာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေဆို တစ်ရက်လူ ၈၀ ဝန်းကျင်လောက်လာကြတယ်၊ ကြားရက်တွေကတော့ ၃၀ ဝန်းကျင်လောက်လာတယ်၊ မိသားစုလိုက်၊ အဖွဲ့လိုက် အပန်းဖြေလေ့လာတဲ့သဘောပေါ့၊ လူငယ်တွေကတော့ ဆိုင်ကယ်တွေနဲ့အလာများတယ်"ဟု ကွေ့ချောင်းခံတပ်မှ လုံခြုံရေးဝန်ထမ်းတစ်ဦးဖြစ်သူ ဦးဝင်းထိန်က ပြောသည်။

လူမှုကွန်ရက်များတွင်အမှတ်တရဓာတ်ပုံများတင်ကြရာမှ အလည်အပတ်လာလိုသူ များလာခြင်းဖြစ်နိုင်ကြောင်း၊ မကွေးမြို့မှမိုင် ၂၀ ကျော်အကွာ၊ မကွေး-တောင်တွင်းကြီးကားလမ်း ပဌနဂိုရ်လမ်းခွဲ(လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဆိုင်းဘုတ်ရှိရာ)သို့ရောက်လျှင် ခံတပ်သို့ ကားလမ်းခုနစ်မိုင်ခန့် ဝင်ရကြောင်း၊ ခံတပ်နားတွင် မည်သည့်စားသောက်ဆိုင်မျှမရှိ၍ ၃ဖာလုံခန့်အကွာရှိကွေ့ချောင်း(တောင်)ရွာသို့ ရေနှင့်အစားသောက်များ လာဝယ်လေ့ရှိကြောင်း ဒေသခံများထံမှသိရသည်။

"လမ်းခွဲကနေလာတော့ ငွေစမ်းရောင်ဆိုတဲ့ရွာနားကဖြတ်ရတယ်၊ ရွာရဲ့လမ်းတစ်ဖက်မှာ ရေနံစမ်းသပ်ရှာဖွေတဲ့ လုပ်ငန်းခွင်တစ်ခုကိုတွေ့ရတယ်၊ အဲဒီက နိုင်ငံခြားသားတွေ၊ ဧည့်သည်တွေလည်း လာကြတယ်လို့ သိရပါတယ်၊ စီးပွားရေးလုပ်ငန်းတွေ အကြောင်းပြုပြီး စည်ကားလာရင်တော့ ခံတပ်ကြီးကို လာလည်တဲ့သူတွေပိုများလာမယ်ထင်တယ်၊ လမ်းကတော့ ကားနှစ်စီးလွတ်လွတ်လပ်လပ်ရှောင်မရဘူး၊ ကတ္တရာလမ်းဖြစ်ရင်တော့ လာကြတဲ့သူတွေ ပိုအဆင်ပြေမှာပါ"ဟု ရန်ကုန်မြို့မှ လာရောက်လေ့လာသူ ကိုအောင်ဝေလင်းက ပြောသည်။



ဧရာဝတီမြစ်အရှေ့ခြမ်းရှိ ကွေ့ချောင်းခံတပ်ကို အလျား ၂၇၅ ပေ၊ အနံ ၁၅၅ ပေ ၊ အမြင့် ၁၂ ပေ၊ ထုလေးပေ အုတ်တံတိုင်းဖြင့် ကာရံတည်ဆောက်ထားပြီး အဆင့်သုံးဆင့်ရှိသော ခံတပ်ကြီးတွင် ပထမအဆင့်ကိုသာ လာရောက်လေ့လာသူများ မြင်တွေ့ရမည်ဖြစ်သည်။ အဆင့်နှစ်ဆင့်မှာ မြေအောက်တွင်နစ်မြုပ်နေပြီး တံတိုင်း၏အရှေ့၊ အနောက်နှင့် မြောက်အရပ်တို့တွင် သေနတ်ပစ်၍ခုခံနိုင်ရန် အပေါက် ၁၅၉ ခုရှိကြောင်း၊ ဧရာဝတီမြစ်အနောက်ခြမ်းရှိ မင်းလှခံတပ်နှင့်ခါးလွယ်ခုတ် အနေအထားတွင်ရှိပြီး မကွေးမြို့မှ ရေမိုင် ၁၂ မိုင်အကွာတွင်ရှိကြောင်း မှတ်တမ်းများအရသိရသည်။

**ဇေယျာတု(မကွေး)**

---



## မန္တလေးခရိုင်အတွင်း ၂၀ အမ်ဗွီအေထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**မန္တလေး နိုဝင်ဘာ ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ မန္တလေးခရိုင်အတွင်း နွေရာသီဓာတ်အား မပြတ်တောက်စေရေး၊ ပြည်သူများ ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် အောင်မြေသာစံမြို့နယ်ရှိ အိုးဘိုခွဲရုံ မရမ်းခြံခွဲရုံ၊ တိုက်တော်ခွဲရုံ၊ မဟာအောင်မြေမြို့နယ်ရှိ ၇၆ ခွဲရုံ ချမ်းမြသာစည်မြို့နယ်ရှိ ၆၅ ခွဲရုံနှင့် ပုသိမ်ကြီးမြို့နယ်ရှိ မြို့မခွဲရုံတို့တွင် လက်ရှိ ၁၀ အမ်ဗွီအေထရန်စဖော်မာများကို ၂၀ အမ်ဗွီအေထရန်စဖော်မာများဖြင့် လဲလှယ်သွားမည်ဖြစ်သည်။

ယနေ့အထိ အိုးဘိုခွဲရုံတွင်တစ်လုံး၊ မရမ်းခြံခွဲရုံတွင် တစ်လုံး လဲလှယ်ခဲ့ပြီးဖြစ်ကာ ရုံးချုပ်ဓာတ်အားဖြန့်ဖြူးရေးအဖွဲ့မှ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်နှင့် ခရိုင်ဒုတိယလျှပ်စစ်မန်နေဂျာ ဦးနန်းဝင်းဆန်းနှင့် တာဝန်ရှိသူတို့က ဝန်ထမ်းများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထရန်စဖော်မာလဲလှယ်ပေးနေမှုများကို ဆောင်ရွက်လျက်ရှိပြီး အချိန်မီပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါနေရာများတွင် ယခင်ကထက် လျှပ်စစ်ဓာတ်အားနှစ်ဆပိုမိုအသုံးပြုလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)သည် ကမ္ဘာ့နေရာ ဒေသအသီးသီးတွင် ရှိနေသည့် မှတ်တမ်းများကို ဖော်ထုတ်လျက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the world) အစီအစဉ်ကို ၁၉၉၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များတွင် ကျောက်စာများ၊ လက်ရေးစာမူများ၊ တန်ဖိုးမဖြတ်နိုင်သည့် စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယို အခွေများ၊ စီဒီများ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ စသည်တို့ ပါဝင်သည်။ ယူနက်စ်ကိုအဖွဲ့သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို နိုင်ငံတိုင်းတွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များက သမိုင်းအမွေအနှစ်များကို ဆက်လက်သယ်ဆောင်သွားနိုင်ရန် ရည်ရွယ်လျက် ဘီစီ ၁၇၀၀ မှစ၍ ယနေ့တိုင် ကျန်ရှိနေသည့် မှတ်တမ်းများကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

နိုင်ငံ ၁၀၄ နိုင်ငံနှင့် အဖွဲ့အစည်း ငါးခုတို့ပူးပေါင်းစိစစ်သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များသတ်မှတ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ မှတ်တမ်းသုံးခုသည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ၇၈ ခုကို ထပ်မံအသိအမှတ်ပြုခဲ့ရာ ဘုရင့်နောင်မင်းခေါင်းလောင်းစာသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သည်။

**မြန်မာနိုင်ငံ၏ ကမ္ဘာ့ မှတ်တမ်းအမွေအနှစ် သုံးခု**

မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရားဟု ထင်ရှားသည့် မဟာလောကမာရဇိန် စေတီဝင်းအတွင်း၌ စိုက်ထူထားသည့် ပိဋကတ်သုံးပုံ ကျောက်စာ ၇၂၉ ချပ်ကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် ယူနက်စ်ကိုအဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် အသိအမှတ်ပြုခဲ့သည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားသည့် ယင်းကျောက်စာများသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် သမိုင်းကြောင်းယဉ်ကျေးမှုတန်ဖိုးရှိသည့် မှတ်တမ်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားသဖြင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်သည် ဂျာမနီနိုင်ငံတွင်ရှိနေသည့် အလောင်းမင်းတရား ရွှေပေလွှာဟု ထင်ရှားသော သမိုင်းဝင်မှတ်တမ်းစာဖြစ်သည်။ တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျ (ခရစ်နှစ် ၁၇၅၂-၁၇၆၀)က ဗြိတိသျှဘုရင် ဒုတိယမြောက် ဂျော့ထံသို့ ၁၇၅၆ ခုနှစ်တွင် ပေးပို့ခဲ့သည့် ရွှေပေလွှာသည် ၁၈ ရာစု မြန်မာနိုင်ငံ၊ ဥရောပနှင့် ကမ္ဘာ့သမိုင်း၏ ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်သည့်အပြင် အနုသုခုမ လက်ရာတန်ဖိုး မြင့်မားခြင်းကြောင့် ၂၀၁၅ ခုနှစ် ဇွန်လတွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်တစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ်မှာပင် ပုဂံရှိ ရာဇကုမာရ်ကျောက်စာသည် မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ဘာသာစကားလေးမျိုးဖြင့် ရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာသည် ၁၂ ရာစု မြန်မာ့သမိုင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုများကို မှတ်တမ်းပြုထားသည့် ကျောက်စာဖြစ်သောကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်။

**စတုတ္ထမြောက် မှတ်တမ်းအမွေအနှစ်**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်တွင် တည်ရှိသည့် ဘုရင့်နောင်မင်း ခေါင်းလောင်းတော်သည် ယခုအခါတွင် သက်တမ်းနှစ် ၄၆၀ ရှိပြီဖြစ်သည်။ ယင်းခေါင်းလောင်းတွင် ရေးထိုးထားသည့် မှတ်တမ်းစာများသည် မြန်မာ့သမိုင်းကြောင်း တစ်စိတ်တစ်ဒေသကို ဖော်ပြနေသည့် မော်ကွန်းများဖြစ်ကြသည်။

ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယူနက်စကိုအဖွဲ့သို့ ဘုရင့်နောင်ခေါင်းလောင်းတွင် ရေးထိုးထားသည့် ကမ္ပည်းစာကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အဆိုပြုတင်သွင်းခဲ့သည်။

ယခု ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အကြံပေးကော်မတီ၏ ၁၃ ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံအသီးသီးက တင်သွင်းထားသည့် မှတ်တမ်းအမွေအနှစ် ၁၃၀ အနက် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာ အပါအဝင် မှတ်တမ်းအမွေအနှစ် ၇၈ ခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များအဖြစ် သတ်မှတ်ခဲ့သည်။

ဘုရင့်နောင်ခေါင်းလောင်းစာသည် ခိုင်လုံသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရားနှင့် မိဖုရားအမည်တို့ကို အတိအကျသိရခြင်း၊ မြန်မာရာဇဝင်ကျမ်းများ၌ ဖော်ပြထားသည့် အချက်များကို ပြည့်စုံတိကျစေရန် ဖြည့်စွက်နိုင်ခြင်း စသည်တို့ကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သည်။

ဘုရင့်နောင်မင်းကြီးသည် ခေါင်းလောင်းတော် မှတ်တမ်းကမ္ပည်းများကို ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ရေးထိုးခဲ့သည်။ ခေါင်းလောင်းစာများတွင် တိကျသော ရက်စွဲများနှင့် ဖြစ်ရပ်များကို ရေးထိုးခဲ့သဖြင့် ရာဇဝင်ကျမ်းများတွင် ရေးသားထားသည့် ကွဲလွဲချက်များကို ပြင်ဆင်နိုင်ရန် များစွာ အထောက်အကူဖြစ်ခဲ့ပေသည်။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်သည့် ဘုရင့်နောင်မင်းတရား ခေါင်းလောင်းတော်ကို ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် အရှေ့ဘက်စောင်းတန်းအဆုံးတွင် မြင်တွေ့နိုင်ကြသည်။

**မြန်မာနိုင်ငံနှင့် ခေါင်းလောင်းများ**

မြန်မာနိုင်ငံတွင် ပျူခေတ်မှစ၍ ခေါင်းလောင်းများသွန်းလုပ်ခဲ့ကြသည့် အထောက်အထားတစ်ရပ်အဖြစ် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ဘုရားမာ စေတီအနီး တူးဖော်မှုကုန်းအမှတ်(၈) မှ ကြေးခေါင်းလောင်းတစ်လုံးကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ရရှိခဲ့သည်။ ယင်းခေါင်းလောင်းသည် ၁၁ လက်မမြင့်ကာ ခေါင်းလောင်းပေါ်တွင် သီရိဝစ္ဆပုံ ပါရှိပြီး စာများရေးသားထားခြင်းမရှိချေ။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် ခေါင်းလောင်းများအနက် ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်ထိုး ခေါင်းလောင်းသည် အစောဆုံးဖြစ်ပြီး ဒုတိယအစောဆုံးခေါင်းလောင်းမှာ မော်လမြိုင်မြို့ မြသိမ်းတန်စေတီရှိ မြန်မာ သက္ကရာဇ် ၈၉၉ ခုနှစ်ထိုး ခေါင်းလောင်းဖြစ်ကာ ပုဂံ ရွှေစည်းခုံစေတီရှိ ဘုရင့်နောင်ခေါင်းလောင်းသည် တတိယအစောဆုံး ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းတွေ့ရှိခဲ့သည့် ကမ္ပည်းစာပါ ခေါင်းလောင်းများအနက် ၁၉၁၈ ခုနှစ်က ဂုဏ်ထူးဆောင်ကျောက်စာဝန် ဦးစံရွှေဘု ရရှိခဲ့သည့် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီး ပြိုင်းထောင်းရွာမှ အမြင့် ၁၁ ဒသမ ၈ စင်တီမီတာ၊ အောက်ခြေ အဝ ၁၀ ဒသမ ၅ စင်တီမီတာနှင့် အထူ ၁ စင်တီမီတာရှိသည့် ကြေးခေါင်းလောင်းသည် အစောဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံ ကမ္ပည်းကျောက်စာဌာနက ယင်းခေါင်းလောင်းတွင် ရေးထိုးထားသည့် စာနှစ်ကြောင်းကို အေဒီ ခုနစ်ရာစုတွင် ရေးထိုးခဲ့ကြောင်း ဖော်ထုတ်ပေးခဲ့သည်။

ကမ္ပည်းစာပါ ခေါင်းလောင်းများကို ကုန်းဘောင်ခေတ်တွင် အများဆုံးတွေ့ရှိနိုင်ကြပြီး မြေလှူ၊ ကျောင်းလှူ၊ ကျွန်လှူ စသည့် အလှူမှတ်တမ်းများနှင့် ဆုတောင်းစာများ၊ ကျိန်စာများကို ထည့်သွင်းရေးထိုးခဲ့ကြသည်။ ပုဂံရွှေစည်းခုံစေတီတော်သို့ ဘုရင့်နောင်မင်းကြီး(ခရစ်နှစ် ၁၅၅၁- ၁၅၈၁) လှူဒါန်းခဲ့သော ခေါင်းလောင်းတော်ကြီးတွင် မင်းကြီး၏ ဆောင်ရွက်ချက်များကို ရက်စွဲများနှင့်တကွ ရေးထိုးထားသဖြင့် သမိုင်းအထောက်အထားခိုင်မာသော ခေါင်းလောင်းတစ်လုံး ဖြစ်လာခဲ့ပေသည်။

**ဘုရင့်နောင် ခေါင်းလောင်းတော်**

ဘုရင့်နောင်ခေါင်းလောင်းသည် အမြင့် ၃ ပေ ၈ လက်မ၊လုံးပတ် ၃ ပေ ၆ လက်မ၊ အောက်ခြေလုံးပတ် ၁၀ ပေ ၃ လက်မ၊ အထူ ၆ လက်မ၊ အချင်း ၁ ပေ ၇ လက်မ၊ ပေါင်းကိုင်းအမြင့် ၁ ပေ ၇ လက်မ၊ ပေါင်းကိုင်းလုံးပတ် ၁ ပေ ၄ လက်မ၊ လည်ပင်းလုံးပတ် ၄ ပေ ၁ လက်မရှိသည်။ ခေါင်းလောင်း၏ တစ်ဖက်တစ်ချက်တွင် မြန်မာဘာသာနှင့် မွန်စာများ ရေးထိုးထားပြီး ခေါင်းလောင်း၏ လည်ပင်းအထက် ပေါင်းကိုင်းအောက် ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိစာငါးကြောင်း ပါရှိသည်။

ဘုရင့်နောင်ခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၅၅၇ ခုနှစ်တွင် တင်လှူခဲ့ပြီး ခေါင်းလောင်းစာများသည် မင်းတရားကြီးလက်ထက် စစ်ရေးနိုင်ငံရေးဆောင်ရွက်ချက်များ၊ နိုင်ငံတော်အရပ်ရပ်ကို အောင်နိုင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ကုသိုလ်ကောင်းမှုများကို ဖော်ပြထားသဖြင့် ခေါင်းလောင်းတော်ကြီးအား အမျိုးသားအဆင့်ကာကွယ်စောင့်ရှောက်မှုပြုထားသည်။

ဘုရင့်နောင်ခေါင်းလောင်းစာအရ သီရိပရဝ မဟာဓမ္မရာဇာဓိရာဇဘွဲ့ခံ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် ခေါင်းလောင်းတော်ကြီးတစ်လုံးသွန်းလုပ်ကာ ပုဂံဘုရင် အနော်ရထာနှင့် ကျန်စစ်သားတို့၏ ကောင်းမှုတော်ဖြစ်သည့် ပုဂံ ရွှေစည်းခုံစေတီတော်သို့ သက္ကရာဇ် ၉၁၉ ခု နတ်တော်လပြည့်ကျော် ၁၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် မေလ ၂၃ ရက်) တနင်္ဂနွေနေ့၌ လှူဒါန်းချိတ်ဆွဲခဲ့သည်။

ဘုရင့်နောင်ခေါင်းလောင်းတော်တွင် ရေးထိုးထားသည့် မွန်ကမ္ပည်းစာ ၃၅ ကြောင်းကို ဦးချစ်သိန်းက မြန်မာပြန်ဆို၍ ၁၉၆၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မွန်ကျောက်စာပေါင်းချုပ် စာအုပ်တွင် ဖော်ပြခဲ့သည်။ ခေါင်းလောင်းတော်ကြီးပေါ်တွင် ရေးထိုးထားသည့် ကမ္ပည်းစာများကို ယင်းစာအုပ်တွင် ဖတ်ရှုနိုင်သည်။

ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၂ ခု တပို့တွဲလဆန်း ၅ ရက် (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကေတုမတီကို အောင်ခဲ့ကာ သက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်းလကွယ်နေ့ (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်) စနေနေ့တွင် သရေခေတ္တရာကို အောင်နိုင်ခဲ့သည်။ သက္ကရာဇ် ၉၁၃ ခုနှစ် တန်ခူးလဆုတ် ၃ ရက် (ခရစ်နှစ် ၁၅၅၂ ခုနှစ် မတ်လ ၁၂ ရက်) စနေနေ့တွင် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဟံသာဝတီသို့ ချီခဲ့ပြီး ဟံသာဝတီကို အောင်နိုင်ခဲ့ကာ သက္ကရာဇ် ၉၁၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ခရစ်နှစ် ၁၅၅၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်) သောကြာနေ့တွင် မင်းမိဖုရားနှစ်ပါးသည် ဘိသိက်မင်္ဂလာ ခံယူတော်မူ၍ ကမ္ဘောဇသာဒီနန်း၌ စံမြန်းခဲ့သည်။

သက္ကရာဇ် ၉၁၆ ခုနှစ် တပေါင်းလဆန်း ၂ ရက် (ခရစ်နှစ် ၁၅၅၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်) အင်္ဂါနေ့တွင် အဝ(အင်းဝ)ကို အလိုပြည့်ခဲ့ကာ သက္ကရာဇ် ၉၁၈ ခုနှစ် နတ်တော်လဆန်း ၈ ရက် (ခရစ်နှစ် ၁၅၅၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်) တနင်္လာနေ့တွင် ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးသည် အမတ်စစ်သူကြီး အပေါင်းနှင့်တကွ ဟံသာဝတီမှ အဝသို့ ရေကြောင်းမှချီခဲ့ရာ ပြာသိုလဆုတ် ၉ ရက် (ခရစ်နှစ် ၁၅၅၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်) ကြာသပတေးနေ့တွင် အဝ ရွှေနန်းသို့ရောက်ရှိခဲ့သည်။

ဟံသာဝတီမှ အဝသို့ ချီခဲ့ရာတွင် ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာဖြင့်ပြီးသော ရွှေဝေါပြာသာဒ်တော်ကို စီးခဲ့ကြသည်။ ခေါင်းလောင်းတော်ကြီး၏ စာကြောင်း (၁၉) မှ (၂၁)အတွင်း "ဦးပြာသာဒ် ပဲ့ပြာသာဒ်ဖြင့် ဆင်တော်မူထသော အရောင်အဝါဖြင့် ပြည့်စုံသော ရေဖောင်တော် အလျား ၃၃ လံ ၂ တောင် ဦးပဲ့ပြာသာဒ် အလယ်ပြာသာဒ်ကြီးတင်လျက် အရောင်အဝါတင့်တယ်စွာ ထွန်းပသော အတုမရှိသော စုဠာမဏိရွှေလှေ၊ အလျား ၂၇ လံ ၂ တောင် တင့်တယ်သော ဦးပဲ့ပြာသာဒ်၊ ပြာသာဒ်ကြီး အလယ်တင့်လျက် ရတနာ၏ အရောင်အဝါကျက်သရေဖြင့် တင့်တယ်သော ရွှေလောင်း ပဋိဗိမာန်လှေ၊ ရွှေစဏတပင်၊ ရွှေရဲလှေ၊ ရွှေလှော်ကား၊ ရွှေသံလှေ၊ မင်း၏ဗိမာန် အလယ်အထက်ဝယ်၊ အမတ်စစ်သူကြီးအများ အပေါင်းနှင့်တကွ ချီတော်မူလတ်သတည်း"ဟု မှတ်တမ်းတင်ခဲ့သည်။

သက္ကရာဇ် ၉၁၈ ခုနှစ် တပို့တွဲလဆုတ် ၁၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်) တနင်္လာနေ့တွင် မိုးမိတ်၊ သီပေါ၊ ပတ္တမြားတွင်းကို အောင်တော်မူခဲ့သည်။ နောင်နှစ်ပတ်အကြာ တပေါင်းလဆန်း ၁၁ ရက် (ဖေဖော်ဝါရီလ ၈ ရက်) တနင်္လာနေ့တွင် မိုးမိတ်၏ အနောက်မြောက်ထောင့်၌ ရတနာစေတီတော်ကို အုတ်မြစ်ချတည်ထားခဲ့ပြီး တပေါင်းလဆန်း ၁၃ ရက် (ဖေဖော် ဝါရီလ ၁၀ ရက်) ဗုဒ္ဓဟူးနေ့တွင် သရီရဓာတ်တော်များကို စေတီတော်တွင် ဌာပနာပြုခဲ့သည်။ တပေါင်းလဆုတ် ၅ ရက်(ဖေဖော်ဝါရီ လ ၁၇ ရက်) ဗုဒ္ဓဟူးနေ့တွင် မိုးမိတ်မှ ချီတော်မူခဲ့ပြီး သုံးရက်အကြာ တပေါင်းလဆုတ် ၈ ရက် (ဖေဖော်ဝါရီလ ၂၀ ရက်) စနေနေ့တွင် မိကျည်း (ထီးချိုင့်)သို့ ရောက်ရှိခဲ့သည်။ နောက်ရှစ်ရက်အကြာ တန်ခူးလဆန်း ၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် ဖေဖော်ဝါရီ လ ၂၈ ရက်) တွင် မိကျည်းမြစ်ကို တံတားထိုး၍



ဆက်လက်ချီလာခဲ့ရာ တန်ခူးလဆန်း ၇ ရက် (မတ်လ ၆ ရက်) စနေနေ့တွင် မိုးညှင်းကို အောင်ခဲ့သည်။ တန်ခူးလဆုတ် ၁၂ ရက် (မတ်လ ၂၅ ရက်) ကြာသပတေးနေ့တွင် မိုးကောင်းကို အလိုပြည့်တော်မူခဲ့သည်။

သက္ကရာဇ် ၉၁၉ခု ကဆုန်လဆန်း ၅ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် ဧပြီလ ၂ ရက်) သောကြာနေ့တွင် မိုးကောင်းစော်ဘွားကို စော်ဘွားအရာ၌ ထားတော်မူခဲ့ပြီး ရှမ်းပြည်တွင်ကျင့်သုံးသည့် သူကောင်းတစ်ယောက်သေလျှင် ကျွန်ယောက်ျား၊ ကျွန်မိန်းများကို သတ်၍ထည့်သော အကျင့်ကို တားမြစ်တော်မူခဲ့သည်။ ဘုရင့်နောင်မင်းတရားသည် မိုးကောင်းမြို့မှ ကဆုန်လဆန်း ၁၂ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် ဧပြီလ ၉ ရက်) သောကြာနေ့တွင် ပြန်လာတော်မူခဲ့ပြီး သက္ကရာဇ် ၉၁၉ ခု နတ်တော်လပြည့်ကျော် ၁၁ ရက်(မေလ ၂၃ ရက်) တနင်္ဂနွေနေ့၌ ပုဂံ၊ ရွှေစည်းခုံစေတီတော်သို့ ကြေးခွက် ၂၁၀၀ သွန်းသော ခေါင်းလောင်းတော်ကြီးကို လှူဒါန်းခဲ့သည်။

ခေါင်းလောင်းစာ အထောက်အထားများအရ ဘုရင့်နောင်မင်းတရားသည် တပင်ရွှေထီးနတ်ရွာစံခဲ့သည့် ၁၅၅၀ ပြည့်နှစ် မေလ ၁ ရက် နောက်ပိုင်းမှစ၍ ၁၅၅၁ ခုနှစ်တွင် တောင်ငူ(ကေတုမတီ)နှင့် ပြည်(သရေခေတ္တရာ)၊ ၁၅၅၂ ခုနှစ်တွင် ပဲခူး(ဟံသာဝတီ)၊ ၁၅၅၅ ခုနှစ်တွင် အင်းဝ(အဝ)၊ ၁၅၅၇ ခုနှစ်တွင် မိုးမိတ်၊ သီပေါ၊ မိုးညှင်း၊ မိုးကောင်းတို့ကို သိမ်းယူကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့ပေသည်။

ခေါင်းလောင်းပေါ်တွင် မွန်ဘာသာဖြင့် ရေးထိုးထားသည့် ပထမစာကြောင်းတွင် ဘုရင့်နောင်မင်းတရား၏ ဘွဲ့အမည်ကို သီရိပရမ မဟာဓမ္မရာဇဓိရာဇ်ဟု ရေးထိုးထားသည်။ ထို့အတူ စာကြောင်း(၈)တွင် မင်းတရားကြီး၏ မိဖုရားခေါင်ကြီး သီရိအဂ္ဂ မဟာဓမ္မရာဇဒေဝီ ဘွဲ့အမည်ကို မြင်တွေ့နိုင်သည်။

ဘုရင့်နောင်မင်းကြီးသည် မိမိရောက်ရှိခဲ့သည့် အရပ်ဒေသတိုင်းတွင် ကုသိုလ်ဟောင်းများကိုပြုပြင်၍ ကုသိုလ်သစ်များစွာကို ပြုလုပ်ခဲ့ပြီး ဘုရားပစ္စည်း၊ တရားပစ္စည်း၊ သံဃာပစ္စည်းများကို မစားသုံးရန် တားမြစ်ခဲ့သည်။ မင်းတရားကြီး၏ ကုသိုလ်တော်များကြောင့် မြန်မာနိုင်ငံတစ်ဝန်း၌ ရွှေစေတီ၊ ရွှေဘုရား၊ရွှေဇရပ်၊ ရွှေကျောင်းများဖြင့် ထွန်းပြောင်လျက် များစွာသော နေရာဒေသများတွင် နှစ်ပါးသော သံဃာဓူရ(ဂန္ထဓူရနှင့် ဝိပဿနာဓူရ)နှင့် ပြည့်စုံသည့် ဘုရားရှင်၏ သာသနာတော် ရောင်ဝါထွန်းပ တင့်တယ်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ပေသည်။

ဘုရင့်နောင်မင်းကြီးသည် ခေါင်းလောင်းတော်ကြီးအား သွန်းလုပ်လှူဒါန်းသည့် ကုသိုလ်ကြောင့် ဘုရားဆုကိုပန်ခဲ့ကာ နောင်အနာဂတ်တွင် ပေါ်ထွက်လာမည့် မင်းဧကရာဇ်များသည်လည်း သာသနာကို ချီးပင့်ကြပါစေကြောင်းနှင့် ပျက်စီးခဲ့သည့် ကုသိုလ်တော်များအား ပြုပြင်နိုင်ကြပါစေကြောင်း ကမ္ပည်းတင်ခဲ့သည်။

ဘုရင့်နောင်မင်းကြီးသည် နိုင်ငံတော်အတွင်း သာသနာထွန်းလင်းစေရန် ဆောင်ရွက်တော်မူပြီးနောက် သီဟိုဠ်ကျွန်းတွင် သာသနာတော်ပွင့်လင်းစေရန် အကြံဖြစ်ခဲ့သည်။ ထို့ကြောင့် သံဃာတော်များအား ပိဋကတ်တစ်စုံနှင့် များစွာသော ပူဇော်သက္ကာယပစ္စည်းများနှင့်အတူ ကုသိုလ်ဟောင်းများပြင်ဆင်ရန် မျက်ပါး၊ သားမွေး၊ ပန်းရန်၊ ပန်းချီ ပညာသည်များကို ခေါ်ဆောင်စေကာ သီဟိုဠ်ကျွန်းသို့စေလွှတ်ခဲ့သည်။

သမိုင်းကြောင်းရှည်လျားခိုင်မာသည့် မြန်မာနိုင်ငံတွင် ရှေးဟောင်းနေရာ ဒေသများစွာ တည်ရှိနေသကဲ့သို့ သမိုင်းဝင် မှတ်တမ်းများလည်း များစွာကျန်ရှိနေပေသည်။ ယင်းတို့ကို ဖော်ထုတ်လျက် ကမ္ဘာ့အမွေအနှစ်များ ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ မှတ်တမ်းအမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာ့ မှတ်တမ်းအမွေအနှစ်များသည် ကမ္ဘာ့ မှတ်တမ်းအမွေအနှစ်များ စာရင်းတွင် ဆက်လက်တိုးပွားလာမည်သာဖြစ်ပေသည်။ ။

**ကိုးကား**


(၁) Memory of the World (UNESCO Publishing)

**(၂) မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**

**(၃) နှစ်ဆယ့်တစ်ရာစု မြန်မာ့အလားအလာ (ဒေါက်တာသန်းထွန်း)**

**(၄) လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အထောက်အကူပြု ရိုးရာခွာဒိုပွဲတော် ကျင်းပ

**တီးတိန် နိုဝင်ဘာ ၆**

မြန်မာတို့၏ သီတင်းကျွတ်ရာသီပွဲတော်အချိန်တွင် ချင်းပြည်နယ်၌ နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသား ဇိုမီးမျိုးနွယ်စု၏ ရိုးရာခွာဒိုပွဲတော်(၂၀၁၇)ကို ပြည်နယ်အဆင့်ပွဲတော်အဖြစ် တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာ အားကစားကွင်း၌ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်က ကျင်းပခဲ့သည်။

ခွာဒိုပွဲတော်ကို ရိုးရာဓလေ့အရသာမက ချင်းပြည်နယ်၏ ကျေးလက်လူထုအခြေပြု ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ခွာဒိုပွဲတော်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ ဧည့်သည်များ၊ ဒေသခံပြည်သူများ တက်ရောက် ဆင်နွှဲကြခဲ့သည်။

ပြည်နယ် နေရာဒေသတိုင်းတွင် မျိုးနွယ်စုအလိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်သစ်ကူးပွဲတော်(ခေါ်) ခွာဒိုပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ ဖိတ်ကြား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပွဲတော်၌ ရိုးရာဓလေ့ဖြစ်သည့် ပျားအုံဖွပ်၍ သယ်ဆောင်ခြင်း၊ ထင်းရှူးဆီမီးထွန်းညှိခြင်း၊ မီးရှူးမီးပန်းဖောက်ခြင်း၊ ရိုးရာသေနတ်ပစ်ဖောက်ခြင်း၊ ကံစမ်းမဲဖွင့်ဖောက်ခြင်းနှင့် ရိုးရာစုပေါင်းမီးပုံပွဲအကဖြင့် ဆင်နွှဲခြင်းတို့အပြင် ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာဓလေ့ပြခန်းများ၊ ရိုးရာအဝတ်အစားပြပွဲများ၊ ခေတ်ပေါ် တေးဂီတအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှု အကနှင့် အတီးအမှုတ်များကိုပါ ပြသတင်ဆက်ပေးကြောင်း ခွာဒိုပွဲတော်ကျင်းပရေး ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

**"ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ နှစ်သစ်ကူးပွဲတော်ကာလ အထိမ်းအမှတ်အဖြစ် နှစ်စဉ်ဆင်နွှဲကျင်းပလေ့ရှိသော ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်ကြာ ပြည်နယ်အဆင့် ကျင်းပခြင်းမရှိခဲ့သည့် အခြေအနေမှ ယခင်နှစ်မှ စတင်ကာ ပြည်နယ်အဆင့် ပွဲတော်အဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ချင်းပြည်နယ်(မြောက်ပိုင်း) ဒေသ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းမှုအဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်"**

"ဒီနှစ်ကျင်းပတဲ့ ခွာဒိုပွဲတော်မှာ ရိုးရာကောက်သစ်စားပွဲအပြင် နှစ်သစ်ဆုတောင်းပွဲလည်း ပါဝင်ပါတယ်၊ ဒါ့အပြင် ရိုးရာခွာဒိုပွဲတော် အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်နဲ့ ဆိုင်းဇန်ကျေးရွာ အထက်တန်း ကျောင်းဆောင်သစ်တို့ကို တာဝန်ရှိသူတွေက ဖွင့်လှစ်ပေးခဲ့ကြပါတယ်၊ ပြီးတော့ ထူးချွန်ဆုရရှိတဲ့သူတွေကိုလည်း ဒီပွဲမှာ ဂုဏ်ပြုချီးမြှင့်ခဲ့ကြပါတယ်၊ အခုလို ပွဲတော်ကျင်းပတာဟာ ရိုးရာဓလေ့ထိန်းသိမ်းဖို့၊ အေးအတူပူအမျှ စည်းလုံးညီညွတ်ဖို့၊ မျိုးဆက်သစ်လူငယ်တွေကို လက်ဆင့်ကမ်းပေးပြီး ဆက်လက်လုပ်ဆောင်နိုင်ဖို့၊ နှစ်သစ်နှင့်အတူ စိတ်သစ်၊ ဘဝသစ်၊ ခွန်အားသစ်တွေ ရလာဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ခွာဒိုပွဲတော် အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကိုလည်း နိုဝင်ဘာ ၄ ရက်က တီးတိန်မြို့၌ စည်ကားစွာကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခွာဒိုပွဲတော်သည် တီးတိန်၊ တွန်းဇံမြို့နယ်များရှိ ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏နှစ်သစ်ကူးပွဲတော်ကာလ အထိမ်းအမှတ်အဖြစ် နှစ်စဉ် ဆင်နွှဲကျင်းပလေ့ရှိသော ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်ကြာ ပြည်နယ်အဆင့် ကျင်းပခြင်းမရှိခဲ့သည့် အခြေအနေမှ ယခင်နှစ်မှ စတင်ကာ ပြည်နယ်အဆင့် ပွဲတော်အဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ချင်းပြည်နယ်(မြောက်ပိုင်း) ဒေသ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းမှုအဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအစိုးရလက်ထက်၌ ခွာဒိုပွဲတော်ကို ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကျင်းပရာတွင် ပြည်တွင်းပြည်ပရှိ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ရေးအတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို တင်ဆက်ပြသနိုင်ခြင်း၊ ပြည်နယ်၏ သဘာဝအလှအပများကို ခံစားနိုင်ခြင်း၊ တီးတိန်ဒေသတွင် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုတစ်ရပ် ဖော်ထုတ်နိုင်ခြင်း စသည့် အခွင့်အလမ်းများအပြင် နိုင်ငံတကာရောက် တီးတိန်ဒေသခံများအနေဖြင့်လည်း မိမိဒေသသို့ နှစ်ပတ်လည် အိမ်ပြန်ချိန်အဖြစ် လည်ပတ်နိုင်မည့် အခွင့်အလမ်းများကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခွာဒိုပွဲတော်သည် ချင်းလူမျိုးများ တောင်ပေါ်ဒေသသို့ ပြောင်းရွှေ့နေထိုင်သည့် ကျိမ်နွဲဒေသမှ စတင်ကာ အခြေချနေထိုင်ခဲ့သည့် အေဒီ ၁၄ ရာစုခန့်မှ စတင်၍ ကျင်းပသည့် ရိုးရာပွဲတော်ဖြစ်ကြောင်း၊ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးကာလတွင် ခွာဒိုပွဲတော်ကျင်းပကာ ယခင်က ကောက်သစ်စားပွဲကျင်းပခြင်း၊ ဘိုးဘေးများ၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်းစသည့် လူမှုရေး၊ ဘာသာရေးအသွင်ဆောင်သည့် ပွဲတော်အဖြစ်မှ ယခုအချိန်တွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်မှုကိုပြသသည့် အလွန်မွန်မြတ်သော ပွဲတော်ဖြစ်လာကြောင်း၊ ယခုနှစ် ခွာဒိုပွဲတော်ကို ချင်းတိုင်းရင်းသားများနေထိုင်ရာ ပြည်တွင်းပြည်ပနှင့် မြို့ပြ၊ ကျေးလက်ဒေသအသီးသီးတို့၌လည်း စည်ကားစွာဖြင့် ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းဆောင်းပါး-နေစု(ချင်းရိုးမ)**






# ညောင်ဦးမြို့နယ်အတွင်းမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေပေးအပ်

**ညောင်ဦး နိုဝင်ဘာ ၆**

ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင် ပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် ရပ်ကွက်/ကျေးရွာပေါင်း ၃၆ ရွာကို လျာထားပြီးဖြစ်ရာ ယင်းလုပ်ငန်းများတွင် ရေရရှိရေးလုပ်ငန်းငါးခု၊ ကျေးလက်လမ်းလုပ်ငန်း ရှစ်ခုနှင့် အခြားလုပ်ငန်း ၂၃ ခုတို့ ပါဝင်ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစော၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးဝင်းမြင့်ခိုင်နှင့် ဦးမြင့်စိန်တို့က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ပတ်သက်၍ တိကျစွာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊ လုပ်ငန်း အစ၊ အလယ်၊ အဆုံး ဆောင်ရွက်မှုမှတ်တမ်းများ၊ စာရင်းဇယားများကို စနစ်တကျထားရှိရန်၊ ငွေလက်ဝယ်ရရှိပြီးသည်နှင့် စည်းကမ်းတကျသုံးစွဲပြီး လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ကြရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။



ရန်ပုံငွေပေးအပ်ပွဲသို့ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့တွင်းရှိ ရပ်ကွက်/ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ၊ အဆိုပါ ရပ်ကွက်/ကျေးရွာများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကျေး စာရေးများ တက်ရောက်ခဲ့ကြသည်။ **ရဲသူရအောင်(ညောင်ဦး)**

# အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၆**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP) အရ မြစ်ကြီးနားမြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်က မြစ်ကြီးနားမြို့ စီတာပူမနောကွင်း မဏ္ဍယ်ခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲကို စတင်ကျင်းပကာ နောက်ဆုံးအဆင့် ဆန်ခါတင် ငါးဦးကို ရွေးချယ်ခဲ့သည်။ ထို့နောက် ဆန်ခါတင် ငါးဦးမှ ဆုများကို ဆက်လက်ရွေးချယ်၍ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်ဘက်တီဆိုင်ဆန်က "အားကစားနှင့် ကာယပညာကို ဒီထက်မကတိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲကို လုပ်တာပါ၊ နောက်နှစ်တွေမှာလည်း ပြိုင်ပွဲကို ဆက်လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# ရွှေသိမ်တော်ဓမ္မစကူးလ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**မလှိုင် နိုဝင်ဘာ ၆**

ငြိမ်းချမ်းသာယာသောလူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်နှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ သင်ကြားပေးနေသော မလှိုင်မြို့ ရွှေသိမ်တော်ဓမ္မစကူးလ် ယဉ်ကျေးလိမ္မာသင်တန်း၏ အပတ်စဉ်(၂) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက်က ရွှေသိမ်တော်မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မလှိုင်မြို့ လေသာကျောင်းဆရာတော်က သီလချီးမြှင့်ပြီး ရှစ်မျက်နှာပရိယတ္တိစာသင်တိုက် ဩဝါဒါစရိယဆရာတော်နှင့် ရွှေသိမ်တော်ဓမ္မစကူးလ်သင်တန်းကျောင်း တာဝန်ခံဆရာတော်တို့က ဩဝါဒမိန့်ကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ သင်တန်းဖြစ်မြောက်ရေးနာယက ဦးကျော်ငြိမ်းနှင့် အတွင်းရေးမှူး ဦးခင်မောင်စန်းတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကာ သင်တန်းတွင် ပျက်ရက်မရှိ တက်ရောက်သင်ယူခဲ့သော ကျောင်းသားကျောင်းသူ ၇၀ အား အထူးဆုများနှင့် အခြား ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များကို ဆရာတော်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ယဉ်ကျေးလိမ္မာသင်တန်း အပတ်စဉ်(၂)ကို မေလအတွင်းက စတင် ဖွင့်လှစ်ခဲ့ပြီး KG တန်းမှ ပဉ္စမတန်းအထိ သင်တန်းသား သင်တန်းသူ ၄၅၀ ကျော် တက်ရောက်ခဲ့ကာ သင်တန်းဆရာမ ၁၈ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး**

# တောဆင်ရိုင်းများသတ်ဖြတ်မှုလျှော့ချရေး အသိပညာပေးမှုများပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၆**
မြန်မာ့အိမ်နီးချင်းနိုင်ငံအချို့တွင် တောဆင်ရိုင်းများကို သတ်ဖြတ်၍ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ရောင်းချနေသည့် ဈေးကွက်ဝယ်လိုအားကြောင့် မြန်မာနိုင်ငံ၌ တောဆင်ရိုင်းများကို အမဲလိုက်သတ်ဖြတ်မှုမှာ စိုးရိမ်ရသည့်အနေအထားဖြစ်လာကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(တတ်) မှ ညွှန်ကြားရေးမှူး ဒေါ်မေမိုးဝါကပြောသည်။

"ကျွန်မတို့နိုင်ငံမှာ ဆင်တွေကို အမဲလိုက်သတ်ဖြတ်နေမှုဟာ အတော်လေးကို စိုးရိမ်ရတဲ့အနေအထား ဖြစ်လာပါတယ်။ တစ်ပတ်ကို တစ်ကောင်နှုန်းနဲ့ သတ်ဖြတ်နေကြတာပါ။ တရားဝင်စာရင်းတွေအရဆိုရင် မြန်မာနိုင်ငံမှာ ဆင်ကောင်ရေ ၁၄၀၀ ကနေ ၂၀၀၀ လောက်ပဲ ကျန်ရှိပါတော့တယ်။ ၂၀၁၆ မှာ ၁၈ ကောင်၊ ၂၀၁၇ မှာ အကောင် ၃၀ အသတ်ခံရတယ်ဆိုတော့ ၂၀၃၀ - ၂၀၃၅ လောက်ဆို မြန်မာနိုင်ငံမှာ ဆင်တွေ မျိုးတုန်းပျောက်ကွယ်သွားနိုင်ပါတယ်"ဟု ဒေါ်မေမိုးဝါက ပြောသည်။ နိုဝင်ဘာ ၄ ရက်က ရန်ကုန်မြို့မြို့တော်ခန်းမရှေ့၌ ပြုလုပ်သော VOICES FOR MOMOS ကမ်ပိန်း စတင်ခြင်း အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

အဆိုပါ ကမ်ပိန်းတွင် မြို့တော်ခန်းမရှေ့၌ ဆင်ရုပ်များကို ပြည်သူလူထုအား ပြသအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ပါဝင်ပြီး နိုဝင်ဘာ ၆ ရက်အထိ သုံးရက်ကြာ ပြုလုပ်ကာ နောက်ရက်များတွင် ရန်ကုန်တိရစ္ဆာန်ရုံနှင့် အခြား လူသွားလူလာများသော နေရာများတွင်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆင်နှင့်ပတ်သက်၍ အသိပညာပေးခြင်းကို အဆင့်သုံးဆင့်ဖြင့် နိုဝင်ဘာလမှ ဧပြီလအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆင်နှင့်ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သော ဥပဒေတစ်ရပ်ပေါ်ထွက်လာရေးအတွက်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



ပြည်ပဈေးကွက်များတွင် ဆင်များကိုသတ်ဖြတ်၍ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ရောင်းချရာ၌ သားရေများကို အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးချခြင်း၊ ဆင်နှာမောင်းများကိုစွပ်ပြုတ်လုပ်သောက်ခြင်း၊ ဆင်စွယ်နှင့်အမြီးများကို အဆင်တန်ဆာများ ပြုလုပ်ခြင်းတို့ကြောင့် ဈေးကွက်မှာ ကြီးထွားလာပြီး ဆင်များသတ်ဖြတ်ခံရမှုမှာလည်း ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။
**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**



## ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကျင်းပ

**ဖန်းမောက် နိုဝင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူထားရှိ ဖြစ်မြောက်ရေးအတွက် ပန္နက်တင်အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပန္နက်တင်အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုနှင့် စစ်မှုထမ်းဟောင်း ဗိုလ်ကြီး(ငြိမ်း) ထွန်းမောင်တို့က ဗိုလ်ချုပ်ကြေးရုပ်တည်ဆောက်မည့်မြေနေရာတွင် ပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြသည်။

"ဗိုလ်ချုပ်ကြေးရုပ်ကို ကုန်ကျငွေ ကျပ်သိန်း ၂၀၀ ခန့်မှန်း ဆောင်ရွက်ပါမယ်။ အောက်ခံကျောက်ခုံအပိုင်း အမြင့် ၆ ပေ၊ လေးထောင့်ခုံ အမြင့် ၄ ပေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် အမြင့် ၉ ပေကို လေးစားဂုဏ်ပြုသောအားဖြင့် စိုက်ထူမှာဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။
**ကျော်စွာ(ဖန်းမောက်)**

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား မကွေးမြို့တွင် အခမဲ့ ခွဲစိတ်ကုသပေးသွားမည်

**မကွေး နိုဝင်ဘာ ၆**
ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ ဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု ပရဟိတအဖွဲ့နှင့် Japan Heart International Medical Volunteers Organization တို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား မကွေးမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ (၇)ကြိမ်မြောက်အဖြစ် အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း ကရုဏာရှေးရှုမြန်မာမှု ပရဟိတအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မြန်မာဘရူဝါရီလီမိတက်မှ ဦးစီးပြီးလုပ်တဲ့ ကရုဏာ ရှေးရှုမြန်မာမှုဆိုတဲ့ ပရဟိတအဖွဲ့လေး ရှိပါတယ်။ ဒီအဖွဲ့လေးမှာရှိတဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေအကုန်လုံးဟာ မြန်မာဘရူဝါရီလီမိတက်ရဲ့ ပရဟိတလုပ်ငန်းတွေ အကုန်လုံးကို ဝိုင်းဝန်း လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ် ၂၀၁၇ ခုနှစ်အတွက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၆၀ ကနေ ၇၀ အတွင်းကို လေးရက်အတွင်း အပြီးခွဲစိတ်ကုသပေးမှာ ဖြစ်ပါတယ်။ ခွဲစိတ်ကုသပေးမယ့်နေရာကတော့ မကွေးမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်ပါမယ်။ ယခု မကွေးမြို့ လေးထပ်ကျောင်းတိုက်ရှိ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံမှာတော့ လူနာတွေရဲ့ တည်းခိုဆောင် အနေနဲ့ ထားထားခြင်းဖြစ်ပါတယ်။ လူနာ ၆၀ ကျော် ၇၀ ကို ဒီနေ့ကစပြီး ဆေးစစ်ပါမယ်၊ ခွဲခန်းကိုဝင်ပြီး ခွဲစိတ်ကုသလို့ရတဲ့ အရည်အသွေးရှိ၊ မရှိ စစ်ဆေးပြီးတော့ နိုဝင်ဘာ ၆ ရက်နေ့ကစပြီး ခွဲစိတ်ကုသပေးမှာ ဖြစ်ပါတယ်"ဟု မြန်မာဘရူဝါရီလီမိတက်မှ Corporate Communications Manager ကိုမိုးဇော်က ပြောသည်။




ခွဲစိတ်ကုသပေးမည့်ရက်မှာ နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိဖြစ်ကြောင်း၊ အခမဲ့ခွဲစိတ်ကုသပေးမည့်အပြင် လာရောက်၍ ခွဲစိတ်ကုသမှုခံမည့် လူနာများအား ခရီးစရိတ်မှအစ၊ တည်းခိုနေထိုင်စဉ်အတွင်း မနက်စာ၊ နေ့လယ်စာ၊ ညစာ စားရိတ်ငြိမ်း၊ ခွဲစိတ်ကုသစရိတ်၊ ခွဲစိတ်ခန်းကြေး၊ ဆေးဖိုးဝါးခ အားလုံးကို တာဝန်ယူ၍ ကုသိုလ်ဖြစ်ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကရုဏာရှေးရှုမြန်မာမှု ပရဟိတအဖွဲ့အနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ ခွဲစိတ်ကုသပေးသည့် အစီအစဉ်ကို ၂၀၁၀ ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ထိုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့်မေးရိုးဌာန၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့် မေးရိုးဌာန၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် မန္တလေး ကလေးဆေးရုံကြီး၌ လည်းကောင်း အခမဲ့ ခွဲစိတ်ကုသပေးခဲ့ရာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ကလေးငယ်စုစုပေါင်း ၆၀၂ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ကျော်ဇေယျ**

## ရေးသမျှ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်း တပ်ကုန်းမြို့နယ်၌ (၆)ကြိမ်မြောက် ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၆**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် စာပေဝါသနာရှင်များ၊ စာဖတ်သူများ၏ စာပေရေးသားမှုနှင့် ဖတ်ရှုခံစားမှုများအား ဆွေးနွေးမျှဝေရန် ရည်ရွယ်ကျင်းပသည့် ရေးသမျှ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းကို နိုဝင်ဘာ ၄ ရက်က အဆိုပါဌာနရှိ Community Center ခန်းမ၌ ကျင်းပခဲ့သည်။

စာပေစကားဝိုင်း ဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင်များနှင့် လူငယ်စာပေဝါသနာရှင်များ၊ နေပြည်တော်စာပေ စကားဝိုင်းမှ စာရေးဆရာများနှင့် စာပေဝါသနာရှင်များတက်ရောက်ကြသည်။ စာပေစကားဝိုင်းတွင် နေပြည်တော် စာပေစကားဝိုင်းမှ ကိုမိုးသူရ(နက္ခတ်)က မိဘမေတ္တာ ကရုဏာ ရသဆက်သွယ်မှု ဝတ္ထုတိုအကြောင်း၊ တပ်ကုန်းစာပေစကားဝိုင်းမှ မအိအိငြိမ်း (မြင့်မြတ်သိင်္ဂီ)နှင့် ကိုတိုးဝင်းရွှေ (နန္ဒဘုန်းဝေ)က ဝတ္ထုတိုများတွင် ပေးလိုသည့် မက်ဆေ့ချ်အကြောင်းနှင့် တက်ရောက်လာသူများက ဖတ်ဖူး၊ ရေးဖူးကြသည့် ဝတ္ထု၊ ကဗျာများ အကြောင်းတို့ကို အပြန်အလှန်ဆွေးနွေးကြပြီးနောက် မြို့နယ်ဦးစီးမှူးနှင့် ဆရာဦးမျိုးမြင့်(မြန်မာစာ)၊ ဦးတင်မျိုးဝင်း (မောင်လွယ်အိတ်)တို့က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပေးပို့လှူဒါန်းသည့် စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူးက အနော်ရထာရပ်ကွက်နှင့် ညောင်ပင်သာ၊ ဥသျှစ်ကုန်း၊ ညောင်လွန့်ကျေးရွာများရှိ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခဲ့သည်။ တပ်ကုန်းမြို့နယ်၌ ယခုပြုလုပ်ခဲ့သည့် စာပေစကားဝိုင်းသည် ခြောက်ကြိမ်မြောက်ဖြစ်ပြီး စာပေစကားဝိုင်းကို လစဉ်ကျင်းပသွားမည်ဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။
**တင်စိုးလွင်**

## အဆင့်မြင့်စာကြည့်တိုက်ပညာသင်တန်း ၂ / ၂၀၁၇ ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၆**
မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်ပညာ ပြန့်ပွားတိုးတက်စေရန် ရည်ရွယ်လျက် အဆင့်မြင့် စာကြည့်တိုက် ပညာသင်တန်း ၂ / ၂၀၁၇ ကို နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ပြည်လမ်း စိန်ရတုခန်းမ မြေညီထပ်ရှိ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ယခင်က စာကြည့်တိုက်အခြေခံပညာသင်တန်းတက်ရောက်ဖူးသူများနှင့် စာကြည့်တိုက်ပညာကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းတွင် နည်းပညာခေတ်နှင့်အညီ စာကြည့်တိုက်ပညာရပ်နှင့် သုတပညာရပ်များကို ခြုံငုံသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမရှိသော်လည်း စာရွက်စာတမ်းဖိုး ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းသား ၅၀ လက်ခံမည်ဖြစ်သည်။ သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဝင်ခွင့်ပုံစံများကို ပြည်လမ်း စိန်ရတုခန်းမ မြေညီထပ်ရှိ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမတွင် လည်းကောင်း၊ အမှတ် ၅၂၉/ ၅၃၁ စာပေဗိမာန်စာကြည့်တိုက်တွင်လည်းကောင်း ရယူနိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို နိုဝင်ဘာ ၁၀ ရက်နောက်ဆုံးထား လျှောက်ထားနိုင်သည်။ ဖုန်း-၀၉-၅၁၈၆၃၉၈ ၊ ၀၉-၇၃၁၅၀၅၃၇ နှင့် ၀၉-၂၅၀၃၅၄၃၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး အီးမေးဖြင့် လျှောက်ထားလိုပါက email : Myanmar library association.mla@gmail.com သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
**မြန်မာ့အလင်း**

# တောင်ပြိုကျ၍လမ်းပိတ်ခဲ့သော ထီးချိုင့်-ကသာလမ်း ယခုအချိန်ထိ ပိတ်နေဆဲဖြစ်

**ထီးချိုင့် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ကသာ-ထီးချိုင့် ခရိုင်ချင်းဆက်အမှတ်(၃) မြို့ရှောင်ကားလမ်းတွင် အောက်တိုဘာ ၂၄ ရက်က ဆိုးရွားစွာတောင်ပြိုကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ ၁၀ ရက်ကျော်ကြာသည့် နိုဝင်ဘာ ၄ ရက်အထိ လမ်းပြန်မပွင့်နိုင်သေးဘဲ ပိတ်ဆို့နေဆဲဖြစ်ကြောင်း သိရသည်။

ယခုအခါ တောင်ပြိုကျ၍ လမ်းပိတ်ဆို့ပြီး ပြန်မပွင့်သေးသဖြင့် ခရီးသွားယာဉ်များ၊ လိုင်းကားများမှာ ထီးချိုင့်မြို့တွင်းလမ်းများသို့ဝင်၍ မောင်းနှင်သွားလာနေကြရပြီး သွားလာရေး ပိုမိုခက်ခဲသလို မြို့တွင်း၌ ကျောင်းဆင်းကျောင်းတက်ချိန်များတွင် ယာဉ်အန္တရာယ်အတွက်လည်း ပို၍ စိုးရိမ်ရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။



တောင်ပြိုကျပြီးစအချိန်က ထီးချိုင့်မြို့ရှိ နေအိမ်အချို့မှ ပြည်သူများက တောင်ပြိုကျ၍ လမ်းပိတ်ဆို့သည့်နေရာမှ မြေသားများကို သယ်ယူဖယ်ရှား၍ ဆိုင်ကယ် စီးနင်းသွားလာနိုင်အောင် လုပ်ဆောင်ခဲ့ကြသော်လည်း ထပ်မံ၍ ပြိုကျမှုများရှိခဲ့သဖြင့် လက်ရှိအချိန်အထိ ခရီးသွား၍ မရတော့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ထီးချိုင့်နှင့် ကသာ ခရိုင်ချင်းဆက်လမ်းဖြစ်ပြီး မြို့ရှောင်ကားလမ်းဖြစ်၍ အချိန်ကုန်သက်သာစွာ သွားလာနိုင်သည့်အပြင် ထိုလမ်းမှ ဗန်းမော်-ကသာလမ်းသို့လည်းကောင်း၊ ရွှေဘို၊ မန္တလေးနှင့် မုံရွာမြို့များသို့ သပိတ်ကျင်းဘက်လမ်းမှလည်းကောင်း ဆက်သွယ်သွားလာနိုင်သော ကျောက်စီမြေသားလမ်းဖြစ်သည်။ ထိုကားလမ်းမှာ ကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာမှု နည်းပါးသေးသော လမ်းဖြစ်ပြီး ချောင်းကူးလမ်းမှာလည်း အနည်းငယ်သာရှိ၍ ခရီးသွားယာဉ်များအတွက် သွားလာရေးလွယ်ကူစေသော လမ်းတစ်ခုလည်းဖြစ်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ထားရှိရာ တောင်တန်းမှာ ကျောက်ပွနှင့် မြေနီများ ရောနှောနေသော မြေအမျိုးအစားဖြစ်သဖြင့် ပြီးခဲ့သည့်လအတွင်းက မိုးရွာသွန်းချိန်တွင် ကျဆင်းလာသော ရေများကြောင့် မြေသားများ နိမ့်ဆင်းလျှောကျကာ တောင်ပြိုကျခြင်းဖြစ်ခဲ့သည်ဟု ယူဆရကြောင်း မြေမပြိုကျမီက ထိုလမ်းတွင် နေ့စဉ်သွားလာနေခဲ့သည့် လိုင်းကားယာဉ်မောင်းတစ်ဦးက ပြောသည်။ **ငွေအိုး(ကသာ)**

# ရွှေဆံတော်စေတီ မသိုးသင်္ကန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**တွံတေး နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၏ ရှေးဟောင်းသမိုင်းဝင်ဖြစ်ပြီး ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော် ရင်ပြင်၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သော မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူ လှည့်လည် ပူဇော်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညပိုင်းက စေတီရင်ပြင်ရှိ ဒေါ်ပု၊ ချစ်တီးတန်ဆောင်း၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ဆုပေးပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ ဝိုင်းဝန်းကူညီကြသော ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုလွှာများပေးအပ်သည်။ ထို့နောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် ပထမဆုရ အုန်းပင်စုရပ်ကွက်၊ ဒုတိယဆုရ ဈေးသစ်ရပ်ကွက်၊ တတိယဆုရ အိုးဖိုအနောက်ရပ်ကွက်နှင့် နှစ်သိမ့်ဆုရ ရက်ကန်းစင် ခြောက်စင်းတို့ကိုလည်းကောင်း၊ (၁၂၂)ကြိမ်မြောက် မြို့တွင်း နှစ်ကျိပ်ရှစ်ဆူပြိုင်ပွဲတွင် ပထမဆုရ သမ္ဗုလစင်တော်၊ ဒုတိယဆုရ သုဇာတာစင်တော်၊ တတိယဆုရ အမရာစင်တော်၊ စတုတ္ထဆုရ ပပဝတီစင်တော်နှင့် နှစ်သိမ့်ဆုရ ရပ်ကွက်အသင်းများကိုလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆု ကျပ် ၃၅၀၀၀၀၊ တတိယဆု ကျပ် ၂၅၀၀၀၀ နှင့် နှစ်သိမ့်ဆု နှစ်သိန်းကျပ်စီ၊ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲတွင် ပထမဆု ကျပ် ၁၆ သိန်း၊ ဒုတိယဆု ကျပ် ၁၄ သိန်း၊ တတိယဆု ကျပ် ၁၂ သိန်း၊ နှစ်သိမ့်ဆု (၁)နှင့် (၂)ကို ကျပ် ခုနစ်သိန်းနှင့် ကျန်နှစ်သိမ့်ဆုများကို ကျပ်ငါးသိန်းစီ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တိုက်ကြီးမြို့နယ်၌ တံတားလမ်းချဲ့စဉ် ဗုံးသီးဟောင်းနှစ်ခြမ်း တွေ့ရှိ

**တိုက်ကြီး အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ အိုးတန်းရပ်ကွက်အတွင်း ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ သစ်ဖြတ်ချောင်းတံတား လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် အချင်း ၂၀ လက်မရှိ ဗုံးသီးခြမ်းနှစ်ခုကို နိုဝင်ဘာ ၃ ရက်က တွေ့ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဗုံးသီးခြမ်းတွေ့ရှိသော တံတားသို့ တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ လာရောက်ကြည့်ရှုရာ အချင်း ၂၀ လက်မ၊ လုံးပတ် ၆၂ လက်မရှိ ဗုံးခြမ်းတစ်ခြမ်းတွေ့ရှိပြီး ကျန်တစ်ခြမ်းမှာ တံတားချဲ့ရန် တူးထားသော မြေကျင်းထဲတွင်ကျန်ရှိနေကာ ပန်းရန်သမားများအနေဖြင့် ဆက်မတူးရဲဘဲ ဖြစ်နေသဖြင့် မြို့နယ်ရဲတပ်ဖွဲ့က တပ်မတော်တာဝန်ရှိသူများထံ သတင်းပို့ခဲ့ကြောင်း၊ တပ်မတော်မှ တာဝန်ရှိသူများက လာရောက်စစ်ဆေးကာ အန္တရာယ်မရှိကြောင်းသိရ၍ တံတားပြင်နေသော ပန်းရန်အဖွဲ့အား ဆက်လက်တူးဖော်စေခဲ့ရာ ကျန်ရှိသော ဗုံးတစ်ခြမ်းကိုပါ ဆက်လက်တူးဖော်ရရှိခဲ့ကြောင်း၊ အဆိုပါဗုံးခြမ်းသည်လည်း အချင်း ၂၀ လက်မ လုံးပတ် ၆၂ လက်မရှိကြောင်း သိရသည်။



အဆိုပါဗုံးခြမ်း တူးဖော်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ အိုးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများလည်း လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီခဲ့ကြကြောင်း သိရသည်။ **ထွန်းလှိုင် (မြိုင်)**

# ညောင်ဦး - တောင်ဇင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ညောင်ဦး နိုဝင်ဘာ ၆**

ညောင်ဦးမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး ဓာတ်အားပြည့်ဝစွာ အသုံးပြုခွင့်ရရှိစေရန် ရည်ရွယ်၍ ညောင်ဦး-တောင်ဇင်း ဓာတ်အားလိုင်းတစ်လျှောက်မှ ဓာတ်ကြိုးများနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး၏ လမ်းညွှန်မှုဖြင့် ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်ဦးဆောင်သည့် ဝန်ထမ်းများအဖွဲ့ နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်က လိုက်လံခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးခရိုင်နဲ့ ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ အနေဖြင့် ပြည်သူတွေ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်ချက်နဲ့ ဓာတ်အားလိုင်းနဲ့မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ မနေ့ကဆိုရင် ညောင်ဦးမြို့တွင်းက ၁၁ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းနဲ့မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အခုဒီနေ့မှာလည်း ကျွန်တော်ဦးဆောင်ပြီးတော့ ညောင်ဦး-တောင်ဇင်း ဓာတ်အားလိုင်းတစ်လျှောက်က ဓာတ်အားလိုင်းနဲ့မလွတ်ကင်းတဲ့ သစ်ပင်သစ်ကိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပေးနိုင်ခဲ့ပါတယ်"ဟု ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရေစကြိုမြို့နယ်တွင် မြေထည်ပစ္စည်းများ ရောင်းအားကျဆင်းလာလျက်ရှိ

**ရေစကြို နိုဝင်ဘာ ၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းမှ ဆပ်သွား၊ သဲပုံ၊ မြောက်ပြင်၊ သက်ရွာ စသည့် ကျေးရွာများသည် မြေထည် လက်မှုပညာပစ္စည်းများဖြစ်သည့် ရေအိုး၊ အင်အုံ၊ စလောင်းဖုံး၊ ညောင်ရေအိုး၊ ပန်းအိုး၊ ဆီမီးခွက်၊ ထန်းမြူအိုး၊ အိုးပုတ်စသည့် ပစ္စည်းများ လုပ်ကိုင်ရောင်းချခြင်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေကြသော ကျေးရွာများဖြစ်ကြသည်။

ယခုနှစ်များအတွင်း ပလတ်စတစ်ရေတိုင်ကီများ၊ သောက်ရေသန့်ဘူးကြီး၊ ဘူးသေးများကို အသုံးပြုသူ များပြားလာမှုကြောင့် ရေအိုးများကို အသုံးပြုသူ နည်းပါးလာပြီး ရေအိုးအမျိုးမျိုး ရောင်းအားကျလာသလို အခြား မြေထည်ပစ္စည်းများမှာလည်း အရောင်းရနည်းပါးလာသည်ဟု အဆိုပါကျေးရွာများရှိ မြေထည်ပစ္စည်းများ ပြုလုပ်ရောင်းချသူများထံမှ သိရသည်။

"ကျွန်တော်တို့ သက်ရွာက မြေထည်ပစ္စည်းတွေ ကိုယ်တိုင်လုပ်ရောင်းချတာကတော့ တော်တော်ကြာပါပြီ။ ရှေးဘိုးဘွားဘီဘင်တွေလက်ထက်ကတည်းက လုပ်ရောင်းခဲ့ကြတာပါ။ အခုနှစ်ပိုင်းတွေမှာ မြေထည်ပစ္စည်းတွေ အရောင်းရပါးတော့ စားဝတ်နေရေးအတွက် တခြားအလုပ်တွေ ရှာလုပ်ကြရတယ်။ ရေအိုးတွေကလည်း အရင်ကလို ရောင်းအားမကောင်းဘူး။ အရင်ကတော့ တန်ခူး၊ ကဆုန် နွေပေါက်ပြီဆိုရင် ရေအိုးတွေ လှိုင်လှိုင်ရောင်းရပြီ။ အလှူတွေ၊ မင်္ဂလာဆောင်တွေမှာလည်း သောက်ရေအိုးနဲ့ လက်ဆေးရေထားဖို့ကို ရေအိုးတွေပဲ သုံးခဲ့ကြတာ။ အခုကျတော့ သောက်ဖို့ရေကို ရေသန့်ဘူး အကြီးတွေ သုံးလာကြတယ်။ လက်ဆေးရေကိုကျတော့ ပလတ်စတစ်ပုံး အကြီးတွေနဲ့ သုံးလာကြတယ်။ အရင်က ရေခပ်ရင်လည်း ရေအိုးနဲ့ ခပ်ကြတာ။ အခုတော့ ငါးဂါလန်ဆံ့တဲ့ ပလတ်စတစ်ပုံး အဝါကြီးတွေနဲ့ သယ်လာကြတော့ ရေအိုးတွေ အရင်လို မရောင်းရဘူး။ နောက်ပြီး ထန်းမြူအိုးတွေဆိုရင် အရင်က တစ်နှစ်ကို အလုံး ရှစ်ထောင်ကျော်လောက်ကို ရွာတွေလှည့်ပြီး ထန်းပေါ်ပေးအနေနဲ့ အကြွေးရောင်းရတယ်။ အခု ထန်းတက်သမားကလည်း ရှားလာတော့ ထန်းမြူအိုးတွေလည်း မရောင်းရတော့ဘူး"ဟု သက်ရွာကျေးရွာမှ မြေထည်ပစ္စည်း ပြုလုပ်ရောင်းချသူ ဦးမိုးသီးက ပြောသည်။

သက်ရွာကျေးရွာနှင့် မြောက်ပြင်ကျေးရွာသည် ပခန်းကြီးမြို့ဟောင်းနှင့် ကပ်လျက်တွင်ရှိသော ကျေးရွာများဖြစ်ရာ ပခန်းကြီးမြို့စည်ကားစဉ် ဟိုရှေးယခင်ကပင် အဆိုပါကျေးရွာများတွင် မြေထည်လုပ်ငန်းများကို လုပ်ကိုင်ကြပြီး အဆိုပါကျေးရွာထွက် ရေအိုးများကို ပခန်းအိုးဟု ခေါ်ဆိုကြသည်ဟု သိရသည်။



"မြေထည်ပစ္စည်းတွေကို ရွှံ့စေးမြေနဲ့ သဲနဲ့ လုပ်ရတာပါ။ လိုချင်တဲ့ ပုံစံလုပ်ပြီးရင် အခြောက်လှန်းရတယ်။ ပြီးမှ မီးဖုတ်ရတာပါ။ ရွှံ့စေးမြေကို အမှုန့်ဖြစ်အောင်ထောင်းတာတို့၊ သဲနဲ့လိုသလို ရောစပ်တာတို့ကို အမျိုးသားတွေက လုပ်တာပါ။ လိုချင်တဲ့ ပုံစံပေါ်အောင်လို့ အမျိုးသမီးတွေက လုပ်ကြပါတယ်။ ရေအိုးက လုပ်ရတာ အခက်ဆုံးပါ။ ရွှံ့ကို အပြားခတ်ပြီးတော့ အိုးပုံပေါ်အောင်လုပ်ရတာ မလွယ်ပါဘူး။ လိုချင်တဲ့ပုံစံလုပ်ပြီးရင် အခြောက်လှန်းရတယ်။ ပြီးမှ မီးဖုတ်ရတာပါ။ အခုခေတ်ဆိုရင် အသက် ၄၀ အောက် လူငယ်တွေက ရေအိုးမလုပ်တတ်ကြတော့ဘူး။ အသက် ၄၀ အထက်လူတွေပဲ ရေအိုးလုပ်တတ်ကြတော့တာ။ ရေအိုးက သိပ်လည်းမရောင်းရတော့ ရေအိုးလုပ်နည်းကိုလည်း လက်ဆင့်ကမ်းမနေတော့ဘူး"ဟု ဦးမိုးသီးက ဆက်လက်ပြောပြသည်။

မြေထည်ပစ္စည်းများအစား အခြားပစ္စည်းများကို အစားထိုးအသုံးပြုလာမှုကြောင့် မြေထည်ပစ္စည်း အရောင်းဆိုင်များမှာလည်း ရောင်းအားကျဆင်းလျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့မဈေးကြီးအတွင်း မြေထည်ပစ္စည်းများရောင်းသူ ဒေါ်သန်းက "အိုးက ရောဝတီမြစ်ကမ်းရဲ့အရှေ့ဘက် ရန္တပိုရွာကလည်းလာတယ်။ တောင်ပခန်း၊ မြောက်ပြင်၊ သဲပုံတို့ကလည်းလာတယ်။ ဆပ်သွားဘက်က စုဘူးအိုးလေးတွေလာတယ်။ မြို့ပေါ်အနေနဲ့က သောက်ရေအိုး သိပ်မသုံးကြတော့ဘူး။ water cooler တွေနဲ့ ရေသန့်ဘူးအကြီးတွေ သုံးနေကြတယ်။ ရွာတွေကတော့ နည်းနည်းရောင်းရတယ်။ မနှစ်ကလည်း အရောင်းပါးတယ်။ ဒီနှစ်လည်း သိပ်မရောင်းရဘူး။ ကျောင်းတွေမှာလည်း ရေအိုးမသုံးကြတော့ဘူး။ ပလတ်စတစ်ပစ္စည်းတွေ ပေါလာတော့ မြေထည်ပစ္စည်းတွေ သိပ်မသုံးကြတော့ဘူး"ဟု ပြောသည်။ **အိမွန်ဆွေ (ရေစကြို)**

## မှုခင်းသတင်းတိုများ

### မိမိကိုယ်ကိုကတ်ကြေးနှင့် အချက်များစွာထိုး၍သေဆုံး

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ အသက် ၃၀ ခန့်အရွယ် အမျိုးသားတစ်ဦး မိမိကိုယ်ကိုကတ်ကြေးနှင့် ၁၀ ချက်မကထိုး၍ သတ်သေမှု နိုဝင်ဘာ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း ပိတောက်ချောင်းနယ်မြေရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီခန့်က ကမာရွတ် ဘူတာရုံလမ်းနှင့် လှိုင်မြစ်လမ်းထောင့်ရှိ စတိုးဆိုင်တစ်ဆိုင်ထဲသို့ အသက် ၃၀ ခန့်အရွယ် အမည်မသိ အမျိုးသားတစ်ဦး ဝင်ရောက်လာပြီး ဆိုင်အတွင်းရှိ ကတ်ကြေးကိုယူကာ မိမိဗိုက်ကို လေးငါးချက်ထိုးကြောင်း၊ ဆိုင်ရှင်က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံစဉ် ဆိုင်အပြင်ဘက်ထွက်သွားကာ ထပ်မံ၍ လည်ပင်းကို ခုနစ်ချက် ရှစ်ချက်ခန့် ဆက်တိုက် ကတ်ကြေးဖြင့်ထိုးခဲ့၍ အခင်းဖြစ်နေရာ၌ပင် သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နယ်မြေ ရဲစခန်းမှ စစ်ဆေးချက်အရ သိရသည်။ သေဆုံးသူမှာ ခန္ဓာကိုယ်တောင့်တင်းပြီး အသက် ၃၀ အရွယ်ဖြစ်ကာ ယနေ့အချိန်အထိ မည်သူမည်ဝါဟု မသိသေးကြောင်းနှင့် ဖြစ်စဉ်အပေါ် ပိတောက်ချောင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ၂၈ ရက်သားကလေးကို မိခင်က ရေကန်ထဲပစ်ချမှုစစ်ဆေးပေါ်ပေါက်

မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာ၌ ၂၈ ရက်သား ကလေးငယ်အား မိခင်ဖြစ်သူက ရေကန်ထဲပစ်ချမှုကြောင့် ကလေးသေဆုံးမှု အောက်တိုဘာ ၃၁ ရက်က ဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၃ ရက်တွင် မိခင်ဖြစ်သူကိုယ်တိုင် ကလေးအား ရေကန်ထဲပစ်ချခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ မမေမြတ်နိုင်(၁၈နှစ်)သည် ၎င်း၏ကလေး ရေကန်ထဲကျ၍ သေဆုံးကြောင်း တိုင်ကြားခဲ့ပြီး အမှုနှင့်ပတ်သက်၍ မြင်းမူမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလေးမြင့်နှင့် မြင်းမူမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမြင့်တို့က စုံစမ်းခဲ့ရာမှ တရားလို မမေမြတ်နိုင်ကိုယ်တိုင်ကလေးအား ရေကန်ထဲသို့ အောက်တိုဘာ ၃၁ ရက် ည ၇ နာရီခန့်က ပစ်ချခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မမေမြတ်နိုင်အား မြင်းမူမြို့မရဲစခန်း၌ အမှုဖွင့် ဖမ်းဆီးထားကြောင်း သိရသည်။

**(၀၇၇)**

### တရားမဝင် ဓားကိုင်ဆောင်သူတစ်ဦးအား စစ်ဆေးအရေးယူ

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကျုံဒိုးနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် တရားမဝင် ဓားကိုင်ဆောင်သူတစ်ဦးအား စစ်ဆေးတွေ့ရှိ၍ နိုဝင်ဘာ ၄ ရက်က ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။ နိုဝင်ဘာ ၄ ရက် နံနက် ၁ နာရီခန့်က ကျုံဒိုးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မြတ်သွင်နှင့် အဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် သိမ်ကုန်း(၈)လမ်းတွင်၌ ဝင်းထွန်း(ခ)ကျော်ဝင်းထွန်း(၂၇ နှစ်)ထံမှ အရိုးအသွား ၁၃ လက်မခန့် ဓားချွန်တစ်ချောင်းကို တွေ့ရှိ၍ အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ဝေါမြို့နယ်တွင် ကားနှင့်ဆိုင်ကယ်တိုက်၍ နှစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း မော်လမြိုင်-ရန်ကုန် ကားလမ်းပေါ်၌ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီခန့်က လူနှစ်ယောက်စီးနင်းလာသော ဆိုင်ကယ်နှင့် အိမ်စီးယာဉ်ငယ်တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။ ကျိုက်ထိုမြို့ဘက်မှ ဘုရားကြီးမြို့ဘက်သို့ အမည်၊ နေရပ်လိပ်စာစုံစမ်းဆဲ အမျိုးသားနှစ်ဦး စီးနင်းမောင်းနှင်လာသော နံပါတ်မပါ အမျိုးအစား ဆိုင်ကယ်က ရှေ့မှသွားနေသည့်ယာဉ်ကို အရှိန်ဖြင့် ကျော်တက်ရာမှ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားခဲ့ပြီး မျက်နှာချင်းဆိုင်ဘက်မှ ဦးမောင်စိုး ဒလမြို့နယ်နေသူ မောင်းနှင်လာသည့် ဟွန်ဒါဖစ် အိမ်စီးယာဉ်ငယ်နှင့် မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိခဲ့ကာ ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးလုံးမှာ ရရှိသော ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဝေါမြို့မရဲစခန်းက အမှုဖွင့်ကာ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### ဝန်းသိုမြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် သရက်ကုန်းကျေးရွာအနီး အင်တိုင်းတောအတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲနေသူ လေးဦးအား သက်သေခံမူးယစ်ဆေးဝါးများနှင့်အတူ နိုဝင်ဘာ ၄ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ မူးယစ်ဆေးဝါးသတင်းအရ အဆိုပါ အင်တိုင်းတောအတွင်းသို့ ဝန်းသိုမြို့မရဲစခန်းမှ ဒုရဲအုပ်စန်းမြင့်ဦးနှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ သရက်ကုန်းရွာသားများဖြစ်သော ငြိမ်းကျော်(ခ)ဖိုးယုံ၊ ဝိုင်းအောင်၊ ဝင်းထွေးနှင့် တိုက်အောင်တို့ လေးဦးအား ဘိန်းဖြူ ၄၇ ဒသမ ၅ ဂရမ်နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား ဝန်းသိုမြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### စကားများရန်ဖြစ်ရာမှ အမျိုးသမီးတစ်ဦးအား ဓားဖြင့် ခုတ်မှုဖြစ်ပွား

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ပါပေါင်းကျေးရွာ၌ အိမ်နီးချင်းနေထိုင်သူချင်း စကားများရန်ဖြစ်ရာမှ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ဓားဖြင့်ခုတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ မန္တဲ့အေးနှင့် အိမ်ချင်းကပ်လျက်နေသူ ဝင်းတင့်တို့သည် ပစ္စည်းပျောက်သည့်ကိစ္စဖြင့် စကားများရန်ဖြစ်ကြရာမှ ဝင်းတင့်က မန္တဲ့အေးအား ဓားဖြင့်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဓားခုတ်မှုကြောင့် မန္တဲ့အေးမှာ ဒဏ်ရာသုံးချက်(စိုးရိမ်ရ)ရရှိခဲ့၍ ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ ကုသနေရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ခုတ်သူ ဝင်းတင့်(၄၆နှစ်)အား ဗန်းမောက်မြို့မရဲစခန်း၌ ဖမ်းဆီး၍ အမှုဖွင့်ထားကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဘားအံမြို့ ကန်သာယာကန်အတွင်း၌ ရိုးရာလှေလှော်ပြိုင်ပွဲ(ဒုတိယအကြိမ်)ကို နိုဝင်ဘာ ၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ လှေလှော်ပြိုင်ပွဲဝင်အသင်းများက အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံလှေလှော် ဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့သည်။



ရိုးရာလှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား လေးမျိုး ပါဝင်ပြီး အမျိုးသားငါးတက်လှော်ပြိုင်ပွဲတွင် ၂၅ သင်း၊ အမျိုးသား သုံးတက်လှော်ပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲတွင် ငါးသင်းနှင့် အမျိုးသမီး သုံးတက်လှော်ပြိုင်ပွဲတွင် ငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် တစ်ကြိမ်လျှင် ပြိုင်ပွဲဝင်အသင်း သုံးသင်းစီကို ယှဉ်ပြိုင်စေပြီး ပန်းဝင်အသင်းနှစ်သင်းကို ရွေးချယ်၍ ဒုတိယအကြိမ် ဆက်လက်ယှဉ်ပြိုင်စေကာ စံချိန်အကောင်းဆုံး အသင်းကို ထပ်မံရွေးချယ်ကြောင်း၊ ယင်းအသင်းများကို နိုဝင်ဘာ ၇ ရက်တွင် ဗိုလ်လုပွဲစဉ် ထပ်မံယှဉ်ပြိုင်စေပြီး ဆုများ ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲကို ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် ဒုတိယအကြိမ် ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး လှေလှော်ပြိုင်ပွဲတွင် ဘားအံမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများမှ အသင်းများ၊ ဌာနဆိုင်ရာများမှ အသင်းများနှင့် ဝါသနာရှင် ကိုယ်စားပြု အသင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ရိုးရာပွဲတော်အမျိုးမျိုးဖြင့် ပျော်ရွှင်စရာ မိုင်းယောင်းဒေသ

အမြဲစိမ်းစိုလန်းဆန်းနေသော သဘာဝတောတောင်ရေမြေများ၊ စိမ့်စမ်းရေတံခွန်များဖြင့် ကြည့်တိုင်းလှနေသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဆယ့်နှစ်လရာသီ ပွဲတော်များကို လအလိုက် ဒေသ၏ဓလေ့ထုံးတမ်း ရိုးရာအစဉ်အလာများအရ ခေတ်နှင့်အညီဆန်းသစ်၍ ဆင်နွှဲကျင်းပလေ့ရှိသည်။

မိုင်းယောင်း ဒေသခံများသည် ရာသီအလိုက် လအလိုက် ပွဲပန်းမုန်း(နတ်ပွဲ)၊ ပွဲဆန်းခန်း(သင်္ကြန်)ပွဲ၊ ပွဲအော်ဝါ(သီတင်းကျွတ်)ပွဲ၊ ပွဲတန်းထမ်း(ဝေဿန္တရာဇာတ်တော်ခင်း)ပွဲ၊ တန်းထပ်ဆိုက်(သဲပုံစေတီ)ပွဲ၊ တန်းအော်ဆလပ်(ဆင်ဆွဲ)ပွဲ၊ ပွဲဒေါက်ဖိုင်း(မီးရှူးမီးပန်း)ပွဲ၊ ပွဲပီးမိုင်(နှစ်သစ်ကူး)ပွဲ၊ ကင်ခေါက်မိုင်(ကောက်သစ်စား)ပွဲ၊ ပွဲခစ်စမတ်(ခရစ္စမတ်)ပွဲ၊ ပွဲထပ်လုံ(တန်ဆောင်တိုင်)ပွဲနှင့် လွဲကထုံ(ဆီမီးမျှော)ပွဲ အစရှိသည့် မရိုးနိုင်သော ရိုးရာပွဲတော်အမျိုးမျိုးကို ကျင်းပကာ ဖော်ရွှေရွှင်ပျလွန်းလှသည့် ဩဇ္ဇဝတ်ကျေတတ်မှုများကြောင့် မိုင်းယောင်းမြေသို့ ရောက်လာကြသူများသည်လည်း အထူးကျေနပ်နှစ်သက် ပျော်ရွှင်ကြသည်။

“တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား” ဆိုစကားအတိုင်း စေတနာရက်ရောလွန်းလှသည့် တိုင်းရင်းသားတို့၏ လှူဒါန်းမှုအစုစုမှာလည်း မြင်ရကြားရသူတိုင်း မုဒိတာပွားဝမ်းသာပီတိဖြစ်စရာပင် ဖြစ်သည်။ ရိုးစင်းပြီး ယဉ်ကျေးလှသည့်ရှမ်းရိုးရာဝတ်စုံများနှင့် မိုင်းယောင်းသူ ရှမ်းပျိုဖြူလေးများ၏ နေထိုင်မှုဓလေ့များသည်လည်း ယဉ်ကျေးမှုအဆင့်မြင့်လွန်းလှသည်။

မိုင်းယောင်းတွင် ရှမ်းတိုင်းရင်းသားများနှင့်အတူ ဌာနေ ဒေသခံ ညီနောင်တိုင်းရင်းသားများဖြစ်သည့် အာခါ၊ လားဟူ၊ လွယ်၊ ဗမာနှင့် အခြားလူမျိုးစုများ စုပေါင်းမီတင်း နေထိုင်လျက်ရှိကြပြီး လွတ်လပ်ခြင်းနှင့် ညီမျှခြင်းများကိုလည်း လေးစားမြတ်နိုး တန်ဖိုးထားခဲ့ကြသည်။ ကြည့်လိုက်တိုင်း ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များ ဌာပနာထားရာ စေတီပုထိုးများကို မျက်စိတဆုံး သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပြီး သန့်ရှင်းစင်ကြယ်သည့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပနေသည်ကိုလည်း တွေ့မြင်နိုင်မည် ဖြစ်သည်။

ပွင့်လင်းရာသီ ဤချိန်ခါသမယတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၌ တန်ခိုးကြီးပြီး အထူးထင်ရှားကျော်ကြားသည့် ဓာတ်လုံ စွမ်ယောင်း(ထပ်လုံ)စေတီတော်၊ ရွှေညောင်ပင် (ဝမ်မိုင်ဆလီမွန်း)နှင့် ဖပီလုံပါဝုန်း(ဈာန်ရကိုရင်ကြီး)တောရကျောင်းတော်တို့သို့ လာရောက်၍ ဘုရားများ ဖူးနိုင်ကြပြီး ဘုရားဖူးရင်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးကျီဟု တင်စားခေါ်ဝေါ်နေသည့် ရွှေမိုင်းယောင်း၏ စီးပွားရေး အခွင့်အလမ်းများနှင့် မိုင်းယောင်း-မိုင်းယု အဝေးပြေးကားလမ်းမကြီးပေါ်ရှိ ဝမ်ပုံရေပူစမ်းတို့သို့လည်း လာရောက်လည်ပတ် လေ့လာနိုင်ကြပါရန် မိုင်းယောင်းမြေမှ အမြဲကြိုဆိုဖိတ်ခေါ် နေပါကြောင်း။ ။

**(မြို့နယ် ပြန်/ဆက်)**



သာယာလှပသော မိုင်းယောင်းမြို့ရှုခင်း

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**ဆီဆိုင် နိုဝင်ဘာ ၆**

ကပ်ရောဂါအသွင်ဖြင့် ကူးစက်ဖြစ်ပွားနိုင်သလို အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သော ဂျပန်ဦးနှောက်ရောင်ရောဂါ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အသက်တစ်နှစ်အောက် ကလေးများအား ထိုးနှံပေးလျက်ရှိသည့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကိုပါ ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်နှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။



ဆီဆိုင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်သီက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိအတွင်း တစ်ကြိမ်နှင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ တစ်ကြိမ် အစုလိုက်ထိုးနှံပေးသွားမည့် လုပ်ငန်းအကြောင်းနှင့် နောက်နှစ်မှစ၍ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်းထိုးနှံပေးမည့်အကြောင်းတို့ကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ရွှေပြည်သာမြို့နယ်၌ ရေပိုက်လိုင်းသွယ်တန်းကာ သတ်မှတ်ကျသင့်ငွေဖြင့် ရေသန့်ပေးဝေဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ပြည်သူများ တစ်မြို့နယ်လုံးရေသန့်သုံးစွဲခွင့်ရရှိရေးအတွက် ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုသာ လိုအပ်တော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွှေပြည်သာ မြို့နယ်အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ရွှေပြည်သာမြို့နယ်သည် ယခင်က အင်းစိန်မြို့နယ်ပိုင် ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ပတ်ဝန်းကျင်လယ်မြေကေများကို မြို့ပြစီမံကိန်းအတွက် သိမ်းယူကာ အုတ်ဖိုမြို့သစ်အဖြစ် မြို့ကွက်ဖော်ခဲ့သည်။

ထိုမှတစ်ဆင့် ဖွဲ့စည်းပုံမြှင့်တင်ပြီး ၁၉၈၉ ခုနှစ် ဇူလိုင် ၁၃ ရက်မှ စတင်ကာ ရန်ကုန်တိုင်းအုပ်ချုပ်မှုအောက်ရှိ ရွှေပြည်သာမြို့နယ်ဟု မြို့နယ်အသစ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ရွှေပြည်သာမြို့နယ်သည် ဧရိယာစတုရန်းမိုင် ၂၅ ဒသမ ၇၆ ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စုလေးအုပ်စုအပြင် စက်မှုဇုန်ခြောက်ခုဖြင့် ဖွဲ့စည်းတည်ရှိသည်။

မြို့နယ်တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ခန့်မှန်းလူဦးရေသန်းခေါင်စာရင်းအရ အိမ်ခြေ ၅၂၃၄၀၊ အိမ်ထောင်စု ၅၇၁၅၉၊ လူဦးရေ(ကျား/မ)ပေါင်း ၂၇၂၆၅၄ ခန့်ရှိကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်၌ နေထိုင်ကြသော ဒေသခံအများစုသည် ယခင်က မြေအောက်အဝီစိရေ၊ ကန်ရေ၊ တွင်းရေများကိုသာ အဓိကအားထားသုံးစွဲခဲ့ရကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်လာသော ရွှေပြည်သာမြို့နယ်ကို ရေသန့်သုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူဦးဆောင်ကာ စီမံချက်ဖြင့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း၊ ရေသန့်စက်ရုံ (ငမိုးရိပ်)မှ HDPE ရေသွယ်တန်းမှုပိုက်ဆိုဒ်မျိုးစုံဖြင့် လှော်ကားရှိရေဂါလန် ၃ ဒသမ ၇၅ သန်းဆံ့ရေစုကန်သို့ သွယ်တန်း၍ ထိုမှတစ်ဆင့် ရပ်ကွက်ကျေးရွာများအတွင်းသို့ ရေပိုက်လိုင်းကွန်ရက်အဆင့်ဆင့်သွယ်တန်းခြင်းလုပ်ငန်းအားလုံးဆောင်ရွက်ပြီးနောက် ၂၀၁၅ ခုနှစ် မကုန်ခင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စုကို လျှောက်ထားပေးသွင်း ငွေကျပ် တစ်သိန်းကျော်ဖြင့် ရေသန့်ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။



ထိုမှတစ်ဆင့် ကျန်ရှိသောရပ်ကွက်များက ရေသန့်ရရှိရေးဆန္ဒပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က နောက်ဆက်တွဲရေသန့်ပိုက်လိုင်းများ တိုးချဲ့သွယ်တန်းနိုင်ရန်အတွက် တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့ရာ ကုမ္ပဏီနှစ်ခုမှ တင်ဒါရရှိပြီး ဆောင်ရွက်ခဲ့ရာ အမှတ်(၉) ရပ်ကွက်၊ (၁၄)ရပ်ကွက်နှင့် အမှတ်(၁၉)ရပ်ကွက် ကျန်ရှိအပိုင်းတို့ကို HDPE ပိုက်များဖြင့် ရေပိုက်လိုင်းကွန်ရက် သွယ်တန်းခြင်းလုပ်ငန်းအားလုံးပြီးစီး၍ ယခုဆိုလျှင် ရေသန့်သုံးစွဲလိုသော လျှောက်ထားပြည်သူများကို သတ်မှတ်ကျသင့်ငွေဖြင့် ရေသန့်ပေးဝေဖြန့်ဖြူးနေကြောင်း သိရသည်။

"ကျွန်မတို့ဌာနက ပြည်သူတွေအတွက် ရေသန့်သုံးစွဲခွင့်ရရှိရေးအတွက် ရေသန့်ပိုက်လိုင်းတွေကို ရပ်ကွက်/ကျေးရွာတွေမှာ သွယ်တန်းရင်းနဲ့ အရေးပေါ်မတော်တဆမီးဘေးအန္တရာယ်ကျရောက်လာရင်လည်း အလွယ်တကူမီးငြှိမ်းသတ်နိုင်ဖို့ မီးသတ်ရေငုတ်တပ်ဆင်ထားတာ ၁၂၆ ငုတ်ရှိပါတယ်၊ အခုဆိုရင် ရွှေပြည်သာမှာတစ်မြို့နယ်လုံး ရေသန့်ရရှိဖို့ ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်နဲ့ ကျေးရွာအုပ်စုသုံးစုသာ ကျန်ပါတော့တယ်၊ ကျန်ရှိနေတဲ့ ရပ်ကွက်တွေကိုလည်းလာမယ့်ဘဏ္ဍာနှစ်တွေမှာ တိုးချဲ့ဆောင်ရွက်ပေးဖို့ တင်ပြထားပါတယ်၊ ဒီနှစ်ကစပြီး ပြည်သူတွေ ရေသန့်ရရှိဖို့ ကြာတယ်လို့ သိရပါတယ်၊ ၂၀၁၅ ခုနှစ်က စီမံချက်ကာလဆိုတော့ ပြည်သူတွေကို ရေသန့်ရရှိအောင်အရင်ဆုံးဦးစားပေးဆောင်ရွက်ပြီး ရုံးလုပ်ငန်းအဆင့်ကို နောက်မှစိစစ်ပြီး လုပ်ဆောင်တဲ့အတွက် အချိန်တိုအတွင်းမှာ ပြည်သူ့ဆန္ဒပြည့်ဝသွားတာပါ၊ အခု ၂၀၁၇ ခုနှစ် ရေသန့်ပေးဝေမှုကြတော့ စီမံချက်မဟုတ်တော့ အရင်ဆုံးရုံးလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ပြီး ခွင့်ပြုချက်ရတော့မှ ရေသန့်သုံးစွဲခွင့်ရတဲ့အတွက် နှောင့်နှေးမှုတွေရှိလာပါတယ်၊ နောက်တစ်ခုက ပစ္စည်းတန်ဖိုးဈေးကြီးမှုတွေ၊ လုပ်အားခမြင့်တက်မှုတွေကြောင့် အရင်ရေသွယ်တန်းမှု ကုန်ကျငွေနဲ့ အခုရေသွယ်မှုကုန်ကျငွေပိုနိုင်ပါတယ်၊ ပြည်သူတွေရေသန့်ရရှိအောင် ဌာနအနေနဲ့ အမြဲတမ်းအဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေပါတယ်"ဟု မြို့နယ် ရေသန့်တာဝန်ခံ ဒေါ်ထက်ထက်ဦးဝေက ပြောသည်။

"အရင်က ကျွန်တော်တို့က ရွာသားတွေပါ၊ ရေသန့်ဆိုတာလည်း မသိဘူး၊ မိမိကျေးရွာမှာရှိတဲ့ အဝီစိရေ၊ ကန်ရေ၊ တွင်းရေကိုပဲ သောက်သုံးနေတာပါ၊ ရေပဲကွာတစ်ပိဿာပြည့်ရင် သန့်တယ်လို့ ပြောလေ့ရှိပါတယ်၊ အခုတော့ ဒီနေ့ခေတ်ဖြစ်ပေါ်နေတဲ့ ရောဂါဆန်းတွေ၊ သဘာဝကြီး ပြောင်းလဲမှုတွေကြောင့် မသန့်ရှင်းတဲ့ရေကိုသုံးမိရင် ဆိုးကျိုးတွေဖြစ်တတ်တယ်လို့ သိရပြီးနောက် အစိုးရကရေကို ကျန်းမာရေးနဲ့ညီညွတ်ပြီး သန့်ရှင်းကောင်းမွန်အောင် ဆောင်ရွက်ပေးထားတဲ့ ရေသန့်ကို သုံးစွဲလိုပါတယ်၊ ကျွန်တော်တို့ကျေးရွာကိုလည်း ရေသန့်သုံးစွဲခွင့်ရရှိအောင် သက်ဆိုင်ရာဌာနကို တောင်းဆိုဆန္ဒပြုပါတယ်" ဟု ကျောင်းကုန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# မုံရွာမြို့နယ်မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှစီမံကိန်းကာလနှစ်နှစ်အတွင်း အတိုးငွေများ ရရှိ

**မုံရွာ နိုဝင်ဘာ ၆**

မုံရွာမြို့နယ် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှစီမံကိန်းကာလ နှစ်နှစ်အတွင်းငွေကျပ် ၁၂၇၄ သိန်းကျော် အတိုးငွေရရှိခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုထံမှ သိရသည်။

မုံရွာမြို့နယ်မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ ဒေသခံများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း မီးလင်းရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၃၀၀၀ကျော် ထုတ်ချေးပေးခဲ့ရာ စီမံကိန်းကာလ နှစ်နှစ်အတွင်း ငွေကျပ် ၁၂၇၄ သိန်းကျော် အတိုးငွေများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ဘော်ဂါကျေးရွာနေ ဒေသခံတစ်ဦးက "အရင်က ရွာမှာငွေချေးရင် ၁၀ ကျပ်တိုးနဲ့ ချေးရတယ်၊ မြစိမ်းရောင်စီမံကိန်း ချပေးတော့ သူများဆီကနေငွေချေးသုံးတဲ့ မိသားစုတွေ နည်းသွားတယ်၊အတိုးကအရင်က လောက်မများတော့ဘူး၊ အတိုးက အရင်ငွေကျပ် ၁၀ ကနေ ၅ ကျပ်ထိ ထက်ဝက်လျော့လာတာတွေ့ရတယ်၊ စီမံကိန်းချေးငွေနဲ့လုပ်တဲ့ လုပ်ငန်းတွေကို ကျေးလက်ဦးစီးက မကြာခဏကွင်းဆင်းပြီး လိုအပ်တာ လုပ်ပေးတဲ့အတွက် လုပ်ငန်းတွေအမှန် လုပ်လာကြတာတွေ့ရပါတယ်၊ အရင်က ပိုက်ဆံချေးပြီးရင် သုံးလိုက်ကြတာ တွေ့ရတယ်၊ ဆပ်တဲ့အချိန်ကျငွေတိုးရှာဆပ်တော့ အကြွေးတင်ကြတယ်၊ အခုအမှန် အလုပ်လုပ်လာကြတော့ လုပ်ငန်းကရတဲ့ အကျိုးအမြတ်နဲ့ အဆင်ပြေပြေ ပြန်ဆပ်နိုင်ကြတဲ့အပြင် အပိုငွေရရှိလာတာကို တွေ့ရပါတယ်"ဟု ပြောသည်။



မြစိမ်းရောင် ကျေးရွာစီမံကိန်းကြောင့် ဒေသခံများစည်းလုံးမှုပိုရလာသလို ကျေးရွာကော်မတီဝင်များအနေဖြင့်လည်း စာရင်းဇယားများကို နည်းစနစ်တကျစာရင်းကိုင်တွယ်တတ်လာကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနဦးစီးမှူးထံမှ သိရသည်။

"ကျေးရွာတစ်ရွာမှာ အတိုးငွေက ငွေကျပ်သိန်း ၁၂၀ လောက်ရှိနေပြီ၊ စီမံကိန်းကရလာတဲ့ အတိုးငွေတွေကိုလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာအသုံးပြုနေပါပြီ၊ ကျေးရွာတွေမှာ အရင်က ယောကျာ်းလေးအများစုကသာ ဦးဆောင်လုပ်ကိုင်ခဲ့ပေမယ့် အခုမြစိမ်းရောင်စီမံကိန်းဝင်လာတဲ့ နောက်ပိုင်းမှာ အမျိုးသမီးတွေလည်း ပါဝင်လုပ်ကိုင်လာတဲ့အတွက် တန်းတူအခွင့်အရေးတွေ ရလာပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**သံတိုင်ထွန်း**

# မိတ္ထီလာ၌ ကျောင်းစာကြည့်တိုက်ဖွင့်




**မိတ္ထီလာ နိုဝင်ဘာ ၆**

မိတ္ထီလာမြို့နယ် ရှမ်းမငယ်ကျေးရွာအလက(ခွဲ)၌ ကျောင်းသား ကျောင်းသူများအားလပ်ချိန်တွင် စာပေလေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်ချက်ဖြင့်အလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းသည့် ရွှေရောင်ပန်းခင်းကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာရွှေရောင်ပန်းခင်းကျောင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ငုချိုချိုကျော်၊ အလှူရှင် ဦးအာယုနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်စုဆရာဦးစိုးလင်းက ကျောင်းစာကြည့်တိုက်ဆောက်လုပ်လှူဒါန်းသည့်အလှူရှင်အားကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသားကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန် အဆိုပါကျောင်း စာကြည့်တိုက်ကို လှူဒါန်းရခြင်းဖြစ်ကြောင်း အလှူရှင်က ပြောကြားသည်။

ကျောင်းစာကြည့်တိုက်နှင့် ဆက်စပ်သည့်စာရွက်စာတမ်းများကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးနိုင်နိုင်ဦးထံသို့အလှူရှင် ဦးအာယုက လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရှမ်းမငယ်ကျေးရွာအလကခွဲကျောင်းရှိ ရွှေရောင်ပန်းခင်း စာကြည့်တိုက်မှာသွပ်မိုး၊ အုတ်ကာအမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၈၀ ခန့်အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## (၃၄)ကြိမ်မြောက် မြသိန်းရုံစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

**ပဲခူး နိုဝင်ဘာ ၆-** ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ သမိုင်းဝင်မြသိန်းရုံစွယ်တော်မြတ်စေတီတော်၏ (၃၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် မြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်အပူဇော်ခံသွားမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား နိုဝင်ဘာ ၁၆ ရက်တွင် မြို့တွင်းလှည့်လည်အပူဇော်ခံမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ ၂၉ အုပ်ကျေးရွာ ဂေါပကများက နိုဝင်ဘာ ၄ ရက်မှစ၍ မိမိတို့ကျေးရွာများတွင် ယာယီအပူဇော်ခံရန် ပင့်ဆောင်လျက်ရှိကြောင်း သိရသည်။ မြတ်စွယ်တော်လှည့်လည်ပွဲမတိုင်မီ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် နိုင်ငံကျော်ဓမ္မကထိကဆရာတော်များဖြစ်သော အလင်္ကာမန္တလေးဆရာတော် ဘဒ္ဒန္တပညာလောကနှင့် ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာအရှင်တေဇောသာရတို့၏ တရားပွဲများ ကျင်းပသွားမည်ဖြစ်သည်။ မြသိန်းရုံစေတီတော်အား သက္ကရာဇ် ၆၇၄ ခုနှစ်တွင် သတိုးနော်ရထာ(ဝါ)သာယာဝတီမင်းက တိုင်းခန်းလှည့်လည်စဉ် ယခုနေရာတွင် တည်ထားကိုးကွယ်တော်မူခဲ့ရာ ခေတ်အဆက်ဆက် ပူဇော်လာခဲ့ကြသော တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၆**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၄ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် General Aung San Shield 2017 ရှုံးထွက်ဘောလုံးပြိုင်ပွဲနှင့် MNL MAX CEMENT 2017 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု Shan United FC အသင်းမှ ဆွတ်ခူးရရှိခဲ့သော ချန်ပီယံဆုဖလားကို Shan United FC အသင်းမှ အုပ်ချုပ်သူများနှင့် အသင်းတာဝန်ရှိသူတို့က ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က လက်ခံယူပြီး ပြည်နယ်ဘောလုံးဆပ်ကော်မတီနှင့် All Star ဘောလုံးအသင်းအတွက် အလှူငွေ ကျပ်သိန်း ၅၀ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မီးပုံးပြိုင်ပွဲဆုရရှိသူများကို ဆုပေးပွဲကျင်းပရာ ညမီးကြီး၊ စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် စတုတ္ထ၊ ပဉ္စမဆုများ၊ ဂုဏ်ပြုဆုရရှိသူများနှင့် နှစ်သိမ့်ဆုများ၊ နေ့လွှတ်ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ အုပ်စု၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မြို့လုံးကျွတ်မဟာဘုံကထိန်လှည့်လည်ပွဲ၊ ညမီးပဒေသာ လှည့်လည်ပူဇော်ပွဲ၊ ခတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရသူများနှင့် နှစ်သိမ့်ဆုရရှိသူများ၊ ဖွင့်ပွဲ/ပိတ်ပွဲသီချင်းပြိုင်ပွဲတွင် ပထမဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်၍ လည်းကောင်း၊ ညမီးကြီးပထမဆုရရှိသော သွေးသစ်မီးကို ငွေကျပ် ၆၅သိန်း၊ ဒုတိယဆုရ ကားပွဲစားအိုမီးကို ငွေကျပ်သိန်း ၅၀၊ တတိယဆုရ ရောင်စုံမီးကို ငွေကျပ် ၄၅ သိန်းနှင့် ညလွှတ်စိန်နားပန် ပထမဆုရ မြောက်ပိုင်းမီးကို ငွေကျပ် ၂၇ သိန်း၊ ဒုတိယဆုရ နယူးထူးရှားမီးကို ငွေကျပ် ၂၂ သိန်း၊ တတိယဆုရ ဇွဲလူငယ်မီးကို ငွေကျပ်သိန်း ၂၀တို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီကိန္နရာအက၊ ခေါသိုင်းအကတို့ဖြင့်ဖျော်ဖြေကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က တန်ဆောင်တိုင်ပိတ်ပွဲသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ၁၃၇၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာပြီး ပိတ်ပွဲအထိမ်းအမှတ်မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ ညမီးကြီး မီးပုံးပျံတစ်လုံး၊ စိန်နားပန် မီးပုံးပျံတစ်လုံးနှင့် မီးပုံးပျံငယ်အလုံး ၂၀၀၀ တို့ကိုလွှတ်တင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



## အောင်လံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေး

**အောင်လံ နိုဝင်ဘာ ၆**

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးစီးတည်ထောင်ထားသည့် အောင်လံမြို့ သီတဂူဇောတိကစက္ခုဒါန ဆေးရုံတော်ကြီး၌ မျက်စိဝေဒနာရှင်များကို နိုဝင်ဘာ ၄ ရက်မှ စတင်ကာ တစ်နေ့လျှင် လူနာ ၁၀၀၀ ခန့် စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိရာ မျက်စိခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များအား နိုဝင်ဘာ ၁၁ ရက် ၁၂ ရက်နှင့် ၁၃ ရက်များတွင် ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

သီတဂူရွှေပြည်ဟိန်းဆရာတော်ကြီး ကိုယ်တိုင်ကြီးကြပ်လိုက်ပါစီစဉ်မှုဖြင့် မျက်စိအထူးကုသမားတော်ကြီး ဒေါက်တာဦးမြအောင် (ပါမောက္ခငြိမ်း) မျက်စိအထူးကုသမားတော်ကြီးဒေါက်တာ ဒေါ်ခင်အေးသီ(ပါမောက္ခငြိမ်း)နှင့် တာဝန်ရှိသူများ၊ သီတဂူရွှေပြည်ဟိန်းစက္ခုဒါန မျက်စိအထူးကုဆေးရုံတော်ကြီးမှ သူနာပြုခုနစ်ဦးနှင့်အတူ မျက်စိအခမဲ့ကုသပေးခြင်းလုပ်ငန်းအား ကုသဆောင်ရွက်ပေးမည်ဖြစ်ပြီး မျက်စိကုဝေဒနာရှင်များအတွက် ကုန်ကျမည့်ဆေးဝါး ကုန်ကျစရိတ်များအား ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေမိသားစုက လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

## ရိတ်သိမ်းချိန်လွန်နည်းပညာ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အာဆီယံစားနပ်ရိက္ခာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(Asian Food and Agriculture Coperation Initative- AFACI) စီမံကိန်းအစီအစဉ်ဖြင့် ကျင်းပသည့် ရိတ်သိမ်းချိန်လွန် နည်းပညာဆွေးနွေးပွဲကို အောက်တိုဘာလနောက်ဆုံးပတ်က မျိုးစေ့ဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဥယျာဉ်ခြံသီးနှံများ ဆွတ်ခူးပြီးချိန်နောက်ပိုင်း စနစ်တကျကိုင်တွယ်ထိန်းသိမ်းမှု နည်းလမ်းကောင်းများကို မျိုးဆက်သစ်လူငယ်သုတေသီများအား ထပ်ဆင့်နည်းပညာ ဖြန့်ဝေပေးနိုင်ရန်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ကိုယ်စား ညွှန်ကြားရေးမှူး ဒေါ်ခင်မာမာနွယ်က မိမိတို့နိုင်ငံအနေနှင့် ယခုအချိန်ထိ သီးနှံများဆွတ်ခူးပြီးချိန်နောက်ပိုင်း လေလွင့်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ပြုလုပ်ထားသောသုတေသနများမှာ လွန်စွာနည်းပါး လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ AFACI Project မှ ကိုရီးယားပညာရှင်များက ကိုရီးယားနိုင်ငံ၏ ရိတ်သိမ်းချိန်လွန်သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ထူးခြားသော တွေ့ရှိချက်များကိုလည်းကောင်း၊ အခြားကိုရီးယားပညာရှင်တစ်ဦးမှာ ကြက်သွန်နီသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်ကိုင်တွယ်ထိန်းသိမ်းမှု နည်းစနစ်များကိုလည်းကောင်းတင်ပြခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**




**(၉၇) နှစ်မြောက်အမျိုးသားနေ့အကြို အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဆုပေးပွဲကို အောက်တိုဘာလနောက်ဆုံးပတ်က ကမာရွတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ထူးချွန်ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်နေစဉ်** (၃၄၉)



## ရော်ဘာအစေးလှီး ကျွမ်းကျင်သင်တန်းဖွင့်လှစ်သင်ကြား

**ဘားအံ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှဖွင့်လှစ်သော လုပ်ငန်းခွင်အကြိုစိုက်ပျိုးရေး ပညာရှင်များအတွက် ရော်ဘာအစေးလှီး ကျွမ်းကျင်ဖွင့်လှစ်သင်ကြားပေးသည့်အခမ်းအနားကို ဘားအံမြို့စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမေက အမှာစကားပြောကြားပြီး ပြည်နယ်တွင် ရေမြေရာသီဥတုကိုက်ညီပြီး စီးပွားဖြစ်ရော်ဘာ စိုက်ပျိုးထုတ်လုပ်နိုင်သော ပြည်နယ်တစ်ခုဖြစ်ကာ ရော်ဘာအစေးလှီးခြင်းကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပါက အနှစ် ၃၀ မှ ၄၀ အထိ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သိရသည်။

လက်ရှိ ရော်ဘာဈေးကွက်တွင် ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၈၀၀ ပတ်ဝန်းကျင် ဈေးပေါက်နေပြီး ယခင်နှစ်ကထက် ယခုနှစ်သည် ဈေးအနည်းငယ်ကျဆင်းနေကာ အဓိကအားဖြင့် ရော်ဘာများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းမှာ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြစ် ရော်ဘာဧက ၂၆၀၀၀၀ စိုက်ပျိုးထားရှိပြီး ရော်ဘာအစေးလှီးနိုင်သည့်ဧကမှာ ၁၆၀၀၀၀ ကျော်ရှိကာ ၃၂၀ ဒသမ ၀၁ အထွက်နှုန်းရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## စပါးပြီးစပါးစိုက်ပျိုးရာတွင် တောင်သူများ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ နှိုးဆော်ချက်

၁။ မိုးစပါးရိတ်သိမ်းပြီးရိုးပြတ်များကို မီးမရှို့ဘဲ မြေဆွေးပုံပြုလုပ်၍သုံးစွဲခြင်းနှင့် နွေထယ်ရေးခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါ။

၂။ စပါးပြီးစပါး စိုက်ပျိုးသည့်ဒေသများတွင် မြေဆီလွှာအာဟာရဓာတ်ဆုံးရှုံးမှုကို ဖြည့်တင်းပေးနိုင်ရန်အတွက် နုန်းမြေ၊ နွားချေးဆွေး၊ သစ်ရွက်ဆွေး၊ အမှိုက်ဆွေးထည့်သွင်းခြင်းနှင့် သဘာဝမြေဩဇာများပြုလုပ် သုံးစွဲပါ။

၃။ မိုးစပါးအပြီး သစ်စိမ်းမြေဩဇာတစ်မျိုးမျိုး(မတ်ပဲ၊ ပဲလွမ်း၊ ပိုက်ဆံလျှော် စသည့်) တစ်ကေလျှင်လေးပြည်ခန့်ကို ကြဲပက်ပြီး အပင်သက်တမ်း တစ်လဝန်းကျင်၊ နွေစပါးမစိုက်ပျိုးမီ ၁၀ရက်ခန့်အလိုတွင် ထယ်ထိုးပြီး မြေမြှုပ်ပါ။

၄။ နွေစပါးကို ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတို အထွက်ကောင်းမျိုးကို အသုံးပြုစိုက်ပျိုးပါ။

၅။ နွေစပါးစိုက်ပျိုးရာတွင် မိမိရေမြေဒေသနှင့်ကိုက်ညီပြီး အကျိုးအမြတ်ရရှိနိုင်သော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုပါ။

၆။ ပိုးမွှားရောဂါကာကွယ်သည့် နည်းလမ်းတစ်ခုအဖြစ် နွားကျင်ငယ်ရည် တစ်လီတာ၊ နွားချေး ၆၀ ကျပ်သား၊ ထန်းလျက် ၁၅ ကျပ်သားနှင့် ရေ ၁၀ လီတာရော၍ ပလတ်စတစ်ပုံး (သို့မဟုတ်) မြေအိုးတစ်လုံးတွင် ၂၄ နာရီ စိမ်ပါ။ ယင်းစိမ်ရည်တစ်ဆကို ရေ ၁၀ ဆဖြင့်ရော၍ စပါးပင်များကို ပက်ဖျန်းပါ။ စိမ်ရည်ကို ရက် ၃၀ ထိ ထားနိုင်ပြီး နေ့စဉ်မွှေပေးရန်လိုအပ်ပါသည်။

၇။ စပါးပြီးစပါး စိုက်ပျိုးရာတွင် တစ်ကေကုန်ကျစရိတ်လျှော့နည်းစေရေးနှင့် အချိန်မီပြီးစီးရေးအတွက် စက်ကိရိယာများတိုးမြှင့်သုံးစွဲပါ။

၈။ နည်းပညာအကူအညီများ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ခြံ၊ စိုက်ကွင်း၊ ရုံးများတွင် လေ့လာ၊ ဆွေးနွေး၊ အကူအညီရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြန်ဆန် ထိရောက် အောင်မြင်ရန်မှာ အရေးပါသည့် ဒေတာစင်တာ

**နန္ဒာဝင်း**

တစ်ကမ္ဘာလုံးသို့ ဖြန့်ကြက် ဆက်သွယ်ပြီး ကုန်သွယ်မှု ပြုနေကြသည့် ယနေ့ခေတ်တွင် နိုင်ငံတကာ၌ ဒေတာစင်တာကို တစ်ဦးနှင့် တစ်ဦး သတင်းအချက်အလက်များ ဖလှယ် ချိတ်ဆက်ပေးသည့် နေရာ ဆုံမှတ်အဖြစ် အသုံးပြုလာကြသည်။ မိမိတို့ လုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို မိမိတို့ ကိုယ်တိုင် လျှို့ဝှက်စွာ သိမ်းဆည်းလေ့ရှိသော မြန်မာနိုင်ငံသားတို့အနေဖြင့် နေ့စဉ် တိုးတက်နေသော နည်းပညာကမ္ဘာနှင့် ထိတွေ့နေသော်လည်း ဒေတာစင်တာ (Data Center) တွင် အချက်အလက်များ သိုမှီး အသုံးပြုသည့် ဗဟုသုတကို သိရှိသူ နည်းပါးနေသေးသည်။

လုပ်ငန်းတစ်ခု၏ ဘဏ္ဍာငွေစာရင်း၊ လူ့စွမ်းအား အရင်းအမြစ်၊ ဈေးကွက်ဆိုင်ရာ အချက်အလက်များကို တစ်နေရာတည်းတွင် စုစည်း သိမ်းဆည်း၍ လိုအပ်သည့် နေရာသို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံ အဆောက်အအုံများဖြစ်သော ကွန်ပျူတာများ တပ်ဆင် အသုံးပြုခြင်း၊ အချက်အလက်များကို Database ပြုလုပ်ခြင်း၊ လုပ်ငန်းသဘော သဘာဝအလိုက် အသုံးချ Software (Applications) ရေးဆွဲ အသုံးပြုခြင်းမှသည် ယင်းအချက်အလက်များကို စုစည်း ချိတ်ဆက် အသုံးပြုနိုင်သည့် ဒေတာစင်တာများအထိ အဆင့်ဆင့် လုပ်ဆောင် ဆက်သွယ်ကြရသည်။ ထိုကဲ့သို့ ဆက်သွယ် ချိတ်ဆက်နိုင်ရေးအတွက် ဒေတာစင်တာများသည် အရေးပါသည့် အဓိက နေရာတွင် ပါဝင်လာသည်။

"အခုအချိန်မှာ အင်တာနက်ကို Wireless အပါအဝင် ကွန်ပျူတာ၊ လက်တော့၊ Tablet၊ ဖုန်း၊ နာရီ၊ TV စတဲ့ ကြားခံပစ္စည်းမျိုးစုံနဲ့ အလွယ်တကူ ချိတ်ဆက် အသုံးပြုနိုင်နေပါပြီ၊ ဒီလို အင်တာနက် ချိတ်ဆက် အသုံးပြုဖို့ များပြားတဲ့ နည်းလမ်းတွေကြောင့် အများပြည်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ အစိုးရဌာန ဆိုင်ရာတွေရဲ့ လုပ်ငန်းတွေဟာ ဒစ်ဂျစ်တယ် ပလက်ဖောင်း ဒါမှမဟုတ် အွန်လိုင်းပေါ်မှာ တဖြည်းဖြည်း တိုးတက် များပြားလာတာကို တွေ့မြင်နေရပါတယ်၊ ဒီလို ဒစ်ဂျစ်တယ်ဒေတာ များလာတဲ့ အတွက်လည်း ဒစ်ဂျစ်တယ်ဒေတာတွေ သိုလှောင်သိမ်းဆည်းဖို့ အခြေခံ အဆောက်အအုံ လိုအပ်ပါတယ်၊ ဒီအခြေခံ အဆောက်အအုံကို ဒေတာစင်တာလို့ ခေါ်ပါတယ်"ဟု မြန်မာနိုင်ငံတွင် တစ်ခုတည်းသော Tier III အဆင့်ရှိ ဒေတာစင်တာ တည်ထောင်ထားသည့် ဦးစည်သူမိုးမြင့်က အမိပ္ပာယ်ဖွင့်ဆိုသည်။

**နည်းပညာ တိုးတက်လာမှုနှင့် e - Government**

တိုးတက်လာသော ICT နည်းပညာများကို အသုံးချ၍ နိုင်ငံတစ်နိုင်ငံတွင် ပွင့်လင်းမြင်သာသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ အစိုးရအဖွဲ့အစည်းများ ခေတ်မီရေးအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်မှာ e - Government ဖော်ဆောင်နိုင်ရေးပင် ဖြစ်သည်။

"မြန်မာနိုင်ငံမှာ အရင်က အရောင်းအဝယ် လုပ်ငန်းတွေနဲ့ စားသောက်ဆိုင်တွေမှာ အများအားဖြင့် ငွေသားနဲ့ ပေးချေကြပါတယ်၊ အခုဆိုရင် မြို့ကြီးတွေမှာ Credit ကတ်တွေကို ကျော်လွန်ပြီး မိုဘိုင်းဘဏ်စနစ်ကို အသုံးပြု ငွေပေးချေနေတာတွေကို တွေ့မြင်နေရပါတယ်၊ နောက်ပြီး အစိုးရအပိုင်းကို ကြည့်မယ်ဆိုရင် စာရွက်စာတမ်းတွေနဲ့ အချက်အလက်တွေကို သိမ်းဆည်းတဲ့ စနစ်ကနေ ဒစ်ဂျစ်တယ်နည်းပညာနဲ့ သိမ်းဆည်းနိုင်ဖို့ e- Government နဲ့ ဒစ်ဂျစ်တယ် ပလက်ဖောင်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက် သုံးသပ်ပြသည်။

**မရှိမဖြစ် လိုအပ်လာသည့် ဒေတာစင်တာ (Data Center)**

ကုမ္ပဏီများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ အချက်အလက်များကို ထိန်းသိမ်းထားသော Server အခန်းများကို Data Center ဟု ခေါ်ဆိုကြပြီး ၎င်း Data Center များတွင် သီးသန့် ဝန်ဆောင်မှုများဖြစ်သည့် Facility ၊ Security နှင့် Network Performance တို့အပြင် Server များကို ၂၄ နာရီပတ်လုံး မပြတ်စောင့်ကြည့် မောင်းနှင်နေသည့် Network Operating Center များ ပါဝင်သည်။

ထို့အပြင် e- Government စနစ်၏ အခြေခံ လိုအပ်ချက်ဖြစ်သည့် ဌာနတစ်ခုနှင့် တစ်ခု အွန်လိုင်း ချိတ်ဆက်အသုံးပြုနိုင်ရန် အခြေခံ အဆောက်အအုံများသာမက ICT Hardware နှင့် Data Center သည် မရှိမဖြစ် လိုအပ်သည်။ ထိုကဲ့သို့သော အကြောင်းအရာများကြောင့် ဒေတာစင်တာသည် (Data Center) များသည် e - Government အပါအဝင် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိသည်။

"e - Government စနစ်ကို အကောင်အထည်ဖော်ပြီးသွားတဲ့ အချိန်မှာ အများပြည်သူ ဝန်ဆောင်မှု လုပ်ငန်းတွေက အွန်လိုင်း အင်တာနက်ကို အသုံးပြု သွားရတော့မှာပါ၊ ဥပမာ မြန်မာနိုင်ငံက MACCS Project ဆိုရင် တင်ပို့မယ့် ကုန်တွေကို Customer တွေ အကုန်လုံးက အွန်လိုင်းကနေ Service ပေးတယ်၊ လိုင်စင် ခွင့်ပြုမှုတွေဆိုရင်လည်း အွန်လိုင်းကနေပဲ ဝန်ဆောင်မှုပေးတာ၊ အများပြည်သူကို အစိုးရက e - Service လိုမျိုးတွေ ပေးတယ်ဆိုရင်လည်း ဒီ System ကို လည်ပတ်နေတဲ့ အက်ပလီကေးရှင်းတွေသည် လုံးဝ ကွန်နက်ရှင်ကောင်းနေဖို့၊ လိုင်းမကျသွားဖို့ အရေးကြီးပါတယ်၊ Customer က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တစ်ပြိုင်နက်တည်း ဝင်ရောက် အသုံးပြုနေတဲ့ အတွက် ချိတ်ဆက်ပေးတဲ့ Network ပိုင်းဆိုင်ရာ ကဏ္ဍကလည်း အလျင်အမြန် ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်၊ အဲဒီလိုမျိုး လုပ်ငန်းတွေဆိုရင် ဒေတာစင်တာက မရှိမဖြစ် လိုအပ်ပါတယ်" ဟု နည်းပညာ ကျွမ်းကျင် ပညာရှင်တစ်ဦးက ဆိုသည်။

၁၉၉၀ ခုနှစ် ဝန်းကျင်က စီးပွားရေး လုပ်ငန်းများသည် ၎င်းတို့၏ အချက်အလက်များကို သိမ်းဆည်းရန် ကိုယ်ပိုင် ဒေတာ စင်တာများ တည်ဆောက်ခဲ့ကြသည်။ မိမိတို့ အချက်အလက်များကို မိမိတို့ကိုယ်တိုင် သိမ်းဆည်းခြင်းဖြင့် လုံခြုံ စိတ်ချရသည်ဆိုသည့် ယူဆမှုများကြောင့်လည်း ဖြစ်သည်။ နည်းပညာကဏ္ဍ မဖွံ့ဖြိုးသေးသည့် အချိန်တွင် ကိုယ်ပိုင် Server Room နှင့်ထားခြင်းသည် မှန်သော်လည်း မိုဘိုင်း နည်းပညာနှင့် အင်တာနက်ဆိုင်ရာ နည်းပညာများ တစ်ဆင့်ခြင်း ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် ချိတ်ဆက်မှု ကွန်နက်ရှင်များ လိုအပ်လာသည်။ ပြောင်းလဲလာသည့် နည်းပညာအရ လျင်မြန်စွာ စီးဆင်းမှုများ လိုအပ်လာသည့်အတွက် ကွန်နက်ရှင် တစ်ခုတည်းသာ ချိတ်ဆက်နိုင်သည့် မိမိတို့ကိုယ်ပိုင် ဒေတာစင်တာများထက် ကွန်နက်ရှင်များစွာ ချိတ်ဆက်ထားသည့် ဒေတာ စင်တာများ၌ ထားရှိ အသုံးပြုရန် လိုအပ်လာသည်။



**ရန်ကုန်မြို့ Data Center တစ်ခုအတွင်းရှိ Customer Racks များ တပ်ဆင်ထားမှုကို တွေ့ရစဉ်**

**ဒေတာစင်တာ သုံးစွဲရန် လိုအပ်သည့် အဖွဲ့အစည်းများ**

သတင်းအချက်အလက် လုံခြုံစိတ်ချမှုရှိစေရန် အထူး လိုအပ်သည့် အစိုးရဝန်ကြီးဌာနများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်သည့် ကုမ္ပဏီများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များနှင့် ချိတ်ဆက် လုပ်ကိုင်နေသည့် လုပ်ငန်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တင်ရသည့် အဖွဲ့အစည်းများသည်၊ ဒေသတွင်းသာမက နိုင်ငံတကာနှင့် ကွန်နက်ရှင် ချိတ်ဆက်ရန် သီးခြားရပ်တည်ကာ သတင်းအချက်အလက်များ၊ ဒေတာများ သိမ်းဆည်းထားနိုင်မည့် Data Center များတွင် စုစည်း သိမ်းဆည်းလာကြသည်။

အသေးစား လုပ်ငန်းများမှ ကော်ပိုရေးရှင်းအသွင် စီးပွားရေး လုပ်ငန်းကြီးများ၊ ဆက်သွယ်ရေး လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် တစ်ခုနှင့် တစ်ခု ဆက်သွယ် ဆောင်ရွက်နိုင်ရန် အင်တာနက်လိုင်းများ ပေးနိုင်သည့် Internet Exchange Provider -IXP နှင့် Internet Service Provider -ISP များ လိုအပ်လာသည်။

"ဒေတာစင်တာကို အသုံးပြုလာမှု တွင်ကျယ်လာပုံနဲ့ပတ်သက်ပြီး အင်တာနက်လိုင်းတွေကို ပေးနေတဲ့ ဆက်သွယ်ရေး လုပ်ငန်းတွေ ဥပမာ- စင်ကာပူ Telecom ၊ မလေးရှား Telecom လို ဆက်သွယ်ရေး လုပ်ငန်းတွေကလည်း အများအသုံးပြုတဲ့ (Common) ဒေတာစင်တာတွေ တစ်နေရာတည်းမှာ စုစည်းပြီး ထားနေကြပြီဖြစ်ပါတယ်"ဟု နည်းပညာ ကျွမ်းကျင် ပညာရှင်တစ်ဦးက ပြောသည်။

**ရရှိလာမည့် အကျိုးကျေးဇူး**

ဒေတာစင်တာတစ်ခုကို အသုံးပြုခြင်းဖြင့် ဆက်သွယ်ရေးလုပ်ငန်း (Telecommunications Carrier) အချင်းချင်း ဆက်သွယ်နိုင်ခြင်း၊ ကွန်နက်ရှင်ပေါင်းများစွာဖြင့် အလွယ်တကူ ချိတ်ဆက် ဆောင်ရွက်နိုင်သည့် (Link Redundancy) ရှိသည့်အတွက် မိမိနှင့် အဆင်ပြေမည့် ကွန်နက်ရှင်ကို ရွေးချယ်နိုင်ခြင်း၊ Data များ ပျက်စီး ဆုံးရှုံးမှု မရှိစေရန် ကာကွယ်ပေးထားသော Facilities များကို အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်သည်။

"အရင်တုန်းက IXP / ISP လို တွေကိုပဲ ဒေတာစင်တာမှာ ထားတယ်၊ Enterprise လို လုပ်ငန်းတွေက ကိုယ့်ကွန်ပျူတာခန်းမှာပဲ ထားကြတယ်၊ ဒေတာစင်တာမှာ မထားဘူး၊ ဒါပေမယ့် အကျိုးသက်ရောက်မှုတွေ များလာတဲ့အခါ ဒေတာစင်တာတွေမှာ ထားလာကြတယ်၊ ဘာကြောင့်လဲဆိုတော့ Connectivity ပိုင်းနဲ့ Facility ပိုင်းကို ထိန်းသိမ်း စောင့်ရှောက်ရတဲ့ ခက်ခဲမှုတွေ ရှိလာသလို ပါဝါမီးအားတွေ အခက်အခဲ ရှိလာပါတယ်၊ တည်ဆောက်တာက လူတိုင်း တည်ဆောက်နိုင်တယ်၊ ဒါပေမယ့် Operate လုပ်ဖို့က ကုန်ကျစရိတ်က ကြီးမားတယ်၊ ဥပမာ- ကုမ္ပဏီတစ်ခုအနေနဲ့ rack တစ်လုံးစာ ငှားရမ်း သုံးစွဲလိုက်တာက ငှားရမ်းခပဲ ကုန်တယ်၊ ကိုယ်ဆက်ပြီး တိုးချဲ့ သုံးမယ်ဆိုရင်လည်း တိုးချဲ့စရိတ်ပဲ ကုန်တယ်၊ ကိုယ်ပိုင် တည်ဆောက်မယ်ဆိုရင်တော့ အဲကွန်းတွေတပ်ပြီး ထိန်းသိမ်း စောင့်ရှောက်မှုစရိတ်၊ လျှပ်စစ်ဓာတ်အားခစရိတ်၊ Maintenance နဲ့ Operations အတွက် အသုံးပြုမယ့် လူအင်အား ကုန်ကျစရိတ်တွေ ရှိလာမယ်၊ အဲဒီလို အချက်တွေကြောင့် ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေမှာ ဘယ်သူမှ ကိုယ်ပိုင် ဒေတာစင်တာ မဆောက်ကြတော့ဘူး၊ ရှိပြီးသား ဒေတာစင်တာမှာပဲ သွားထားကြတယ်"ဟု General Manager ဦးသိန်းစိုးထိုက်က ပြောသည်။

**ဒေတာစင်တာ အဆင့်အတန်း သတ်မှတ်ချက်များ**

ဒေတာစင်တာများကို အမေရိကန်နိုင်ငံအခြေစိုက် ဒေတာစင်တာ အကဲဖြတ်ဆန်းစစ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Uptime Institute က ဒေတာစင်တာတစ်ခု၏ ဒီဇိုင်းပေါ်မူတည်၍ Tier I၊ Tier II၊ Tier III နှင့် Tier IV ဟူ၍ အဆင့်အတန်း ၄ ခု သတ်မှတ်သည်။

"ဒေတာစင်တာတစ်ခုကို တည်ဆောက်ပြီးသွားရင် ကမ္ဘာ့အဆင့်မီဖို့ စစ်ဆေးဆန်းစစ်တဲ့ Third Party လို အဖွဲ့အစည်းတွေ ရှိပါတယ်၊ ဒီအဖွဲ့တွေကို ဖိတ်ရတယ်၊ ဖိတ်ပြီး (Safety) ဘေးကင်းရေး၊ (Security) လုံခြုံစိတ်ချရရေး၊ (Reliable) ပိုင်းတွေကို စစ်ဆေးတယ်၊ ကမ္ဘာ့အဆင့်မီတော့မှ ဒေတာစင်တာကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးတာ ဖြစ်ပါတယ်၊ အဆင့်အတန်း ၄ ခု သတ်မှတ်ပါတယ်၊ အကောင်းဆုံးကတော့ (Tier III ) အဆင့်အတန်း ၃ နဲ့ (Tier IV) အဆင့်အတန်း ၄ ပဲ ဖြစ်ပါတယ်၊ ဥပမာ ဒေတာစင်တာတစ်ခုက (Tier III ) နဲ့ (Tier IV) ကို မှီခိုနိုင်တယ်ဆိုရင် ပြင်ပ လုပ်ငန်းရှင်တွေရဲ့ ဒေတာ အချက်အလက်တွေ၊ ဘဏ်တွေရဲ့ ဒေတာတွေ၊ ကတ်တွေနဲ့ ငွေပေးချေမှု စနစ်တွေကို ဝန်ဆောင်မှု ပေးနေတဲ့ လုပ်ငန်းတွေ၊ အစိုးရ၊ စတော့ဈေးကွက်၊ ပြည်သူတွေရဲ့ Personal ဆိုင်ရာ ဒေတာတွေကိုလည်း သိုလှောင် သိမ်းဆည်းလို့ရပါတယ်" ဟု နည်းပညာ ကျွမ်းကျင်ပညာရှင် တစ်ဦးက ဆိုသည်။

ဒေတာစင်တာတစ်ခုတွင် မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက်မှု (Connectivity) ရှိရမည်ဆိုသည့် အချက်မှာ အဓိက စိန်ခေါ်မှု ဖြစ်သည်။ Connectivity မရှိသည့် ဒေတာစင်တာသည် အောင်မြင်မှု မရှိနိုင်သလို အသေးစား၊ အလတ်စား အပါအဝင် စီးပွားရေး လုပ်ငန်းကြီးများအားလုံး လိုအပ်သည့် ချိတ်ဆက် ဆောင်ရွက်မှု ရရှိမည်မဟုတ်ပေ။ နိုင်ငံတကာတွင် ဒေတာစင်တာ ရွေးချယ်ရာ၌လည်း Connection များစွာ ပေးနိုင်သည့် Carrier "Neutral" ဒေတာစင်တာများကို အဓိကထား ရွေးချယ်လာကြသည်။

**ဒေတာစင်တာ၏ ဝန်ဆောင်မှုများ**

"ဒေတာစင်တာဟာ သိုလှောင်သိမ်းဆည်း (Store) လုပ်တဲ့ ဒေတာဟာ သူ့ရဲ့ ကိုယ်ပိုင် ဒေတာမဟုတ်တဲ့အတွက် (Safety) ဘေးကင်းရေး၊ (Security) လုံခြုံစိတ်ချရရေး၊ (Reliable) ပိုင်းမှာရော ကမ္ဘာ့အဆင့်မီဖို့ လိုအပ်ပါတယ်၊ ဘေးကင်းရေးဆိုရင် လူတစ်ယောက်က အပြင်က ဒေတာစင်တာမှာ သွားထားမယ်ဆိုရင် သူ့ရဲ့ ဒေတာဟာ မပျောက်ဆုံးသွားဘူး၊ မခိုးခံရဘူး၊ ဒါအတွက် ဒီစင်တာဟာ Safe ဖြစ်ဖို့ လိုအပ်ပါတယ်၊ နောက်ပြီး လျှပ်စစ်လို့၊ မုန်တိုင်းကျလို့၊ မီးလောင်လို့ သူ့ရဲ့ ဒေတာ မဆုံးရှုံးသွားဖို့ အတွက် အာမခံနိုင်ဖို့ လိုပါတယ်၊ နောက်ပြီး ဒေတာစင်တာမှာ ထားမယ်ဆိုရင် အချိန်မရွေး တစ်ရက်မှာ ၂၄ နာရီ Access လုပ်နိုင်တဲ့ အခွင့်အရေးလည်း ပေးနိုင်ဖို့ လိုပါတယ်၊ အခုနောက်ပိုင်းမှာ ဒေတာစင်တာတွေဟာ Physical Security အပြင် Cyber Security ကိုလည်း သေချာ ထိန်းသိမ်းပေးတယ်၊ ၁၀၀ ရာခိုင်နှုန်းတော့ မဟုတ်ရင်တောင်မှ ခိုးယူမှုတွေကို ကာကွယ်နိုင်ဖို့ လိုပါတယ်" ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

*စာမျက်နှာ (၂၅) သို့*

*စာမျက်နှာ (၂၄) မှအဆက်*

ဒေတာစင်တာများက ထိုကဲ့သို့သော အာမခံချက်များ၊ အကျိုးတရားများကို ပေးသည့်အတွက် ဒေတာစင်တာများနှင့် ပတ်သက်သည့် တွေးခေါ်မှု ၊ လုပ်ဆောင်မှုများသည် မြင်သာ၊ ထင်သာဖြစ်လာပြီး နိုင်ငံတကာတွင် စီးပွားရေး လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် ဒေတာစင်တာများသည် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်လျက် ရှိသည်။

**မြန်မာနိုင်ငံတွင် ဒေတာစင်တာ သုံးစွဲနေမှု အခြေအနေ**

မြန်မာနိုင်ငံသည် ယခင်က နည်းပညာကဏ္ဍတွင် ခေတ်နောက်ကျခဲ့သည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်မှစတင်၍ အင်တာနက်နှင့် ထိတွေ့ နီးစပ်မှု စိပ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် MPT နှင့် အပြိုင် ပြည်ပဆက်သွယ်ရေး ကုမ္ပဏီများဖြစ်သည့် တယ်လီနော၊ အော်ရီဒူး တို့ ဝင်ရောက်လာခဲ့ရာ အဆိုပါ အော်ပရေတာများ၏ ပြိုင်ဆိုင် ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ အင်တာနက် မြန်နှုန်းမှာ တိုးတက်ကောင်းမွန်လာခဲ့သည်။

“တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ် ရောက်နေပါပြီ၊ တချို့နေရာတွေမှာ သူ့အဆင့်နဲ့သူ ဖွံ့ဖြိုးတိုးတက်နေပေမယ့်လည်း Information Technology လို ကဏ္ဍမျိုးတွေမှာဆိုရင် Leap Frog ခုန်ကျော်ပြီး ကမ္ဘာ့အဆင့်မီသွားဖို့ အခွင့်အရေးလည်း ရှိပါတယ်၊ ပြီးခဲ့တဲ့ လေးငါးနှစ်က ဆိုရင် မိုဘိုင်းသုံးနိုင်တဲ့ အရေအတွက်က ဆယ်ရာခိုင်နှုန်းအောက်မှာပဲ ရှိပါတယ်၊ အခုဆိုရင် ပြည်သူလူထု ၈၅ ကနေ ၉၀ ရာခိုင်နှုန်းက ဟန်းဖုန်းသုံးနိုင်တဲ့ အနေအထားကို ရောက်သွားပါပြီ၊ ဒီလောက် ထိုးဖောက်နိုင်တာ အင်မတန်လည်း မြန်ပါတယ်၊ ဒါဟာ တိုင်းပြည်အတွက်လည်း အထူး အကျိုးရှိပါတယ်၊ တိုးတက်တဲ့ နေရာမှာလည်း ဒစ်ဂျစ်တယ် ပလက်ဖောင်းကို အများကြီး မှီခိုပြီး ကျွန်တော်တို့တိုင်းပြည် တိုးတက်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဒစ်ဂျစ်တယ် Space မှာ ဒစ်ဂျစ်တယ်ဒေတာတွေ အများကြီး ပွားများလာပြီး ဒေတာတွေကို သိမ်းဆည်းဖို့ ဒေတာစင်တာက မဖြစ်မနေ လိုအပ်လာတော့မှာပါ ” ဟု Country Manager ဦးစည်သူမိုးမြင့်က ပြောသည်။

နည်းပညာ တိုးတက်လာမှုကို အကြောင်းပြု၍ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် ဖြန့်ကြက် ဆက်ဆံ ကုန်သွယ်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် ဒေတာစင်တာများသည် အဓိက လိုအပ်ချက်တစ်ခု ဖြစ်လာသည်။ ထို့အပြင် မိမိတို့၏ အချက်အလက်များ မပျောက်ပျက်စေရန်နှင့် လုံခြုံစိတ်ချမှု အပြည့် ပေးနိုင်ရန်မှာ အဓိကထားသိုသည့် နေရာဖြစ်သော ဒေတာစင်တာသည် နိုင်ငံတကာ အဆင့်မီ စံနှုန်းများဖြင့် တည်ဆောက်ထားသည့် ဒေတာစင်တာ ဖြစ်ရန်လည်း လိုအပ်သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ ဒေတာစင်တာများ ပေါ်ပေါက်လာရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက “ကျွန်တော်တို့နိုင်ငံအတွက် ဒေတာစင်တာက မရှိမဖြစ် လိုအပ်

**“ နည်းပညာ တိုးတက်လာမှုကို အကြောင်းပြု၍ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် ဖြန့်ကြက် ဆက်ဆံ ကုန်သွယ်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် ဒေတာစင်တာများသည် အဓိက လိုအပ်ချက်တစ်ခု ဖြစ်လာသည်၊ ထို့အပြင် မိမိတို့၏ အချက်အလက်များ မပျောက်ပျက်စေရန်နှင့် လုံခြုံစိတ်ချမှု အပြည့် ပေးနိုင်ရန်မှာ အဓိကထားသိုသည့် နေရာဖြစ်သော ဒေတာစင်တာသည် နိုင်ငံတကာအဆင့်မီ စံနှုန်းများဖြင့် တည်ဆောက်ထားသည့် ဒေတာစင်တာ ဖြစ်ရန်လည်း လိုအပ် ”**

ပါတယ်၊ နိုင်ငံတကာအဆင့်မီ ဒေတာစင်တာတစ်ခုရဲ့ ဝန်ဆောင်မှုတွေအတိုင်း ဘယ်လောက်အထိ လုပ်ပေးနိုင်ကြမလဲ၊ ဉပမာ ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်မီဒီယာကို ဝက်ဆိုက်ပေါ်တင်ထားရင် ကြည့်ရှုသူ သန်းနဲ့ချီပြီး ရှိတယ်၊ အဲဒါကို ပြည်တွင်းက ဒေတာစင်တာမှာထားရင် မနိုင်ဘူး၊ ကြည့်တဲ့သူတွေအတွက် နှေးသွားတာတို့၊ ပြတ်သွားတာတို့ ဖြစ်နိုင်တဲ့အတွက် အဆင်မပြေဘူး၊ အဲဒါကြောင့် စင်ကာပူက Cloud ဒေတာစင်တာမှာ သွားထားရတယ်၊ တကယ်လို့သာ ပြည်တွင်းမှာ ဈေးနှုန်းလည်း မှန်ကန်တယ်၊ နည်းပညာပိုင်းလည်း စိတ်ချရတယ်၊ ဝန်ဆောင်မှုကလည်း ကောင်းတယ်ဆိုရင် ကျွန်တော်တို့လည်း ပြည်တွင်းမှာပဲ ထားချင်ပါတယ်၊ ကျွန်တော်တို့လိုပဲ အလားတူ နည်းပညာ ကုမ္ပဏီတွေ အများကြီးရှိတာဆိုတော့ ဒေတာစင်တာတွေ မြန်မာနိုင်ငံမှာ အများကြီးပေါ်လာဖို့ လိုအပ်ပါတယ်” ဟု ပြောသည်။

**ပထမဆုံးဒေတာစင်တာ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ Specific Carrier Data Center နှင့် Carrier Neutral Data Center စသော ဒေတာစင်တာများကို အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့တွင် တည်ဆောက်အသုံးပြုလျက်ရှိကြသည့်အနက် Myint & Associates ဒေတာစင်တာသည် နိုင်ငံတကာ အသိအမှတ်ပြု Tier III အဆင့်ရှိ Carrier “Neutral” Data Center ဖြစ်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံတွင် အချိန်တိုအတွင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်ပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သော ဆက်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက် သိုလှောင်ရန်၊ နိုင်ငံတကာအဆင့်မီ ပထမဦးဆုံး ဒေတာစင်တာ ဝန်ဆောင်မှုကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

“ပြည်တွင်းက လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်တွေကို ပြည်ပက ဒေတာစင်တာတွေမှာ ထားမယ့်အစား ပြည်တွင်းမှာ ကမ္ဘာ့အဆင့်အတန်းမီတဲ့ နေရာမှာ ထားနိုင်အောင် ဒေတာစင်တာလုပ်ငန်းနဲ့ စီမံကိန်းကို ဆောင်ရွက် အကောင်အထည်ဖော်တာဖြစ်ပါတယ်” ဟု ဒေတာစင်တာ တည်ထောင်ဖြစ်ပုံနှင့်ပတ်သက်၍ ဦးစည်သူမိုးမြင့်က ဆိုသည်။

အဆိုပါ ဒေတာစင်တာသည် ရန်ကုန်မြို့ ပြည်လမ်းရှိ နည်းပညာအဆင့်မြင့် စီးပွားရေး အဆောက်အအုံတစ်ခုဖြစ်သည့် Vantage Tower တွင် တည်ရှိပြီး အမေရိကန်နိုင်ငံ ဒေတာစင်တာ အကဲဖြတ်သော Uptime Institute က ဒီဇိုင်းပေါ်မူတည်၍ Tier III အဆင့် အသိအမှတ်ပြုထားသည်။ မီးဘေးကာကွယ်ရေးနှင့် အရေးပေါ် ကယ်ဆယ်ရေး စနစ်များ၊ အဆင့်မြင့်ရေရရှိမှု၊ မိလ္လာနှင့် ရေဆိုးသန့်စင်သည့် စနစ်များပါဝင်သည့်အပြင် လျှပ်စစ်ဓာတ်နှင့် လေပြင်းတိုက်ခတ်မှုတို့ကိုလည်း ခံနိုင်ရည်ရှိအောင် တွက်ချက် တည်ဆောက်ထားသော Vantage Tower ကဲ့သို့ စီးပွားရေးနှင့် နည်းပညာ အဆင့်မြင့် အဆောက်အအုံဖြစ်ရန်ကလည်း အရေးပါသည် ဟု ဆိုသည်။

**အစိုးရ၏ ICT မူဝါဒနှင့် ဒေတာစင်တာများ**

မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်ဟူသည့် မူဝါဒတစ်ရပ်အား ချမှတ်ထားရှိပြီး ထိုကဲ့သို့ e- Government လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် အစိုးရဌာနများအားလုံး တစ်ပြေးညီအသုံးပြုရန် Common e-Government Application များဖြစ်သော ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ် (Government Personnel Management System-GPMS) နှင့် အီလက်ထရွန်နစ် စာရွက်စာတမ်း စီမံခန့်ခွဲမှုစနစ် (Electronic Document Management System – EDMS) များအား ဝန်ကြီးဌာနများအားလုံး ၂၀၁၇ ခုနှစ် ဧပြီလမှစတင်၍ တစ်ပြေးညီ အသုံးပြုသွားရန် နိုင်ငံတော်အစိုးရက လမ်းညွှန်မှု ပြုထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) ၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Workshop on Establishment of Enabling Environment for e-Government through Integrated Data Centers အလုပ်ရုံ ဆွေးနွေးပွဲတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေး မူဝါဒများအနက် နံပါတ် (၄) အချက်ဖြစ်သော Data ID Card System, Digital Government Strategy, e- Government System တို့ကို ထူထောင်သွားနိုင်ရန်ဟူသည့် မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ချပြခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် Data Center၊ IT Infrastructure ဖြစ်သော System & Network၊ Cloud နှင့် Applications & Database များကို အခြေခံအဖြစ် မရှိမဖြစ် တည်ဆောက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဒေတာစင်တာသည်လည်း အရေးပါသော အခြေခံ အဆောက်အအုံ တစ်ခုဖြစ်သဖြင့် Feasible Study လုပ်ဆောင်ခြင်း၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လိုအပ်သော Data များကို စုစည်းခြင်း၊ Design & Implementation များ လုပ်ဆောင်ခြင်း၊ လိုအပ်သော နည်းပညာများကို လေ့လာသင်ယူခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း အထက်ပါ ဝန်ကြီးဌာနက ရှင်းလင်း ပြောကြားခဲ့သည်။

နိုင်ငံတကာတွင် ဒေတာစင်တာများကို အသုံးပြု၍ မိမိတို့လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေကြသလို မြန်မာနိုင်ငံသည်လည်း Globalization တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက် ဆက်ဆံ ကုန်သွယ်နိုင်ကြရန် မှန်ကန်တိကျသော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးနိုင်ခြင်းသည် ယနေ့ခေတ်၏ စိန်ခေါ်မှု တစ်ခုဖြစ်သည်။ အဆိုပါ စိန်ခေါ်မှုအတွက် အခြေခံ အကျဆုံးသော အခန်းကဏ္ဍမှာ ဒေတာစင်တာတွင် အစိုးရအဖွဲ့အစည်းအသီးသီးမှ အချက်အလက်များကို စုစည်း ထားရှိနိုင်ရေးနှင့် ယင်းဒေတာစင်တာကို နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှု ပေးနိုင်ရေးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှုပေးနိုင်သော ဒေတာစင်တာကို ပုဂ္ဂလိက ကဏ္ဍတွင် တည်ဆောက် ဝန်ဆောင်မှုပေးလာနိုင်ခဲ့ခြင်းကလည်း ဂုဏ်ယူဖွယ်ရာ တစ်ခုပင်ဖြစ်သည်။ ဒေတာစင်တာများကို အသုံးပြုကြခြင်းဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ယခုထက် ပိုမိုမြန်ဆန် ထိရောက် အောင်မြင်လာမည်သာ...။ ။




# ဖြူးချောင်း ရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ်မြောင်းများ ဆောင်ရွက်ရန်လိုအပ်နေ

**တင်လှိုင် (မိတ္ထီလာ)**



ဖြူးမြို့နယ်၌ ဖြူးချောင်း ရေလှောင်တမံကို ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း စိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေး အတွက်ရည်ရွယ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြူးချောင်း ရေလှောင်တမံ စီမံကိန်းကို ၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ရေလှောင်တမံနှင့် ရေလွှဲဆည်များ ရာနှုန်းပြည့် ပြီးစီးသော်လည်း ဆည်ရေသောက်စနစ်၏ အဓိက လုပ်ငန်းများဖြစ်သော မြောင်းများမှာ ခွင့်ပြုရန်ပုံငွေ အခက်အခဲကြောင့် ရာနှုန်းပြည့် မပြီးစီးသေးသဖြင့် တောင်သူလယ်သမားများအား ရေပေးဝေရန် အခက်အခဲနှင့် ကြုံတွေ့နေကြရသည်။ ခွင့်ပြုရန်ပုံငွေအခက်အခဲကြောင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများမှာ စိုက်ပျိုးရေ မရရှိသဖြင့် အခက်အခဲများနှင့် နှစ်စဉ်ရင်ဆိုင်နေကြရကြောင်း သိရသည်။

ဖြူးမြို့နယ်၌ စိုက်ပျိုးမြေ ဧက ၁၂၀၀၀၀ ကျော်ရှိသော်လည်း ဖြူးချောင်း ရေလှောင်တမံမှ စိုက်ပျိုးမြေဧက ၉၀၀၀၀ ကျော်ကိုသာ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။ ဖြူးမြို့နယ်၌ လက်ရှိလယ်ယာမြေများမှာ တစ်သီးစားသာစိုက်ပျိုးနိုင်၍ တချို့မှာ နှစ်သီးစား စိုက်ပျိုးနေသည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း အနောက်ဘက်ရှိ လယ်မြေများသည် နှစ်သီးစား စိုက်၍ရသော လယ်မြေများဖြစ်သည်။ နွေစပါး၊ မိုးစပါးအပြင် ဆောင်းသီးနှံ မတ်ပဲနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်သည်။ ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်တွင် လယ်ဧက ၁၅၀၀၀ ကျော်ရှိသော်လည်း ရေသောက်စနစ် မြောင်းများ မပြီးသေးသဖြင့် လယ်ဧက ၁၈၀၀ ကိုသာ ရေပေးဝေစိုက်ပျိုးနေကြရသည်။

ဖြူးချောင်း ဆည်ရေသောက်စနစ်အတွင်း၌ ဖြူးမြို့နယ်မှ ကျေးရွာအုပ်စု ၆၀ ပါဝင်ပြီး အုတ်တွင်းမြို့နယ် ကျေးရွာအုပ်စု ခြောက်အုပ်စု ရှိသည်။ ဆည်ရေသောက်စနစ်အတွင်း တောင်သူ ၃၅၈၀၄ ဦး ဆည်ရေ ရရှိမည်ဖြစ်သည်။ ဖြူးချောင်း ရေလှောင်တမံတွင် လက်ယာရေမြောင်း ၈ ဒသမ ၆၃ မိုင်၊ ဆည်ရေသောက် ဧက ၆၆၀၀၀၊ လက်ဝဲရေမြောင်းမကြီး ၉ ဒသမ ၉၃ မိုင်၊ ဆည်ရေသောက် ဧက ၂၄၀၀၀၊ မြောင်းခွဲတစ်ခုမှ မိုင် ၂၀ လက်တံမြောင်း ၂၄ ခု ၁၃၅ မိုင်၊ လက်တံမြောင်းခွဲမှာ ၂၀၆ ခု ၃၅၈ မိုင်၊ တူးမြောင်းမှာ အလျား စုစုပေါင်း ၅၃၁ ဒသမ ၅၆ မိုင်ဖြစ်သည်။ ဤဆည်ရေသောက်စနစ်အတွက် မြောင်းများတူးဖော်ရန် ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ တင်ပြတောင်းခံထားကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ကားလမ်း အရှေ့ဘက်တွင် စိုက်ဧက ၉၀၀၀၀ ကျော်ရှိသည်။ ကားလမ်းဟောင်း အရှေ့ဘက်ရှိ လယ်မြေများမှာ အများအားဖြင့် တစ်သီးစားသာ စိုက်ပျိုးနိုင်သေးသည်။ တစ်သီးစားကို နှစ်သီးစားဖြစ်ရန်နှင့် နှစ်သီးစားကို သုံးသီးစားဖြစ်ရန် ဆည်ရေဖြင့် အကျိုးပြုနိုင်သည်။ လက်ရှိ သီးနှံစိုက်ပျိုးမှုပုံစံမှာ တစ်သီးစားလယ်မြေများအတွက် မိုးစပါး၊ နှစ်သီးစားလယ်မြေများအတွက် မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးနေပြီး ဆည်ရေသောက်စနစ် ပြီးစီးပါက တစ်သီးစား ရေယာများမှာ မိုးစပါးပြီးလျှင် နွေစပါး စိုက်ပျိုးနိုင်သည်။ သုံးသီးစားစိုက်ပျိုးနိုင်ရန် စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပြီး စက်မှုလယ်ယာစနစ်ကို အစားထိုးရမည်ဖြစ်သည်။ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များရှိ စနစ်တကျလယ်ယာမြေများတွင် ဆည်ရေကို အသုံးပြု၍ သုံးသီးစားစိုက်ပျိုးအောင်မြင်နေသည်ကို နမူနာယူရမည်ဖြစ်သည်။

ဖြူးချောင်း ရေလှောင်တမံတွင် ရေလှောင်တမံနှင့် ရေလွှဲဆည်များ ရာနှုန်းပြည့် ပြီးစီးနေသော်လည်း အဓိကဆည်ရေသောက် စနစ်များ မပြီးစီးသေးသည့်အတွက် တောင်သူလယ်သမားများမှာ ဆည်ရေ အပြည့်အဝမရဘဲ ဖြစ်နေသည်။ တောင်သူလယ်သမားများက ဆည်ရေကို လိုလားနေကြသည်။ ရန်ပုံငွေရရှိမှု အခြေအနေအရ ဆည်ရေသောက်စနစ် တည်ဆောက်ရေး လုပ်ငန်းများ ရပ်ဆိုင်းထားရသည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ များစွာဆုံးရှုံးနစ်နာနေပြီး စီမံကိန်းတစ်နှစ်စောပြီးလျှင် ဒေသအတွက် တစ်နှစ်စော၍ အကျိုးပြု ခံစားနိုင်မည်ဖြစ်သည်။

ယခုအခါ ပြီးစီးသလောက် ရေပေးမြောင်းများမှ ရေပေးဝေနေရသည်။ ရေပေးမြောင်းများ အားလုံးပြီးစီးပါက ချောင်းပိတ် စနစ်မပါဘဲ လယ်ဧက ၉၀၀၀၀ ကျော်ကို ရေအလုံအလောက် ပေးဝေနိုင်မည်ဖြစ်သည်။ ယခုနှစ်တွင်လည်း ရန်ပုံငွေမရသဖြင့် ဆည်ရေသောက်စနစ်များ ရပ်ဆိုင်းထားရသည်။ ဖြူးချောင်းရေသောက်စနစ်မြောင်းများမှာ နောက်ငါးနှစ်အကြာ ၂၀၂၂ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။ ဖြူးချောင်းရေလှောင်တမံ ရေသောက်စနစ်မှာ တောင်သူများ စိုက်ပျိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရန်ပုံငွေဘတ်ဂျက် အမြန်ဆုံးချပေးစေလိုကြောင်း တောင်သူများက ပြောသည်။ ဆည်ရေသောက်စနစ် ပြီးပါက ဧက ၉၀၀၀၀ ကျော်မှာ ဆည်ရေဖြင့် တစ်သီးစားမှ သုံးသီးစားအဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်၍ ဖြူးချောင်း ဆည်ရေသောက်ဒေသများ ဖွံ့ဖြိုးလာမည်မှာ အမှန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




# အထူးလိုအပ်လျက်ရှိသော 'သုံးထပ်ကျောင်းဆောင်' ကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းစေလို




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၀၁ခုနှစ် ဇွန် ၁ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၃၂၄ဦးသော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မွန်၊ လယ်၊ ထက် ကျောင်းသား ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ဘုရားအမှူးရှိသော သံဃာတော်များနှင့် ပရဟိတကလေးများအတွက် အထူးလိုအပ်လျက်ရှိသော **'သုံးထပ်ကျောင်းဆောင်'** သည် (အလျား ၅၅' × အနံ ၄၅') ရှိပြီး (3RC) သုံးထပ်ကွန်ကရစ်အဆောက်အအုံအမျိုးအစားဖြစ်သည်။ အင်ဂျင်နီယာဗိသုကာပညာရှင်များ တွက်ချက်မှုအရ တစ်ထပ်လျှင် ကျပ်သိန်း ၃၅၀ခန့် ကုန်ကျမည်ဖြစ်ပြီး အပေါ်ထပ်စေတီအပါအဝင် သုံးထပ်လုံးအတွက် ကျပ်သိန်း ၁၂၀၀ခန့် ကုန်ကျမည်ဟု သိရှိရပါသည်။

အထူးလိုအပ်လျက်ရှိသော၍ **'သုံးထပ်ကျောင်းဆောင်'** တော်ကြီး အမြန်ဆုံးပြီးမြောက်နိုင်ရေးအတွက် စေတနာရှင်များမှ တစ်ထပ်ချင်းဖြစ်စေ စွမ်းနိုင်သရွေ့ဖြစ်စေ ကုသိုလ်ပြုလှူဒါန်းခြင်းဖြင့် ကျောင်းဒါယကာ ဒါယိကာမအဖြစ်ခံယူနိုင်ကြစေရန် အထူးမေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**လှူဒါန်းနိုင်မည့် အပိုင်းကဏ္ဍများ**

(၁) ရွှေတိဂုံပုံတူစေတီတော်တန်ဖိုး ကျပ်သိန်း ၁၅၀
(၂) ဆွမ်းစားကျောင်းဆောင်တစ်ထပ်တန်ဖိုး ကျပ်သိန်း ၃၅၀
(၃) အခန်းတစ်ခန်းတန်ဖိုး ကျပ်သိန်း ၃၀
(၄) ဆွမ်းစားကျောင်းဆောင်အားလုံးအပြီးစီးတန်ဖိုး ကျပ်သိန်း ၁၂၀၀

အလှူရှင်များသားစဉ်မြေးဆက် ဝမ်းမြောက်နမော်သာဓုခေါ်ဆိုနိုင်ရန် 'ကမ္ပည်းကျောက်စာ'ရေးထိုးဂုဏ်ပြုပေးပါမည်။ စွမ်းနိုင်သရွေ့ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်ရန်**
**ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ**
**မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း**
**တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်**
**ဖုန်း-၀၉-၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀**
**ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ (A/C No.007-301-00700708002)**
**CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)**

**မှတ်ချက်** - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါအရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 8E/3670 Win Myanmar, P/U ယာဉ်လက်ဝယ်ရှိသူ ဦးပေါက်စ ၁၂/သဃက(နိုင်)၀၂၈၃၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာန
## ၁၉၆၈ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ B.A(Law),LL.B.(6th Batch)
## (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ပါဝင်ကြွရောက်ပါရန် ဖိတ်ကြားလွှာ

ရပ်ဝေးရပ်နီးမှ သူငယ်ချင်းတို့

ဆရာကြီး ဆရာမကြီးများကို တို့တစ်တွေအစဉ်အလာမပျက် ပူဇော်ကန်တော့ကြရန် အင်တိုက်အားတိုက် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၈-၁၂-၂၀၁၇ရက် (တနင်္လာနေ့)
**အချိန်** - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ
**နေရာ** - တက္ကသိုလ်ဓမ္မာရုံ (တွေ့ဆုံညစာစားပွဲရှိပါသည်။)
**ဆက်သွယ်ရန်** - (၁) ဦးစိုးမြင့် ဖုန်း-၀၉-၅၁၅၀၄၁၈
(၂) ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၄၁၅၈၀၈
(၃) ဦးခင်ဇော် ဖုန်း-၀၉-၅၀၀၄၀၈၆
(၄) ဒေါ်ခင်ဆွေရီ ဖုန်း-၀၉-၅၀၈၂၀၁၄

**A.G.T.I Society**
**ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း**

## (၂၂)ကြိမ်မြောက် ဂျီတီအိုင်ကျောင်းပေါင်းစုံ အာစရိယပူဇော်ကန်တော့ပွဲ
## ဖိတ်ကြားလွှာ

A.G.T.I Society ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းသည် ဂျီတီအိုင်ကျောင်းပေါင်းစုံမှ ဆရာကြီး ဆရာမကြီး ၂၉၈ဦးတို့အား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေရာ** - MCC ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်
**ကျင်းပမည့်ရက်** - ၉-၁၂-၂၀၁၇ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ

သို့ဖြစ်ပါ၍ ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြပါရန်နှင့် အခမ်းအနားသို့ တက်ရောက် ဂါရဝပြုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်မေးမြန်းလိုပါက** - AGTI Society Office
- ၀၁-၅၁၉၈၆၃၊ ၀၉-၄၂၈၆၂၆၈၈၅

**အလုပ်အမှုဆောင်ကော်မတီ**
**AGTI Society**



SAMSUNG

Galaxy Note
Fan Edition
Black Onyx
Blue Coral



8-Point Battery Safety Check
New 3,200mAh battery tested
to meet industry safety standards

Iris Scanner
Fast and secure
biometric authentication

Smarter S Pen
Create your own masterpieces
and perform advanced features

Water and Dust Resistance (IP68)
Use Note FE and S Pen to take notes underwater
or even in the rain without worries

IP68: Prevents harmful ingress of water at up to 1.5 metres, for up to 30 minutes.

KBZ BANK STRENGTH OF MYANMAR
အတိုးနှုန်းမဲ့ ငွေလအရစ်ကျ

ooredoo
အထူး Package ပါဝင်သည်။

samsungmyanmar samsungmyanmar samsung.com/mm
Call Center 01 2399 888 (Mon-Sun) 7AM to 11PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

## သတိပေးကြေညာချက်

Total Gameplay Co.,Ltd. ၏ အဓိကအစုရှယ်ယာရှင်နှင့် ဒါရိုက်တာဖြစ်သူ ဒေါ်လှမေ(ခ)ဒေါ်နွယ်နွယ်နှင့် ပတ်သက်၍ ၁၃-၁၀-၂၀၁၇ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်များအပေါ် ၎င်း၏ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

Total Game Play Co.,Ltd. သည် ဒေါ်လှမေ(ခ)ဒေါ်နွယ်နွယ်မှ ရင်းနှီးမတည်ငွေ ပစ္စည်းအစုရှယ်ယာ ၅၀ ရာခိုင်နှုန်းနှင့် ဦးဇော်ရဲမြင့်နှင့် ဦးမြင့်ကျော်သူတို့မှ ၎င်းတို့၏ နည်းပညာလုပ်အားတန်ဖိုးအား ရှယ်ယာအဖြစ် နှစ်ဦးအတွက် စုစုပေါင်း ၅၀ ရာခိုင်နှုန်း အစုရှယ်ယာတန်ဖိုးထား၍ ၂၉-၁၂-၂၀၁၄တွင် ကုမ္ပဏီမှတ်ပုံတင်၍ ဖွဲ့စည်းပြီး Mobile Game Applicationများကို ထုတ်လုပ်ခဲ့ပါသည်။ ကုမ္ပဏီ၏ တရားဝင်လိပ်စာမှာ အမှတ်(၃၃·ကေ)၊ ရတနာလမ်းသွယ်၊ ပြည်လမ်း၊ (၇)မိုင်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဖြစ်ပါသည်။

အစုရှယ်ယာရှင်အားလုံး ဒါရိုက်တာအဖွဲ့ဝင်အားလုံး၏ သဘောတူဆုံးဖြတ်ချက်မရှိဘဲ အထက်ပါလိပ်စာရှိ Total Game Play Co.,Ltd. ၏လုပ်ငန်း၊ ပစ္စည်းပစ္စယများအပါအဝင် ဝန်ထမ်းများအား ၂၀၁၅ ခုနှစ် ဩဂုတ်လပိုင်းတွင် အမှတ်-၆၃/ဘီ၊ မဥ္ဇူလမ်း၊ (၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်သို့ ဦးဇော်ရဲမြင့်နှင့် ဦးမြင့်ကျော်သူတို့မှ မိမိတို့သဘောဖြင့် ပြောင်းရွှေ့သွားပါသည်။ ထို့နောက် ၂၁-၁-၂၀၁၆ တွင် ဦးဇော်ရဲမြင့်နှင့် ဦးမြင့်ကျော်သူတို့မှ ဦးကျော်ထူးလင်းနှင့် ပူးတွဲ၍ လုပ်ငန်းတူကုမ္ပဏီတစ်ခုဖြစ်သော My Play Co.,Ltd.ကို ထပ်မံတည်ထောင်ကြခြင်းဖြစ်ပါသည်။ မူလကုမ္ပဏီတွင် ဒေါ်နွယ်နွယ်မှစိုက်ထုတ်ကျန်ခဲ့သော အသုံးစရိတ်များသာရှိခဲ့ပြီး ဝင်ငွေ၊ အမြတ်ငွေမှအစ အခွန်အခ ရှင်းလင်းမှုတစ်စုံတစ်ရာယနေ့ထိမရှိခဲ့ပါ။

SKM World အပါအဝင် နာမည်ကျော် Gameများကို Total Game Play Co.,Ltd. ၏ မူပိုင်ပစ္စည်းအဖြစ် တွင်ကျယ်စွာ ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။ SKM World Game သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလကတည်းကစတင်၍ Total Game Play Co.,Ltd. မှ ထုတ်လုပ်ဖြန့်ချိခြင်းဖြစ်ရာ My Play Co.,Ltd. မတည်ထောင်မီကတည်းက ဖြစ်ကြောင်း Video အထောက်အထားများ ရှိပါသည်။

ဤအကြောင်းများဖြင့် Total Game Play Co.,Ltd. ၏ ရပိုင်ခွင့်များ ဆက်စပ်သောအခွင့်အရေးများနှင့်တကွ ဒေါ်နွယ်နွယ်၏ ဂုဏ်သိက္ခာကျဆင်းစေမှုများအတွက် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှမေ(ခ)ဒေါ်နွယ်နွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ငြိမ်းကျော်**
**စဉ်-၁၉၉၈/၈၀**
**တရားလွှတ်တော်ရှေ့နေ**
**Rajah & Tann NK Legal**
**Myanmar Center Tower 1, Unit 8,**
**7th Floor, 192-KabarAye Pagoda Road**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃အေ၄၊ မြေကွက်အမှတ်-V၂၄၆၊ မြေကွက်တည်နေရာအမှတ်-၂၁၊ ဈေးလမ်း၊ ဗျိုင်းရေအိုးစဉ်ရွာမရပ်ကွက်၊ တာမွေမြို့နယ် မောင်ခင်မောင်၊ မသိန်းနှင့်မကျွေအမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမွေထိန်းလက်မှတ်စာ၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၂၉၀တွင် ရန်ကုန်တိုင်းတရားရုံးအမှတ်(၅) ရုံးတော်၌ ၁၉၇၆ခုနှစ် တရားမအသေးဖွဲ့မှုအမှတ်-၉(တာမွေ)၏ဒေါ်ခင်တင့်နှင့်ကွယ်လွန်သူ ဒေါ်တီတီ၏ ပစ္စည်းများကိစ္စ၌ ၅-၅-၁၉၇၆ အမိန့်တွင် ရန်ကုန်တိုင်းတရားရုံးအမှတ်(၅)၊ တရားစီရင်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးအုံးမောင်၊ အဖွဲ့ဝင် ဦးဝင်းမောင်နှင့် ဦးလှမြင့်တို့က အမှတ်-၂၁၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်းရေအိုးစဉ်ရပ်ကွက် ရန်ကုန်မြို့တွင် နေထိုင်ခဲ့ဖူး၍ ၁၉၇၅ခုနှစ် ဧပြီ ၁၈ရက်တွင် ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစဉ်ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်-၂၁တွင် ကွယ်လွန်သူ ဒေါ်တီတီ၏ ပစ္စည်းများနှင့်ရရန်ကြွေးငွေများအတွက် အမွေထိန်းလက်မှတ်ကို ၁၉၇၆ခုနှစ် မတ် ၁၁ရက်တွင် ထိုကွယ်လွန်သူ၏ အစ်မဝမ်းကွဲဖြစ်သော ဒေါ်ခင်တင့် (စီဂျီ/၁၁၀၃၈၂)သို့ ပေးအပ်ကြောင်းနှင့် ဤစာတမ်းအရထင်ရှားကြေညာကြောင်း အစ်မဖြစ်သော ဒေါ်ခင်တင့်သည်လည်း ကွယ်လွန်သူ ပစ္စည်းများနှင့်ရရန်ကြွေးငွေများကို ထိန်းသိမ်းဆောင်ရွက်ပါမည်၊ ၎င်းတို့ကုန်စင်အောင် အမှန်အကန်စာရင်းတစ်ခုပြု၍ ဤအမွေထိန်းလက်မှတ်ကို ပေးအပ်သည့်ရက်က (၆)လအတွင်းဖြစ်စေ (သို့တည်းမဟုတ်)ရုံးတော်က အခါကာလအားလျော်စွာသတ်မှတ်မည့် နောက်ထပ်တိုးမြှင့်သော ကာလအပိုင်းအခြားအတွင်းဖြစ်စေ ရုံးတော်တွင်တင်ပြပါမည်။ ၎င်းအပြင်၎င်းပစ္စည်းနှင့် ရရန်ကြွေးငွေများကို မှန်ကန်စွာရေးသားဖော်ပြသည့် စာရင်းတစ်စောင်ကိုလည်းဆိုခဲ့သည့်ရက်မှ တစ်နှစ်အတွင်းဖြစ်စေ(သို့တည်းမဟုတ်) ရုံးတော်က အခါကာလအားလျော်စွာသတ်မှတ်မည့် နောက်ထပ်တိုးမြှင့်သော ကာလအပိုင်းအခြားအတွင်းဖြစ်စေ ဤရုံးတော်တွင် တင်သွင်းပါမည့်အကြောင်းနှင့်လည်း ဝန်ခံပါသည်ဟု ဖော်ပြထားသော အမွေထိန်းလက်မှတ်စာ (၁)ဦးမြင့်စိုး၊ (၂)ဒေါ်ခင်ဝင်းမြင့်တို့မှ တာမွေမြို့နယ်တရားရုံး၏ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်၄၆ဖြင့် ဒေါ်ခင်တင့်အား အမွေထိန်းလက်မှတ်စာရသူ ဒေါ်ခင်တင့်သည် (၂)တရားလိုဒေါ်ခင်မြင့်သို့ မြေကွက်အား ကျပ်၅၀၀၀၀/- တိတိဖြင့် ၁၃-၁-၁၉၉၇ရက်စွဲပါ အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ရောင်းချခဲ့ပြီး ဒေါ်ခင်ဝင်းမြင့်မှအဆိုပါမြေကွက်အား (၁)တရားလို ဦးမြင့်စိုး ထံလွှဲပြောင်းရောင်းချရန်သဘောတူပြီးဖြစ်၍ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန် တရားစွဲဆိုပြီးရရှိခဲ့သည့် ၂၃-၁၁-၂၀၁၅ ရက်စွဲပါ စီရင်ချက်/အနိုင်ဒီကရီ/၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၅၊ နေ့စဉ်မှတ်တမ်းနှင့် ယင်းအမိန့်အရ ဘီလစ်ခန့်အပ်စာတင်ပြပြီး ဘီလစ် ဒေါ်စန်းစန်းဝင်း ၁၂/ဒပန(နိုင်)၀၀၄၆၃၉မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် မြေပြင်၌ နှစ်ခန်းတွဲ နှစ်ထပ်တိုက် တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်မနေပါ။ အခန်းနှစ်ခန်းအငှားချထားပြီး ကျန်အခန်းနှစ်ခန်းသည် သော့ပိတ်ထားပါသည်။ ယင်းအခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်းဝန်ခံကတိတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၄၁ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ်(၁၅၇၇) အလျားပေ(၄၀)×အနံပေ(၆၀)ရှိ ပါမစ်မြေကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဦးကျော်မိုး ၁၂/ဒဂန(နိုင်)၀၁၆၂၃၃ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ကြေညာအပ်ပါသည်။

**ဦးနိုင်မင်းသန်း ၉/ပမန(နိုင်)၁၂၉၄၅၅**
**ဖုန်း-၀၉-၄၂၀၇၈၀၄၃၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်း၊ အမှတ်(၁၀၆)တွင် နေထိုင်သူ ဒေါ်ဖြိုးပြည့်ပြည့်ခိုင် ၁၂/တမန(နိုင်)၁၀၅၃၃၃(ဘ) ဦးသာဌေးအောင်၏သမီးဖြစ်သူမှ အသိပေးကြေညာအပ်ပါသည်။

ဦးရဲလင်း ၁၄/ဖပန(နိုင်)၁၀၅၈၆၆ (ဘ)ဦးအောင်ငွေ၏သားနှင့် ကျွန်မ ဒေါ်ဖြိုးပြည့်ပြည့်ခိုင်တို့သည် အတူတကွပေါင်းသင်းနေထိုင်ခြင်း မရှိပါသဖြင့် ၎င်း၏ကိစ္စအဝဝသည် ကျွန်မနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဦးရဲလင်း၏တာဝန်သာ ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးပြည့်ပြည့်ခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မော်ဦး B.A,H.G.P,D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၉၂၇၀)**
**အမှတ်(၄)၊ ၁၄၆လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၉၀၁၈၈၊ ၀၉-၃၁၀၂၀၄၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၆၄ လေးလွှာ(B)တိုက်ခန်းနှင့်အကျိုးခံစားခွင့်၊ ရောင်းပိုင်ခွင့်ရှိသူ စာချုပ်အမည်ပေါက် ဒေါ်မျိုးသိမ့်သိမ့်ထွန်း ၁၂/တမန(နိုင်)၁၀၇၁၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**လမ္ဘတော် ဦးစိန်ဝင်း(စဉ်-၁၂၅၄၃)၊ ဥပဒေအကျိုးဆောင်ရှေ့နေ**
**အမှတ် ၄၇၈၊ လေးလွှာ(A)၊ ခေမာသီရိလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၆၇၅၈၁၊ ၀၉-၃၁၉၀၆၇၂၈**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသန်းချို
### ဒု-ဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ပေါင်းတလည်မြို့နေ (ဦးစံရွှေ-ဒေါ်အေး) တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်းကွန်ဒို၊ အမှတ် ၉၀၊ (၁/ဘီ)နေ ဒေါ်လှမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ ဦးသန်းထွန်း (လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)-ဒေါ်နီနီလှိုင် (ဒု-ကြီးကြပ်ရေးမှူး၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)တို့၏ညီ၊ ရန်ကုန်မြို့နေ (ဦးကျော်ဆွေ)-ဒေါ်သန်းသန်းနုအောင်(လ/ထညွှန်ကြားရေးမှူး၊ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ပေါင်းတလည်မြို့နေ (ဦးသိန်းဇော်)၊ (ဒေါ်မြင့်မြင့်ရီ)၊ ဦးအောင်စိုးကြည်-ဒေါ်သောင်းသောင်းဝေတို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၅-၁၁-၂၀၁၇ရက် နံနက် ၁၁း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီကိုမောင်နှမများ

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသန်းချို
### ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### အသက်(၇၄)နှစ်

ဒေါက်တာမျိုးမျိုးထွန်း(နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)၏ ဖခင်ဖြစ်သူ ဦးသန်းချိုသည် ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်
လည်ပင်းခွဲစိတ်ကုဆရာဝန်များအဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းချို (ပေါင်းတလည်-ပဲခူးတိုင်းဒေသကြီး)
### ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းချို (ဒုတိယဥက္ကဋ္ဌ-၂၊ ကမ္ဘောဇဘဏ်လီမိတက်)၊ (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)သည် ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းချို ကောင်းရာသုဂတိလားပါစေ။

ဦးမြတ်မော် - ဒေါ်မို့မို့ခိုင်
မိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်သိန်းဝင်း(ခ)ဒေါ်မုံး
## အထက(၁)ကျောင်းသူဟောင်း
## အထက(၁)ပဲခူး၊ ထ/ပြ(ငြိမ်း)
## အသက်(၆၅)နှစ်

ဒေါ်သိန်းဝင်း(ခ)ဒေါ်မုံးသည် ၃-၁၁-၂၀၁၇ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၁)ကျောင်းသား**
**ကျောင်းသူဟောင်းများ**

---

# ဦးနိုင်ဝင်း (ဖျာပုံ)
### လမင်းဆေးကုခန်း
### အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ မာဃလမ်း၊ အမှတ် ၁၂၄နေ (ဦးသိန်း-ဒေါ်ကျင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၈၈)ရပ်ကွက်၊ ဂန္ဓာမာလမ်း၊ အမှတ်(၆၂၉/က)နေ ဦးနိုင်ဝင်းသည် ၄-၁၁- ၂၀၁၇ရက်(စနေနေ့)ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးကောင်းမြတ်
### ဥက္ကဋ္ဌ (ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်း)
### အသက်(၄၇)နှစ်

ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဥက္ကဋ္ဌ ဦးကောင်းမြတ်သည် ၄-၁၁-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း**

---

## အထူးကျေးဇူးတင်လွှာ
# ဒေါ်ခင်ခင်အေး (Betty)
### အသက်(၉၅)နှစ်

၂၈-၁၀-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားသော မိခင်ကြီး နေထိုင်မကောင်းစဉ်က မေတ္တာဖြင့် နေအိမ်သို့ ကြွရောက်၍ အထူးကြပ်မတ်ကုသပေးခဲ့သောပါရမီဆေးရုံကြီးမှ ဒေါက်တာထူးမောင်အုန်းနှင့် ပါရမီ Home Care မှ ဆရာဝန်များနှင့် သူနာပြုများအားလုံး၊ ပါမောက္ခ ဒေါက်တာဦးမြအောင်နှင့် ပါမောက္ခ ဒေါက်တာဦးနေဝင်းတို့အားလည်းကောင်း၊ မိခင်ကြီး၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာအဆင်ပြေချောမွေ့စေရန် မေတ္တာရှေ့ထား၍ ကူညီပေးခဲ့ကြသော ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်၊ သွား ဘက်ဆိုင်ရာဆေးပညာဌာနမှ အရာရှိ၊ အရာခံများအားလုံး၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ နာယကကြီး ဦးကြင်ဦး၊ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေစိုးမောင်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအားလုံး၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းကြူနှင့်အသင်းသားများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီအမှုဆောင်လူကြီးများနှင့် ရုံးအဖွဲ့သားများနှင့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ အမှုဆောင်လူကြီးများအားလည်းကောင်း၊ ဈာပနသို့ ကိုယ်တိုင်ပို့ဆောင်၍သော်လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်၍သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ၊ သက်နှံးပရိက္ခရာစသော လှူဖွယ်ဝတ္ထုများနှင့် လှူဒါန်းရန် နဝကမ္မဝတ္ထုငွေများနှင့် စားသောက်ဖွယ်ရာများ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ အခြားနည်းလမ်းတို့ဖြင့်သော်လည်းကောင်း ဆက်သွယ်သတင်းမေး၍ ဝမ်းနည်းကြောင်းပြောကြားကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ အခြားကျေးဇူးတင်ရှိထိုက်သူအားလုံးကိုလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဒေါ်ခင်ခင်အေး
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၉၀/ခ)နေ (ဦးစိုးဖေ-ဒေါ်ဖြူ)တို့၏သမီး၊ (ဦးတိတ်ကြည်) ဒုတိယဗိုလ်မှူးကြီး(အငြိမ်းစား)၏ ချစ်လှစွာသောဇနီး၊ ဦးကြည်ဝင်း-ဒေါ်ခင်ဝင်း၊ ဒေါ်နွယ်နွယ်ကြည်-ဦးအောင်သက်၊ ဒေါ်နီနီအေး-Jack Markewicz၊ (ဦးဝင်းနိုင်)-ဒေါ်ရီရီမြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အမေရိကန်နိုင်ငံ၊ Con Cord မြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၁-၂၀၁၇ရက်တွင် အမေရိကန်နိုင်ငံ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဒေါ်ခင်သန်း(သနပ်ပင်)
### အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ(ကျောင်းအုပ်ဆရာကြီး ဦးအုန်းမောင်-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးဘညွန့်-ဒေါ်ဖွားသန့်)၊ (ဦးကျော်ငြိမ်း-ဒေါ်အုန်းကြည်)တို့၏တူမ၊ သနပ်ပင်မြို့နေ (ဦးတင်အောင်-ဒေါ်သိန်းမြ)၊ ဦးတင့်ဆွေ-ဒေါ်ခင်သိန်း၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းမြင့်၊ (ဦးခင်မောင်လွင်-ဒေါ်ပန်းယဉ်)၊ ဦးကျော်မြင့်-ဒေါ်ဆယ်မိတို့၏အစ်မ၊ တူ/တူမ ၁၈ယောက်တို့၏အဒေါ်၊ (ဦးခင်မောင်ချို-အကောက်ခွန်၊ ငြိမ်း)၏ဇနီးသည် ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် ၄/၄၀၃၊ ရတနာလမ်းသစ်အိမ်ရာ၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

# ဒေါ်စိန်စိန်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)တိုးချဲ့ရပ်ကွက်၊ ဦးကြင်ဥလမ်း၊ အမှတ် ၁၃၂နေ (ဦးကျော်ထွန်း-ဒေါ်မြတင်)တို့၏သမီး၊ (ဗိုလ်ကြီးသိန်းလှ)၏ဇနီး၊ ဦးကျော်မိုး(စက်ရုံမှူးကြီး၊ အမှတ်-၂၊ သံမဏိစက်ရုံ၊ မြောင်းတကာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ဖြူဖြူမြင့်၊ (ဦးကိုကိုအောင်-ဒေါ်အေးအေးလှ)တို့၏မိခင်၊ ဒေါ်ခင်စပယ်ဖြူ၊ ဒေါ်စောသက်နွယ်၊ ဒေါက်တာရဲမြတ်ကို၊ ဒေါ်စောမျက်သွယ်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၅-၁၁-၂၀၁၇ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကောင်းမြတ်
### ဥက္ကဋ္ဌ (ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်း)
### အသက်(၄၇)နှစ်

ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဥက္ကဋ္ဌ ဦးကောင်းမြတ်သည် ၄-၁၁-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကောင်းမြတ်
### ဥက္ကဋ္ဌ (ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်း)
### အသက်(၄၇)နှစ်

ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဥက္ကဋ္ဌ ဦးကောင်းမြတ်သည် ၄-၁၁-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း**

---

# အနိစ္စ

## ခရစ်တော်၌အိပ်ပျော်ခြင်း
# နော်ထောလာဖော
### (အလုပ်ရုံခွဲမှူး၊ BIO ဌာန)
### မြန်မာ့ဆေးဝါးစက်ရုံ၊ အင်းစိန်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ K.B.C လမ်းတို၊ အမှတ် ၂၅နေ (စောဘိုနီ-နော်ရှသ)တို့၏သမီး၊ (စောဘစိုး-နော်လှမေ)တို့၏သမီးချွေးမ၊ နော်ခူလဖော၏ညီမ၊ နော်လယ်ဖော၊(နော်မော်တာ)တို့၏အစ်မ၊ နော်စီပိုးရာ၊ နော်ထီးခူဖော၊ စောခရစ်စတိုဖာ၊ နော်မူကပေါ်၊ နော်စောဘလုတို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ စောဂျိုးဗီရယ်၏ချစ်လှစွာသောဇနီးသည် ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် (K.B.C)အင်းစိန်ကရင်နှစ်ခြင်းအသင်းတော်၊ (ယိုးဒယားဈေး)အနီး၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးသန်း
### (မငေး၊ ထိန်ကုန်း၊ အလယ်ရွာ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် ၁၀၊ မြေညီထပ်နေ (ဦးလှအောင်)-ဒေါ်ရီတို့၏သမီး၊(ဦးစိန်-ဒေါ်ကျင်မြိုင်)တို့၏ချွေးမ၊ (ဦးအောင်သန်း)၏ဇနီး၊(ဦးမြတ်စိုး-ဒေါ်တင်ရီ)၊ (ဦးတိုးမြင့်)-ဒေါ်အေးအေးသိန်း၊ (ဦးကြည်ဝင်း)၊ (ဦးတင်လှ)-ဒေါ်ဖြူဖြူအောင်၊ ဦးမောင်မောင်အောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်မ၊ ဦးဝင်းနိုင်ဦး - ဒေါ်ယဉ်ယဉ်နွယ်၊ (ဦးအောင်နိုင်ဦး)၊ ဦးညီညီဦး-ဒေါ်နီနီဇင်ဝင်း၊ ဒေါ်ခိုင်ခိုင်ဦးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည်၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

# ဦးကျော်ဝင်း (စစ်တွေ)
### ဦးစီးအရာရှိ
### နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန
### (စီးပွား/ကူးသန်း)
### အသက်(၅၇)နှစ်

စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်၊ ရွှေဘန်းလမ်း၊ အမှတ် ၄၄နေ(ဦးအောင်ကျော်ဇော) - ဒေါ်စောအေးသာတို့၏ ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊သဃ်ၤန်းကျွန်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁၉ (က)နေ ဦးစိန်လှထွန်း-ဒေါ်စောအေးခင်တို့၏တူမောင်၊ ဦးနေဝင်း-ဒေါ်မမိုးစိန်၊ ဒေါ်ခင်စောဝင်း-ဦးစောသာကျော်၊ ဒေါ်မတင်မေ၊ ဦးစောရွှေ-ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်မမြတင်၊ ဦးထွန်းဝင်းအောင်-ဒေါ်ဝေဝေထွန်း၊ မောင်အောင်ကျော်ထွန်းတို့၏အစ်ကို၊ တူ၊တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် သဃ်ၤန်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ရန်ကုန်သစ်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ရွှေကျောင်းကျောင်းသစ်ကျောင်းတိုက်(ဘက်ရဲမြို့)
# ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ
### သက်တော်(၅၅)နှစ်၊ သိက္ခာတော်(၃၅)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့ ရွှေကျောင်းကျောင်းသစ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တသုန္ဒရသည် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၄-၁၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ၁၀-၁၁-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တံတားဦးရပ်၊ ပုသိမ်-မုံရွာဆိုဒ်ဝင်း၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ အဏ္ဏဝါမိသားစု

တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေကန် ဒါယကာကြီး
# ဦးခင်ဇော်
### ပေါက်ခေါင်းမြို့၊ နဝရတ်တည်းခိုခန်း
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့၊ (၂)ရပ်ကွက်နေ (ဦးထွန်းရီ-ဒေါ်ရင်) ဆီစက်တို့၏ဒုတိယသား၊ (ဦးဝင်းရှိန်-ဒေါ်မြကျွေ)တို့၏သားသမက်၊ ဒေါ်နုနုဆွေ(ဒု-ညွှန်မှူး၊ ငြိမ်း၊ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသာပြည့်ကျော်-မခင်ပြည့်စုံ၊ ကိုဟိန်းထက်အောင်-ဒေါက်တာစုစုဇွန်တို့၏ချစ်လှစွာသောဖခင်၊ မောင်သန့်ထူးအောင်၊ မအေးချမ်းဦး၊ မသီရိဆုဝေတို့၏ဘိုးဘိုးကြီးသည် ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် သရက်တောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးဘိုးငွေ
### အသက်(၇၀)

တဆတ(၆)မှ ဗိုလ်မှူးကျော်ဇေယျ၏ဖခင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ဗိုလ်ကျော်ဇေယျရပ်ကွက်၊ (၁) လမ်းနေ ဦးဘိုးငွေသည် ၁-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တဆတ(၆)သင်တန်းဆင်းအရာရှိများ**

---

# ဦးချိုသာ
### Toyota Co., Ltd, Kobe, Japan
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၇၅/၁၇၉၊ အခန်း ၉နေ (ဦးအောင်ဖေ-ဒေါ်ငွေးကြွယ်)တို့၏သား၊ ဒေါ်ယုယုခင်၏ခင်ပွန်း၊ မောင်ဝင့်ထက်သာနှင့် မယုယမုံသာတို့၏ဖခင်၊ ဒေါ်တင်နွဲ့၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်အုံး၊ ဒေါ်ဇေယျာသီဂီတို့၏မောင်၊ ဒေါ်စန်းစန်းအေး၏အစ်ကိုသည် ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဦးသက်ညီညီဇော် (B.Sc, Chemistry)
### H.R.Manager, YKKO Group of Companies Limited
### အထက(၁)လသာကျောင်းသားဟောင်း
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်း၊ အမှတ် ၁၀၂၊ ပထမထပ်နေ ဦးခင်ဇော်-(ဒေါ်သန်းသန်းမြင့်)တို့၏သား၊ (ဦးသိန်းအောင်)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဦးတင်မောင်မောင်ဇော်-Wendy(ခေတ္တ-USA)၊ ဒေါက်တာအေးမြမြဇော်-ဦးအောင်လှိုင်မော်(ခေတ္တ-USA)တို့၏ညီ/မောင်၊ ဒေါ်သက်နိုင်ဦး (သက်သက်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဗလဇော်၊ မောင်ဖွဲ့သီဟဇော်တို့၏ဖခင်သည် ၅-၁၁-၂၀၁၇ရက် ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

# ဦးခင်မောင်လင်း(ခ)
# မွန်ကြီး
### အသက်(၄၈)နှစ်

မွန်ပြည်နယ်၊ပေါင်မြို့နယ်၊နတ်ကြီးချောင်းကျေးရွာနေ ဦးတင်လင်း-ဒေါ်လှရွှေတို့၏သား၊ (ဦးလှမောင်-ဒေါ်အေးရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၉၆၊ မြေညီထပ်နေ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး မင်းလှငွေ(ငြိမ်း)၏ ညီ၊ မဖြူဖြူဝင်း၊ မောင်နေလင်း-မခင်ချိုလင်း၊ နေနိုင်လင်း၊ မောင်သန်းငြိမ်း-မစိုးမေစံတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီးသည် ၆-၁၁-၂၀၁၇ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

# ဦးစိုးသိန်း
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ဈော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ မြကန်သာလမ်း၊ အမှတ် ၈၄နေ ဦးအောင်သိန်း (MEPE ရေအားလျှပ်စစ်၊ ငြိမ်း)-(ဒေါ်လှမြင့်)တို့၏သား၊ ဦးမိုးဟိန်း၊ ဒေါ်သစ်ပန်းတို့၏ညီ/မောင်သည်၅-၁၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ စတုတ္ထအကြိမ် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်း အစည်းအဝေး
# ရေအရင်းအမြစ် ဘက်စုံ စီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ စတုတ္ထအကြိမ် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၆**
အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ စတုတ္ထအကြိမ် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ကျင်းပသည့် ကော်မတီ၏ စတုတ္ထအကြိမ် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ယခင်အစည်းအဝေးများနည်းတူ ရေနှင့်ဆက်နွှယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ❄

## ရိုက်သိမ်းလိုက်တဲ့ စပါးတွေ ဘယ်လောက်ရတယ်ဆိုတာ စနစ်တကျ ကိန်းဂဏန်းနဲ့ နိုင်ငံတော်က စီမံခန့်ခွဲနိုင်အောင် တင်ပြမှာပါ

စာ » ၉

## ရဲတပ်ဖွဲ့ဝင် လေးဦးအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်သို့ ကန့်ကွက်စာ ပေးပို့

စာ » ၁၁

## တက္ကဆက်ရှိ ဘုရားရှိခိုးကျောင်း တစ်ခု၌ သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ၂၆ ဦး သေဆုံး

စာ » ၁၄


မြန်မာအသင်းနှင့် အိန္ဒိယအသင်း ပထမအကျော့တွေ့ဆုံခဲ့စဉ် ဓာတ်ပုံ-စိုးညွန့်

## အာရှဖလား ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၆**
မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ် ၅ ယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ရမည့် အိန္ဒိယအသင်းနှင့် အဝေးကွင်းပွဲအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဂတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ**-ဦးမြင့်ကိုနှင့် ပိုပေါ့စကီး၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုးသမား-သီဟစည်သူ (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ **နောက်တန်း**-ကျော်ဇင်လွင် (မကွေး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ သီဟထက်အောင်(ရန်ကုန်)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ဝင်းမင်းထွဋ်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ **အလယ်တန်း**-စည်သူအောင်၊ လှိုင်းဘိုဘို (ရတနာပုံ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်၊ ဇင်မင်းထွန်း (ရှမ်းယူနိုက်တက်)၊ ရန်အောင်ကျော်၊ ကြည်လင်း (ရန်ကုန်)၊ သက်နိုင် (ရတနာပုံ)၊ **ရှေ့တန်း**-အောင်သူ(ရတနာပုံ)၊ သန်းပိုင်၊ ကျော်ကိုကို (ရန်ကုန်) တို့ပါဝင်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ●

## မောင်တောမြို့နယ် ကျောက်ပန္နူနှင့် သဘော်ကွေ့ ကျေးရွာများ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် လိုဏ်ဂူများ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူနှင့် သဘော်ကွေ့ကျေးရွာတို့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများပြုလုပ်ထားသည့် လိုဏ်ဂူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင်

*စာမျက်နှာ ၁၁ ကော်လံ ၅* ❖





KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017